* ဂျူး - နိုဝင်ဘာမိုး



# စာရိုက်တင်သူ၏ ရင်တွင်းစကား

ကျွန်တော် ဒီစာအုပ်လေးကို ရိုက်တင်ဖို့ စိတ်ကူးရှိခဲ့တာ တော်တော်ကြာပါပြီ။ စိတ်ကူးရခါစက ရိုက်တင်ဖို့အတွက် စာအုပ်လိုက်ရှာတဲ့အခါမှာ ရှာမတွေ့ဖြစ်ခဲ့ရတယ်။ တွေ့မယ့်တွေ့တော့လည်း ပြုံးစားကြီးဆိုသလိုပဲ စာအုပ်အငှားဆိုင်တစ်ဆိုင်မှာ သွားတွေ့ခဲ့တယ်။ အဲ့ကနေ စာအုပ်ရိုက်တင်ဖို့ ဆိုတဲ့ အိပ်မက်ကြီး အကောင်အထည် ပေါ်လာတယ်လို့ ဆိုရမယ်။

ကျနော့ရဲ့ Favourite စာရေးဆရာတွေထဲမှာ ဆရာမ ဂျူး က ထူးထူးခြားခြားသော တစ်ဦးတည်း အမျိုးသမီး စာရေးဆရာ ဖြစ်ပါတယ်။ ဆရာမ ဂျူးစာအုပ်တွေဆို စထွက်ကတည်းက ယခုအချိန်ထိအောင် ကြုံတိုင်းဖတ်၊ တွေ့တိုင်းဖတ်နဲ့ အကြိမ်ပေါင်း မြောက်မြားစွာ ပြန်ဖတ်ပြီးခဲ့ပေမယ့် ကျွန်တော့်အတွက်တော့ ဟောင်းနွမ်းမသွားတဲ့ စာအုပ်တွေပါပဲ။ ထို့အပြင် တစ်ခေါက်ပြီးတစ်ခေါက်မှာ မတူညီသော အမြင်တွေ၊ မသိခဲ့ရသော တွေးခေါ်မှု အသစ်အဆန်းတွေ ရရှိခဲ့ပါတယ်။

ယခု နိုဝင်ဘာမိုးစာအုပ်ကတော့ အကြိုက်ဆုံး စာအုပ်လေးတစ်အုပ် ဖြစ်ခဲ့ပါတယ်။ အကြောင်းရင်းကတော့ ကျွန်တော်ကိုယ်တိုင်ကိုက Music ကို ရူးသွပ်စွာ နှစ်သက်သူမို့ပါ။ Can't Live Without Music လို့တောင် ဆိုရမလိုပါပဲ။ ဒီစာအုပ်ထဲမှာ ပါဝင်တဲ့ သီချင်းတော်တော်များများဟာလည်း ကျွန်တော် နှစ်သက်စွာ အမြဲနားထောင်တတ်တဲ့ သီချင်းတွေ ဖြစ်ပါတယ်။ ဒီ စာအုပ်ရဲ့ ခေါင်းစဉ်နံမည် ဖြစ်တဲ့ နိုဝင်ဘာမိုးဆိုတာကလည်း ကျွန်တော် အင်မတန်ကြိုက်ခဲ့ရတဲ့ November Rain MTV ကို ဘာသာပြန်ဆို ရေးထားတာမို့ အကြိုက်တူတယ်လို့တောင် ဆိုရမလိုပါပဲ။ သီချင်းကို ရူးနမ်းတဲ့ လူတစ်ယောက်အတွက် သူအကြိုက်ဆုံး သီချင်းတစ်ပုဒ်ကို သူ နှစ်သက်လေးစားရတဲ့ စာရေးဆရာမ တစ်ယောက်က ရေးသားထားခဲ့ချိန်မှာတော့

- ဂျူး - နိုဝင်ဘာမိုး

ဒီစာအုပ်ကို အွန်လိုင်း E-book Library မှာ ရှိစေချင်တဲ့ ကျွန်တော့်ဆန္ဒတွေဟာ မလွန်လောက်ဘူး ထင်ပါရဲ့။

ဒီစာအုပ်လေးဟာ တိုက်ဆိုင်စွာပဲ ကျွန်တော့်မွေးနေ့ မတိုင်ခင် ခြောက်ရက်အလိုမှာ ရခဲ့ပါတယ်။ ဒါကြောင့် တစ်သက်မှာတစ်ခါ အမှတ်တရဖြစ်စေလိုတဲ့ ခံစားချက်များဖြင့် လေးရက်နဲ့အပြီးရိုက်တင်ပြီး မွေးနေ့မှာ အများသူငှာ ဖတ်ရှုနိုင်အောင် အပူတပြင်း ပြင်ဆင်ခဲ့ရပါတယ်။ ထို့အတွက် စာအုပ်ရှာပေးသူ ဖြူစင်ဦးနှင့် ပုံ့ပုံ့ တို့ ညီအစ်မ၊ စာအုပ်အတွက် ပြင်ဆင်ပေးခဲ့သော ကိုဟိဏ်းဇော်အောင် နှင့်တကွ www.mmteashop.com မှ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

သီချင်းများကို ရှုးသွပ်စာ အားပေးသူများသို့၊ စာရေးဆရာမ ဂျူး ကို ရူးသွပ်စွာ ဖတ်ရှုတတ်သူများသို့၊ ယခုစာအုပ်ကို ဖတ်ရှုမိသူများသို့ ရည်ရွယ်ပြီး ခုလို မွေးနေ့အမှတ်တရ အဖြစ် ရိုက်တင်ခဲ့တဲ့ 'နိုဝင်ဘာမိုး' စာအုပ်ကို ဖတ်ရှုကြရင်း တစ်စုံတစ်ခုများ ရယူနိုင်ခဲ့တယ်ဆိုရင် စာရိုက်တင်သူ၏ ဆန္ဒ ပြည့်ဝနိုင်မယ်လို့ မျှော်လင့်မိပါတယ်...

မောင်ရေခဲ

http://mmteashop.com

## ကျေးဇူးတင်လွှာ

'နိဝင်ဘာမိုး' စာအုပ် ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြသော အောက်ပါ ပုဂ္ဂိုလ်များအား အထူး ကျေးဇူးတင်ရှိပါသည်။

- ပိုပို - မျက်နှာဖုံး ဒီဇိုင်း
- အောင်ကျော်မြင့် - အတွင်းဓာတ်ပုံဒီဇိုင်းနှင့် Lay Out
- ခွန်မျိုး - အတွင်းစာစီ
- သုခမိန်လှိုင်၊ ယံယံ - ( Tina Arena, The Corrs, Enya, Savage Garden, Michael Learns to Rock, Jennifer Lopez, Billie Myers နှင့် Blackmore's Night တို့၏ ဓာတ်ပုံများအတွက်)
- ကိုအေးဝင်း ( Le Ann Rimes နှင့် Shina Twain တို့၏ ဓာတ်ပုံများအတွက်)

အထူးအားဖြင့် ဂီတခံစားမှုဆောင်းပါးများ ရေးရန် တိုက်တွန်း အားပေးခဲ့ပြီး စိတ်ရှည်စွာ လစဉ် ဖော်ပြပေးခဲ့သော English For All မဂ္ဂဇင်းအား ကျေးဇူးတင်ရှိပါသည်။

- ဂျူး - နိုဝင်ဘာမိုး

ပထမအကြိမ်၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ
စာမူခွင့်ပြုချက်အမှတ် - ၆၁/၂၀၀၁(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀/၂၀၀၁(၅)

တန်ဖိုး - ၅၀၀ ကျပ်
အုပ်ရေ - ၇၀၀ အုပ်
အဖုံးဒီဇိုင်း - ပိုပို
ကွန်ပျူတာစာစီ - ခွန်မျိုး
အတွင်းဖလင် - Perfect

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ၊ ရွှေနံ့သာကျေးရွာ
ပုလဲမြို့သစ်(၃)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း၊ နေလရောင် အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးလှသိန်း၊ လှသိန်းဦး ပုံနှိပ်တိုက်
အမှတ် ၁၂၊ ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ကိုမြင့်
စာရိုက်တင်သူ - မောင်ရေခဲ(mmteashop)

# မာတိကာ

၁။ အောင်နိုင်ခြင်းမီးလျှံ
Blaze of Glory ( Jon Bon Jovi )
၂။ ကောင်းကင်တမန်
Angel ( Aerosmith )
၃။ မစ်စစ်စီပီ
Mississippi ( Pussycat )
၄။ ကာဆာဗလန်ကာ
Casablanca ( Bertie Higgins )
၅။ မြစ်စီးဆင်းရာ
Where The River Flows ( Scorpions )
၆။ ကိုယ့်နှလုံးသားက ထာဝရရှင်သန်နေမှာပါ
My Heart Will Go On ( Celine Dion )
၇။ ခုချိန်ထိ မင်းတစ်ယောက်သာ
You're Still The One ( Shiania Twain )
၈။ ပြိုကွဲခဲ့ပြီ
Torn ( Natalie Imbruglia )
၉။ မိုးကိုနမ်းပါ
Kiss The Rain ( Billy Myers )
၁၀။ အိပ်ပျော်နေတဲ့ ကလေးလေး
Sleeping Child ( Michael Learns to Rock )
၁၁။ ဘယ်လိုများနေရပါ့မယ်
How Do I Live ( Le Ann Rimes)
၁၂။ နောက်ထပ်ချစ်ခွင့်
To Love You More ( Celine Dion)

၁၃။ နိုဝင်ဘာမိုး

November Rain ( Gun 'N' Roses)

၁၄။ ဆန်နီ အိမ်ပြန်ရောက်ခဲ့ပြီ

Sunny Came Home ( Shawn Calvin)

၁၅။ ကိုယ့်ကို ခွင့်လွှတ်ပါ

Please Forgive Me ( Bryan Adams)

၁၆။ အစစ်အမှန်၊ အရူးအမူး၊ နက်နက်ရှိုင်းရှိုင်း

Truly Madly Deeply ( Savage Garden)

၁၇။ ကိုယ့်ဘဝရဲ့အချစ်

Love of My Life ( Freddie Mercury)

၁၈။ အနီရောင်ဝတ်စုံနဲ့ အမျိုးသမီး

The Lady In Red ( Chris de Burgh )

၁၉။ ဒီနေ့ည မင်းသိပ်လှနေတယ်

Wonderful Tonight ( Eric Clapton )

၂၀။ အိုရီနိုကို ရေစီးအလျင်

Orinoco Flow ( Enya)

၂၁။ အမှတ်တရနေ့

Rememberance Day ( Bryan Adams )

၂၂။ လက်ဆောင်

The Gift ( Collin Raye & Susan Ashton )

၂၃။ ဒီညကို စောင့်လိုက်ရတာ

Waiting For Tonight ( Jennifer Lopez )

၂၄။ အချစ်ဆိုတာ ဘာလဲသိချင်လိုက်တာ

I Want To Know What Love Is ( Tina Arena )

၂၅။ နေရောင်အောက်က အသက်ရှုသံများ

Season In The Sun ( Westlife)

၂၆။ နာရီသံတစ်ချက်

The Clock Ticks On ( Blackmore’s Night)

၂၇။ အိပ်ပျော်နေမှသာ

Only When I Sleep ( The Corrs)

- ဂျူး - နိုဝင်ဘာမိုး



**BLAZE OF GLORY**

Jon Von Jovi

I wake up in the morning and I raise my weary head.
I've got an old coat for a pillow
and the earth was last night's bed.
I don't know where I'm going
Only God knows where I've been.
I'm a devil on the run, a six gun lover.
A candle in the wind.

When you're brought into this world,
They say you're born in sin.
Well at least they gave me something
I didn't have to steal or have to win.
Well they tell me that I'm wanted.
Yeah, I'm a wanted man.
I'm colt in your stable. I'm what Cain was to Abel.
Mister catch me if you can.
I'm going down in a blaze of glory.
Take me now but know the truth.
I'm going down in a blaze of glory.
Lord! I never drew first but I drew first blood.
I'm no one's son.Call me young gun.

You ask about my consience and I offer you my soul.

- ဂျူး - နိုဝင်ဘာမိုး

You ask If I'll grow to be a wise man, Well, I ask if I'll grow old.
You ask me if I known love and
what it's like to sing songs in the rain.
Well,I've seen love come and I've seen it shot down.
I've seen it die in vain.

Shot down in a blaze of glory.
Take me now but know the truth.
'Cause I'm going down in a blaze of glory.
Lord! I never drew first but I drew first blood.
I'm the devil's son. Call me young gun.

Each night I go to bed, I pray the Lord my soul to keep.
No I ain't looking for forgiveness.
But before I'm six foot deep, Lord, I got to ask a favor.
And I'll hope you'll understand.
'Cause I've lived life to the fullest.
Let the boy die like a man staring down the bullet.
Let me make my final stand.

Shot down in a blaze of glory.
Take me now but know the truth.
I'm going out in a blaze of glory.
Lord! I never drew first but I drew first blood.

and I'm no one's son.
Call me young gun.
I'm a young gun.

**အောင်နိုင်ခြင်း မီးလျှံ**
ဂျွန်ဘွန်ဂျိုဗီ

နွမ်းနယ်နေတဲ့ ဦးခေါင်းကိုထူရင်း ကျွန်တော်မနက်အိပ်ရာက နိုးလာခဲ့ပြီ
ကုတ်အင်္ကျီဟောင်းတစ်ထည်ဟာ ကျွန်တော့်အတွက် ခေါင်းအုံးပဲ
မြေကြီးကတော့ အိပ်ရာပေါ့။

ကျွန်တော်ဘယ်ဆီကိုသွားနေတယ်လို့ ကိုယ်တိုင်မသိ
ကျွန်တော် ဘယ်နေရာ ရောက်နေတယ်ဆိုတာလည်း ဘုရားသခင်မှပဲ သိမှာပါ
ကျွန်တော်ဟာ မရပ်မနားပြေးနေခဲ့ရတဲ့ ဒုက္ခခရီးသည်
ပြီးတော့ ခြောက်လုံးပူးသေနတ်ကို ချစ်သူ
ပြောရရင်တော့ ကျွန်တော်ဟာ လေပြင်းထဲမှာ တောက်လောင်နေတဲ့
ဖယောင်းတိုင် တစ်တိုင်ပါပဲ။
လူတစ်ယောက်ကို လောကကြီးထဲ ခေါ်လာပြီဆိုတာနဲ့
ဒီလူဟာ အပြစ်တွေနဲ့ မွေးဖွားလာတာလို့ သူတို့ကပြောကြတယ်။
ထားပါတော့ ... အနည်းဆုံးပေါ့လေ၊
သူတို့ ကျွန်တော့်ကို တိုက်ခိုက်ယူစရာလည်း မလို ခိုးဝှက်ယူစရာလည်း မလိုတဲ့
တစ်စုံတစ်ခုကိုတော့ ပေးအပ်ခဲ့ပါတယ်။ သူတို့က ကျွန်တော့်ကို
'အလိုရှိသည်' လို့ ကြေညာကြတယ်။
ဟုတ်တယ်၊ ကျွန်တော်က သူတို့ရဲ့ 'ဝရမ်းပြေး' ပဲ။

ပြောရရင်တော့ ကျွန်တော်ဟာ ခင်ဗျားရဲ့ မြင်းဇောင်းထဲက
အရိုင်းသက်သက် မြင်းကလေးတစ်ကောင်ပါ။
'အေဘယ်လ်' လိုလူတစ်ယောက်အတွက်တော့ ကျွန်တော်ဟာ 'ကိန်း' ပဲပေါ့။
ခင်ဗျား ကျုပ်ကို မိအောင်ဖမ်းနိုင်ရင် ဖမ်းလိုက်စမ်း၊
ကျွန်တော် အခုအောင်နိုင်ခြင်းမီးလျှံထဲကနေ လာနေပြီ။
အခု ကျုပ်ကို ဖမ်းလိုက်လေ။ ဒါပေမဲ့ အမှန်တစ်ခုကိုတော့ သိထားလိုက်စမ်းပါ။
ကျုပ်ဟာ ဘယ်တုန်းကမှ သေနတ်ကို အဦးဆုံးဆွဲထုတ်ခဲ့တဲ့ကောင်မဟုတ်ဘူး၊
ဒါပေမဲ့ ပြိုင်ဘက်ကို အဦးဆုံးသွေးစွန်းစေခဲ့တဲ့ ကောင်နော။
ကျွန်တော်ဟာ ဘယ်သူ့ရဲ့သားမှ မဟုတ်ဘူး၊
ကျွန်တော့်ကို သေနတ်လေးလို့ ခေါ်နိုင်တယ်။

ခင်ဗျားက ကျွန်တော့်ကို ကျွန်တော့်အသိစိတ်အကြောင်း မေးတယ်၊
ကျွန်တော်က ကျွန်တော့်ဝိညာဉ်ကို ခင်ဗျားဆီ ကမ်းလှမ်းပါတယ်။
ခင်ဗျားက ကျွန်တော့်ကို 'ပညာရှိတစ်ယောက်အဖြစ် ကြီးပြင်းရင့်ကျက်လာ မှာလား'
လို့ မေးတယ်၊ ကျွန်တော်က 'အိုမင်းရင့်ကျက်တဲ့အထိ ကျွန်တော်အသက်ရှင်နေမှာလား'
လို့ ပြန်မေးရမှာပဲ။

'အချစ်ကို သိခဲ့ပြီလား၊ မိုးရေထဲမှာ သီချင်းတွေဆိုရတာ ဘယ်လိုနေမလဲ' လို့
ခင်ဗျားက မေးတယ်။ ချစ်ခြင်းမေတ္တာရောက်လာတာကို
ကျွန်တော် မြင်ဖူးတယ်၊ အဲဒီ ချစ်ခြင်းမေတ္တာ ပစ်ချခံလိုက်ရတာကို မြင်ဖူးတယ်။
အချည်းနှီးအလဟဿ ကျဆုံးသွားရတာကိုလည်း ကျွန်တော်မြင်ဖူးပါတယ်။

အောင်နိုင်ခြင်းမီးလျှံထဲမှာ ပစ်သတ်ပြီး ကျုပ်ကို ရအောင်
ယူနိုင်ရင် ယူလိုက်ပေါ့၊ ဒါပေမဲ့ အမှန်တစ်ခုကိုတော့ သိထားလိုက်စမ်းပါ။
ကျုပ်ဟာ ဘယ်တုန်းကမှ သေနတ်ကို အဦးဆုံးဆွဲထုတ်ခဲ့တဲ့ကောင်မဟုတ်ဘူး၊

- ဂျူး - နိုဝင်ဘာမိုး

ဒါပေမဲ့ ပြိုင်ဘက်ကို အဦးဆုံးသွေးစွန်းစေခဲ့တဲ့ ကောင်နော။
ကျွန်တော်ဟာ ဘယ်သူရဲ့သားမှ မဟုတ်ဘူး၊
ကျွန်တော့်ကို သေနတ်လေးလို့ ခေါ်နိုင်တယ်။

ညစဉ် ကျွန်တော်အိပ်ရာဝင်တိုင်း ဘုရားသခင်ဆီမှာ ဆုတောင်းတာကတော့
ကျွန်တော့ဝိညာဉ်ကို ထိန်းသိမ်းပေးဖို့ပါ၊ ဒါပေမဲ့ ခွင့်လွှတ်မှုကိုတော့
တောင်းဆိုလိမ့်မယ် မဟုတ်ပါဘူး။
ခြောက်ပေအနက်မြေထုထဲ မရောက်ခင်တော့ ကျွန်တော့်ကို
အခွင့်တစ်ခုပေးပါ ဘုရားသခင်၊
အရှင် နားလည်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်၊
ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ ဘဝမှာ အပြည့်ဝဆုံး
အသက်ရှင်ခဲ့ပြီးပြီမဟုတ်လား၊ ဒီသူငယ်လေးကို
ယောကျ်ားတစ်ယောက်လို သေဆုံးခွင့်ပေးပါ၊
အသက်ဇီဝိန်ကို ချွေထုတ်ဖို့ သေနတ်ပြောင်းဝက ခုန်ထွက်လာတဲ့
သေမင်းတမန်ကျည်ဆန်ကို ရဲရဲစိုက်ကြည့်ရင်း
ကျွန်တော့်ရဲ့ နောက်ဆုံးမတ်မတ်ရပ်ခြင်းကို အခွင့်ပေးပါ။

အောင်နိုင်ခြင်းမီးလျှံထဲမှာ ပစ်သတ်ပြီး
ကျွန်တော့်ကို အခုပဲ ရအောင်ယူနိုင်ရင် ယူလိုက်ပေါ့၊
ကျွန်တော် အောင်နိုင်ခြင်းမီးလျှံထဲကနေ လာနေပြီ။

ဘုရားသခင်... ! ကျွန်တော်ဟာ ဘယ်တုန်းကမှ
သေနတ်ကို ပြိုင်ဘက်ထက် အရင်ဆွဲထုတ်ခဲ့တဲ့ကောင် မဟုတ်ပါ၊
ဒါပေမဲ့ ပြိုင်ဘက်ကိုတော့ အဦးဆုံးသွေးစွန်းစေခဲ့သူပေါ့။

- ဂျူး - နိုဝင်ဘာမိုး

ကျွန်တော်ဟာ ဘယ်သူ့သားမှမဟုတ်၊
ကျွန်တော့ကို 'သေနတ်လေး' လို့ ခေါ်နိုင်ပါတယ်။

***

ဒီသီချင်းဟာ ဘွန်ဂျိုဗီအဖွဲ့ရဲ့ နာမည်အကြီးဆုံး သီချင်းတွေထဲက တစ်ပုဒ်ပါ။ သီဆိုတဲ့သူက ဘွန်ဂျိုဗီအဖွဲ့ရဲ့ ပင်တိုင်အဆိုတော် ဂျွန်ဘွန်ဂျိုဗီပါပဲ။ သူ့သီချင်းတွေ တော်တော်များများကို ကိုယ်တိုင်ရေးခဲ့ပါတယ်။ တချို့သီချင်းတွေကိုတော့ သူ့ရဲ့ပင်တိုင် လိ(ဒ်) ဂစ်တာသမား ရစ်ချီဆမ်ဘိုရာနဲ့ တွဲပြီး ရေးခဲ့တယ်။

အခု 'Blaze of Glory' သီချင်းဟာ သံစဉ်၊ စာသား၊ ဂီတ ဖွဲ့စည်းမှု အလွန်ကောင်းတဲ့ သီချင်းပါပဲ။ ဒီသီချင်းရဲ့ကော်ပီကို သီချင်းရေးဆရာ မင်းချစ်သူက 'ကန္တာရခရီးသည်' ဆိုတဲ့ နာမည်နဲ့ ရေးခဲ့ပြီးတော့ ဇော်ဝင်းထွဋ်က ဆိုခဲ့ဖူးပါတယ်။ အဲ့ဒီကော်ပီကလည်း ဇော်ဝင်းထွဋ်ရဲ့ နာမည်အကြီးဆုံး သီချင်းတွေထဲမှာ တစ်ပုဒ်အဖြစ် ပါဝင်ခဲ့တယ်လို့ ပြောရမယ်။

ဂျွန်ဘိုဂျိုဗီရဲ့ 'Blaze of Glory' အကြောင်းပြောရင် Young Guns ရုပ်ရှင်အကြောင်းပါ တွဲပါလာတတ်ပါတယ်။ ဂျွန်ဘွန်ဂျိုဗီဟာ အဲဒီသီချင်းကို Young Guns II ရုပ်ရှင်ဇာတ်ကားရဲ့ ဇာတ်သိမ်းသီချင်းအဖြစ် အသုံးပြုခွင့်ပေးခဲ့တယ်။ Young Guns ရုပ်ရှင်တွေကို လူငယ်တော်တော်များများ သိကြတယ်။ ကောင်းဘွိုင်ကားတွေထဲမှာ အလွန် နာမည်ကြီးတာကိုး။ ပါဝင်ခဲ့တဲ့ ဇာတ်လိုက်တွေကလည်း လူငယ်လေးတွေပေါ့။ အဓိက သရုပ်ဆောင်က Emilio Estavez ပါ။ အရုပ် ခပ်ပျပ်ပျပ်၊ ခပ်သွက်သွက်၊ ဒါပေမဲ့ လောကကို တအံ့တသြ အခုမှလေ့လာနေရတဲ့မျက်လုံးမျိုးနဲ့ ရိုးသားပြီး ချစ်စရာကောင်းတဲ့ အသွင်မျိုးရှိတဲ့ အဲဒီချာတိတ်ဟာ သူကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရုပ်ရှင်လောကကို စိန်ခေါ်နိုင်နေပါပြီ။ သူက Young Guns ရုပ်ရှင်တွေမှာ အမေရိကန် ကောင်းဘွိုင်သေနတ်သမား Billy အဖြစ် သရုပ်ဆောင်ခဲ့တယ်။ သူနဲ့အတူ

သရုပ်ဆောင်ခဲ့တဲ့ လူငယ်တွေကတော့ လူးဒီယာ မွန်ဖီးလစ်၊ ကီဖာဆပ်သာလန်၊ ခရစ်ရှန်ဆလေတာ တို့ပါပဲ။

Young Guns ရုပ်ရှင်အကြောင်း ပြောရင်လည်း အမေရိကန် အနောက်ပိုင်း နယ်တွေမှာ အင်မတန်နာမည်ကြီးခဲ့တဲ့ Billy The Kid ဆိုတဲ့ သေနတ်သမားကြီး အကြောင်းကိုပါ ထည့်ပြောရမှာပဲ။ Billy The Kid ဟာ အခုအချိန်မှာ ဒဏ္ဍာရီပုံပြင် သဖွယ်ဖြစ်လာပြီး အမေရိကန် မြင်းစီးသမားကောင်းဘွိုင် တွေရဲ့ အာရုံထဲမှာ စွဲကျန် နေအောင် တစ်ချိန်တုန်းက နာမည်ကြီးခဲ့တဲ့ တကယ့် လူသားတစ်ယောက် ဖြစ်ပါတယ်။ သေနတ်ပစ်တဲ့နေရာမှာ လက်လည်းဖြောင့်တယ်၊ သွက်လည်းသွက် မြန်လည်း မြန်တယ်။ ဘီလီနဲ့တွေ့ရင် အဲဒီသေနတ်သမားဟာ နောက်ကျသွားတာချည်းပါပဲ။

ဘွန်ဂျိုဗီအဖွဲ့ဟာ Young Guns ရုပ်ရှင်အတွက် အာရုံဝင်စားပြီး သီချင်းတွေ တော်တော်ရေးခဲ့တယ်။ အဲဒီအထဲမှာ 'Billy Get Your Guns' ဆိုတဲ့ သီချင်းလည်း ပါတယ်။ Blaze of Glory ကတော့ ဘွန်ဂျိုဗီအဖွဲ့ရဲ့ စတိတ်ရှိုးတိုင်းမှာ မပါလို့မဖြစ်တဲ့ အအောင်မြင်ဆုံး သီချင်းတစ်ပုဒ်ပေါ့။

သီချင်းရဲ့ အဓိပ္ပာယ်ကို မသိဘဲလည်း Blaze of Glory သီချင်းဟာ နားထောင်လို့ သိပ်ကောင်းနေတာပါပဲ။ သံ့ဂီတက ပြောစရာမလိုအောင် ပြည့်စုံလှပတာကိုး။ ဒါပေမဲ့ အဓိပ္ပာယ်ကိုသိပြီးရင် နားထောင်ရတာ ပိုပြီး အရသာရှိလာမှာ သေချာပါတယ်။

အာရုံထဲမှာ မီတွယ်ရာမဲ့ သေနတ်သမားလေးတစ်ယောက်ရဲ့ လှုပ်ရှားမှုတွေကို မြင်ယောင်လာလိမ့်မယ်။ မြင်းကို ဒုန်းစိုင်းစီးရင်း ပြေးလွှားနေတဲ့ မြင်းပေါ်မှာ ကိုယ်ကို တစ်ပတ်လှည့်စောင်းပြီး နောက်ကလိုက်လာတဲ့ ရန်သူတွေကို သေနတ်နဲ့ ပစ်ခတ် ခုခံရတဲ့ မြင်ကွင်းတွေ မြင်းခွာအောက်မှာ ဖုန်တထောင်းထောင်း ကျန်ရစ်ခဲ့တဲ့ တောင်ဆင်းလမ်း တောင်တက်လမ်း မြေနီတွေ၊ လွင်ပြင်တွေ၊ သေနတ်ဒဏ်ရာနဲ့ အတုံးအရုံးလဲကျသွားတဲ့ လူဆိုးလူမိုက်တွေ၊ အော်ဟစ် ပြေးလွှားသံတွေ၊ ကျောက်ဆောင်နံရံနဲ့ တွေ့ပြီး

ပြန်ကန်ထွက်လာတဲ့ ကျည်ဆန်တွေ ... ဒါတွေကို မြင်ယောင်ကြားယောင်လာလိမ့်မယ်။ အောင်နိုင်မှုရဲ့ အရသာဟာ မီးလျှံဆိုတာ ထိသူကို ပူပြင်း လောင်ကျွမ်းစေတယ် မဟုတ်လား။

လူတစ်ယောက်ဟာ လောကအလယ်မှာ အောင်နိုင်ဖို့ သူ့ဘက်က ပေးဆပ်ရတဲ့ တစ်ဘဝစာ ရုန်းကန်ကြိုးစားမှုတွေ လိုအပ်တယ်။ အသိဉာဏ်၊ သတိ၊ လျင်မြန်မှု၊ သွက်လက်မှု၊ ခွန်အား၊ နောက်ပြီးတော့ အောင်နိုင်ရဲတဲ့သတ္တိ .... အဲ့ဒါတွေ လိုတာပေါ့။ အောင်နိုင်ရဲတဲ့သူဟာ သေမင်းကို ရင်ဆိုင်တဲ့အချိန်မှာလည်း ရဲရဲရင်ဆိုင်ရလိမ့်မယ်။

ဂျွန်ဘွန်ဂျိုဗီပေးချင်တဲ့ Blaze of Glory ဟာ အဲဒါပဲပေါ့။

- ဂျူး - နိုဝင်ဘာမိုး



**ANGEL**

Aerosmith

I’m alone
Yeah, I don't know if I can face the night.
I'm in tears
and the crying that I do is for you
I want your love. Let's break the walls between us
Don't make it tough. I'll put away my prides.
Enough's enough. I've suffered and I've seen the light.

I'm alone
Yeah, I don't know if I can face the night
I'm in tears and the cryin' that I do is for you
I want your love - Let's break the walls between us
Don't make it tough - I'll put away my pride
Enough's enough I've suffered and I've seen the light

You're my angel.Come and save me tonight.
You're my angel.Come and make it all right.
You're my angel. Come and save me tonight.

Don't know what I'm gonna do about this feeling inside.
Yes, it's true loneliness took me for a ride.

- ဂျူး - နိုဝင်ဘာမိုး

Without your love, I'm nothing but a begger.

What can I do?
I'm sleeping in this bed alone.

You're the reason I live.
You're the reason I die.
You're the reason I give when I break down and cry
Don't need no reason why
Baby, baby, baby ...

***

**ကောင်းကင်တမန်**
အဲရိုးစမစ်(သ်)

ငါတစ်ယောက်တည်း
ညကို ရင်ဆိုင်နိုင်ပါ့မလားလို့ ကိုယ်မသိ၊
မျက်ရည်တွေနဲ့
ငါငိုနေရတာ မင်းအတွက်ပါပဲ၊
မင်းအချစ်ကို လိုအပ်လို့
တို့နှစ်ယောက်ကြားက တံတိုင်းကြီးကို ဖြိုခွဲလိုက်ကြရအောင်ပါ။
ခက်ခဲအောင် မလုပ်လိုက်ပါနဲ့ အချစ်ရယ်၊
ငါ့မာနတွေအားလုံး စွန့်ပယ်ပစ်လိုက်တော့မှာပါ။
ငါခံစားနာကျင်ခဲ့ရ ပြီးပြီမို့ လုံလောက်ပါပြီကွယ်၊
အလင်းရောင်ကို ငါမြင်ခဲ့ပါပြီ။

- ဂျူး - နိုဝင်ဘာမိုး

မင်းဟာ ကိုယ့်ရဲ့ ကောင်းကင်တမန်တော်လေးပေါ့၊
ဒီည ငါ့ကိုလာကယ်လှည့်ပါ။
မင်းဟာ ကိုယ့်ရဲ့ ကောင်းကင်တမန်တော်လေးပေါ့၊
အဆင်ပြေအောင် ဖန်တီးပေးလှည့်ပါ။
မင်းဟာ ကိုယ့်ရဲ့ ကောင်းကင်တမန်တော်လေးပေါ့၊
ဒီည ငါ့ကို လာကယ်လှည့်ပါ။

အတွင်းမှာ တမြည့်မြည့်လှိုက်စားနေတဲ့ အဲဒီခံစားချက်နဲ့ ပတ်သက်ပြီး
ငါ ဘာလုပ်ရမယ်ဆိုတာ မသိတတ်အောင်ပါပဲ။
ဟုတ်တယ်၊ အထီးကျန်ခြင်းဟာ ငါ့ကိုသွေးဆောင်ဖြားယောင်းပြီး
ခေါ်သွားခဲ့တာ အမှန်ပါအချစ်ရယ်၊ မင်းအချစ်ကို မရခဲ့ရင်ဖြင့်
ငါဟာ သူတောင်းစားတစ်ယောက်အဖြစ်ထက် မပိုပါဘူး။
ငါဘာများတတ်နိုင်မှာတဲ့လဲ၊
ဟောဒီအိပ်ရာထက်မှာ ငါ တစ်ကိုယ်တည်း အိပ်စက်ရတော့မှာပဲပေါ့။
မင်းဟာ ... ငါအသက်ရှင်နေဖို့ အကြောင်းတရားလည်း ဟုတ်တယ်။
ငါ အသက်သေသွားနိုင်ဖို့ အကြောင်းတရားလည်း  ဟုတ်ပါတယ်။
မင်းဟာ ... ငါပြုံကွဲတဲ့အချိန်နဲ့ ငိုကြွေးရတဲ့အချိန်တွေအတွက်
အကြောင်းတရားလည်း ဖြစ်နေတယ်။
ဘာကြောင့်ဆိုတဲ့ ဆင်ခြေမလိုဘူး၊
လုံးဝမလိုအပ်ဘူး ကလေးရေ ... ကလေးရေ ... ကလေးရေ ...

တမန်တော်လေးရဲ့ လာကယ်လှည့်ပါ အခုည။
တမန်တော်လေးရဲ့ ဖေးကူလှည့်ပါ ကိုယ့်ဘဝ။
တမန်တော်လေးရဲ့ လာကယ်လှည့်ပါ အခုည။

- ဂျူး - နိုဝင်ဘာမိုး

ဒီသီချင်းဟာ အဲရိုးစမစ်(သ်)အဖွဲ့ရဲ့ ကျော်ကြားတဲ့သီချင်းတွေထဲက တစ်ပုဒ်ပေါ့။ အဲရိုးစမစ်(သ်)အဖွဲ့ရဲ့ ပင်တိုင်အဆိုတော်က Steven Tyler ဖြစ်ပါတယ်။ လူပုံက ပိန်ပိန်ကိုင်းကိုင်းနဲ့ ပျော်တတ် နောက်တတ်ပုံရတယ်။ သူ့ပါးစပ်က အံ့သြရလောက်အောင် ကျယ်ပြန့်တယ်။ အဲဒီပါးစပ်ကျယ်ကျယ်နဲ့ သူသီချင်းဆိုလိုက်တဲ့အခါ သူ့အသံဟာ အံ့သြရလောက်အောင်ကို အောင်မြင်ပြီး ဆွဲဆောင်အားကောင်းသွားပါတယ်။ သူတို့အဖွဲ့ရဲ့ ပင်တိုင် လိ(ဒ်) ဂစ်တာသမားကတော့ ဂျိုးပယ်ရီ (Joe Perry) ပါ။ သူတို့နှစ်ယောက် ပေါင်းပြီး သီချင်းတွေ ရေးစပ်ကြလေ့ရှိတယ်။

တလောကပဲ Steven Tyler ရဲ့ သမီးကလေး Liv Tyler ကို ရုပ်ရှင်ဇာတ်ကားတစ်ခုမှာ ကြည့်လိုက်ရသေးတယ်။ နှစ်နှစ် ဆက်တိုက် အော်စကာဆု ရခဲ့တဲ့မင်းသား Tom Hanks ရဲ့ "That Thing You Do" ဆိုတဲ့ ဖြစ်ရပ်မှန် ဂီတ နောက်ခံရုပ်ရှင် ပါ။ သူ့အဖေနဲ့ ခပ်ဆင်ဆင်၊ ဒါပေမဲ့ တော်တော်ချောတဲ့ ကလေးမ ... လို့ အံ့သြ ချီးကျူးရပါတယ်။ သူ့အဖေလို တော်မှာလားဆိုတာတော့ အားလုံးက စိတ်ဝင်တစား စောင့်ကြည့်ကြလိမ့်မယ်။

အခုသီချင်း Angel ဟာ အဲရိုးစမစ်(သ်)အဖွဲ့ကို မြန်မာပရိသတ်နဲ့ ရင်းနှီးအောင် လုပ်ပေးတဲ့သီချင်းလို့ ပြောလို့ရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ Angel ကို သီချင်းရေးဆရာ မင်းချစ်သူက 'ဂွန္တဝင်စိမ်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ ကော်ပီ သီချင်းတစ်ပုဒ် ဖန်တီးခဲ့ပြီး ဇော်ဝင်းထွဋ်က သီဆိုတဲ့အခါ လူငယ်အားလုံး စွဲလမ်း နှစ်သက်ခဲ့ကြလို့ပါပဲ။ မြန်မာလူငယ် ပရိသတ်အကြားမှာ 'ဂွန္တဝင်စိမ်း' ဟာ အင်အားကောင်းကောင်းနဲ့ လွှမ်းမိုး သွားနိုင်ခဲ့တယ်လို့ ဆိုရမှာပါပဲ။

Angel ရဲ့ သီချင်းစာသား တွေကတော့ အခုတွေ့ရတဲ့အတိုင်း သိပ် အကောင်းစားကြီး မဟုတ်ဘူး၊ စကားလုံးတွေ အသုံးအနှုန်းတွေက သာမန်ပါပဲ။ (မင်းချစ်သူရဲ့ ဂွန္တဝင်စိမ်းကတောင် စကားလုံး ပိုကောင်းနေပါတယ်။) ဒါပေမဲ့ ဒီသီချင်းရဲ့ တေးသွားသံစဉ်နဲ့ ဂီတဖွဲ့စည်းမှု သိပ်ကောင်းပါတယ်။ သီဆိုရတာလည်း ကောင်းမှာပေါ့။

- ဂျူး - နိုဝင်ဘာမိုး

သူ့သီချင်းစာကြောင်းလေးတွေက ကဗျာတစ်ပုဒ်လိုပဲ အသံယူတဲ့စနစ်က လှလှပပလေး အဆင်ပြေနေတာကိုး။

ဥပမာ … I want your love.

The wall between us.

Don't make it tough.

'love' ရယ်၊ 'us' ရယ်၊ 'tough' ရယ်။

နောက်ပြီး my prides နဲ့ the light နဲ့၊

tonight နဲ့ alright နဲ့ အသံယူထားတာမျိုး၊

inside နဲ့ a ride နဲ့ စကားလုံးသုံးထားတာလေးတွေ လှတယ်။

'When I break down and cry'

'Don't need no reason why' ဆိုတဲ့ သီချင်းနောက်ဆုံးပိုဒ်ကလေးကလည်း ချစ်စရာကောင်းနေပါတယ်။

သာမန်စကားလုံးလေးတွေကိုပဲ ကဗျာတစ်ပုဒ်လို ရေးဖွဲ့သီကုံးပြီး လှပတဲ့ ဂီတဖွဲ့စည်းမှုနဲ့ ခံစား ဖန်တီးလိုက်တဲ့အခါ သီချင်းဟာ ကမ္ဘာကျော်သွားတာပေါ့။

- ဂျူး - နိုဝင်ဘာမိုး



**MISSISSIPPI**

Pussycat

Where you can hear a country song from far
And someone play the honky tonk guitar
Where all the lights will go out one by one
The people join the song, and the wind takes it away.

Where the Mississippi rolls down to the sea
And lovers found the place they'd like to be
How many times before this song was ending
Love and understandingeverywhere around.

Mississippi... I'll remember you
Whenever I should go away
I'll be longing for the day
That I will be in Grennville again

Mississippi... you'll be on my mind
Everytime I hear this song
Mississippi roll alonguntil the end of time.

Now the country song for ever lost its soul

- ဂျူး - နိုဝင်ဘာမိုး

When the guitar player turned to Rock 'N' Roll.
And everytime when summer nights are falling.
I will always be calling, dreams of yesterday.

Mississippi... I'll remember you
Whenever I should go away
I'll be longing for the day
That I will be in Grennville again

Mississippi... you'll be on my mind
Everytime I hear this song
Mississippi roll alonguntil the end of time.

***

**မစ်စစ်စီပီ**
ပူစီကက်

အဝေးတစ်နေရာဆီက
ကျေးလက်သီချင်းတစ်ပုဒ်ကို သဲ့သဲ့လေးကြားနိုင်တဲ့နေရာ
တစ်ယောက်ယောက်က ဟွန်ကီတွန့်ခ် ဂစ်တာကို တီးခတ်လိုက်တဲ့အခါ
မီးရောင်တွေဟာ တစ်ခုပြီးတစ်ခု ငြိမ်းလိုက်ကြတာပေါ့
လူတွေကလည်း ဒီသီချင်းကို အတူတူလိုက်ဆိုကြလို့
လေပြည်ညင်းက သီချင်းသံကို
အဝေးထိအောင် ဆက်လက်သယ်ဆောင်သွားလေရဲ့။

- ဂျူး - နိုဝင်ဘာမိုး

မစ်စစ်စီပီမြစ်ကြီး ပင်လယ်ထဲကို တလိမ့်လိမ့်စီးဆင်းတဲ့နေရာ
ချစ်သူတွေ ချမ်းမြေ့သာယာ လက်တွဲလိုက်တဲ့အခါ
ဒီသီချင်းမဆုံးသေးမီ အကြိမ်ပေါင်းဘယ်လောက်တောင်လဲ
ချစ်ခြင်းမေတ္တာနဲ့ နားလည်မှုတွေ
ပျောဒီတပိုက်က နေရာတိုင်းမှာ ပျံ့နှံ့နွေးထွေးစေခဲ့တာ။

မစ်စစ်စီပီရဲ့ … ကိုယ် အဝေးဆီလွင့်စဉ်ရတဲ့အခါတိုင်း
မင်းကို သတိရနေတော့မယ်။
ဂရင်းဗီးလ်ကို နောက်တစ်ခေါက် ကိုယ်ပြန်ရောက်မယ့်အချိန်ကို
တမ်းတရင်းနဲ့လေ။
မစ်စစ်စီပီရဲ့ … ဒီသီချင်းကို ကြားမိတဲ့အခါတိုင်း
အာရုံထဲမှာ မင်းအမြဲရှိနေတော့မယ်။
အာရုံထဲမှာ မင်းအမြဲရှိနေတော့မယ်။
အချိန်တွေ ဘယ်လောက်ပဲ ကုန်ဆုံးသွားပါစေ၊
မစ်စစ်စီပီကတော့ စီးမြဲစီးဆင်းလျက်ပေါ့။

ဂစ်တာက ရော့ခ်အင်ရိုးလ်ကို ပြောင်းလဲတီးခတ်လာတဲ့အခါ
ကျေးလက်သီချင်းရဲ့ ဝိညာဉ်ဟာ ထာဝရ ကွယ်ပျောက်သွားခဲ့ပေါ့။
ဒါပေမဲ့ နွေညတွေကို ရောက်လေတိုင်း
အတိတ်က အိပ်မက်တွေကို ကိုယ်ပြန်မက်နေဦးတော့မယ်။

မစ်စစ်စီပီရဲ့ … ကိုယ်အဝေးဆီ လွင့်စဉ်ရတဲ့အခါတိုင်း
မင်းကို သတိရနေတော့မယ်၊
ဂရင်းဗီးလ်ကို နောက်တစ်ခေါက်
ကိုယ်ပြန်ရောက်မယ့် အချိန်ကို တမ်းတရင်းနဲ့လေ၊

- ဂျူး - နိုဝင်ဘာမိုး

မစ်စစ်စီပီရဲ့ ... ဒီသီချင်းကို ကြားမိတဲ့အခါတိုင်း
အာရုံထဲမှာ မင်းအမြဲရှိနေတော့မယ်။
အချိန်တွေ ဘယ်လောက်ပဲ ကုန်ဆုံးသွားပါစေ၊
မစ်စစ်စီပီကတော့ စီးမြဲ စီးဆင်းလျက်ပေါ့။

***

၁၉၆၀-၇၀ လောက်ဆီက ကျော်ကြားခဲ့တဲ့ သီချင်းတစ်ပုဒ်ပါ။ မစ်စစ်စီပီမြစ်ကို ဖွဲ့နွဲ့တဲ့ သီချင်းကလေးပါပဲ။ သံစဉ်ကလေးက အေးအေးငြိမ့်ငြိမ့်နဲ့ အင်မတန် လှပပါတယ်။

သီချင်းသံကို ကြားရတဲ့အခါ မြစ်ရေစီးသံလေးကိုပါ ကြားယောင် လာသလို ခံစားရပါလိမ့်မယ်။ မြေပြန့်လွင်ပြင်ကို ဖြတ်ပြီး စီဆင်းတဲ့အခါ ဖြစ်ပေါ်လေ့ရှိတဲ့ မြစ်ရဲ့ ဂီတသံကို ကြားယောင်လာအောင် သံစဉ်ယူ ဖွဲ့နွဲ့ထားပါတယ်။ နေးနေးငြိမ့်ငြိမ့် စီးဆင်းတဲ့ ဂီတသံပါပဲ။

မြန်မာနိုင်ငံက ဧရာဝတီမြစ်လိုပဲ အမေရိကန်နိုင်ငံက မစ်စစ်စီပီမြစ်ဟာ ရေစီး ညင်သာပါတယ်။ မြစ်အိုကြီးတွေရဲ့ ထုံးစံအတိုင်းပေါ့။ ကြမ်းတမ်းရိုင်းစိုင်းမှု နည်းပါးပါတယ်။ သူဟာ မြေပြင်ဆီကနေ သယ်ယူတာ နည်းသွားပြီး နုန်းအဖြစ် ချပေးခဲ့တာက များပါတယ်။ ဧရာဝတီမြစ်လိုပဲ အမေရိကန်မှာတော့ အသုံးအဝင်ဆုံး မြစ်ပါပဲ။ ဧရာဝတီမြစ်ဟာ မြန်မာနိုင်ငံ ထဲမှာ စတင်ပေါက်ဖွားပြီး မြန်မာနိုင်ငံထဲမှာ အဆုံးသတ်သွားတယ်မဟုတ်လား။ မစ်စစ်စီပီမြစ်ဟာလည်း အမေရိကန်နိုင်ငံထဲမှာ စတင်ပေါက်ဖွားပြီး အမေရိကန် နိုင်ငံထဲကနေပဲ အဆုံးသတ်သွားခဲ့တယ်။

မစ်စစ်စီပီမြစ်ဟာ အမေရိကန်နိုင်ငံ မင်နီဆိုတာ ပြည်နယ်မှာ စတင် မွေးဖွားလာခဲ့တယ်။ မြစ်ရဲ့အရှည်ကတော့ မိုင်ပေါင်း ၂၃၅၀ ရှိပါတယ်။ မြစ်လက်တက်တွေ အများကြီးရှိတဲ့အနက် အဓိက အကြီးဆုံးမြစ်လက်တက်က မစ်ဆူရီ (Missouri) မြစ်ပါပဲ။

အဲဒီ မစ်ဆူရီမြစ်ကိုယ်တိုင်ကပဲ မိုင် ၂၃၀၀ ရှည်တယ်လို့ သိရတယ်။ မစ်စစ်စီပီမြစ် စီးဆင်းရာ လမ်းကြောင်းမှာ ဝစ်စ်ကွန်ဆင် ပြည်နယ်၊ အီလီနွိုက်စ် ပြည်နယ်၊ အိုင်အိုဝါ ပြည်နယ်တွေရဲ့ နယ်နိမိတ်တစ်လျှောက်ဟာ မြစ်ရဲ့အလှဆုံးမြင်ကွင်းလို့ ပြောကြတယ်။ မက္ကဆီကို ပင်လယ်ကွေ့ထဲ စီးဝင်သွားတဲ့အထိ တစ်နေ့တစ်နေ့ကို မစ်စစ်စီပီဟာ နန်းမြေ တန်ချိန်ပေါင်း တစ်သန်းခွဲလောက် ပို့ချနေသတဲ့။

မြစ်တွေဟာ လူတွေကို အလွန် ဆွဲဆောင် လွှမ်းမိုးနိုင်တာပဲ။ မြစ်ရဲ့ အသုံးဝင်မှုကို လေးလေးစားစား ကျေးဇူးတင်ကြသလို မြစ်ရဲ့သဘာဝအလှကို တအံ့တဩ ငေးမော ချီးကျူးကြရတယ်။ မြစ်ကို ချစ်တဲ့လူတွေဟာ မြစ်အကြောင်းကို ရုပ်ရှင်ရိုက်ကြတယ်၊ ဝတ္ထုရေးကြတယ်၊ သီချင်းစပ်ကြတယ်၊ ပန်းချီဆွဲကြတယ်၊ မြစ်ကပေးတဲ့ ဂီတနဲ့ မြစ်ကပေးတဲ့ ဒဿနဟာ ဆန်းကြယ်တာကိုး။ မြစ်ကို ဖွဲ့တဲ့ အနုပညာတွေဟာ အများကြီး၊ ဒါပေမဲ့ ဘယ်တော့မှ ရိုးသွားတယ်လို့ မရှိပါဘူး။

ကမ္ဘာကျော် အမေရိကန်စာရေးဆရာကြီး မာ့ခ်တွိန်းန်ဟာ မစ်စစ်စီပီမြစ်ကို စုန်ဆန် သွားလာခဲ့တဲ့ စွန့်စားခန်း ခရီးတွေအကြောင်း စာအုပ်ကြီး တစ်အုပ်ဖြစ်အောင် တခမ်းတနား ရေးဖွဲ့ခဲ့တယ်။ ဟောလီဝုဒ် ရုပ်ရှင်မင်းသားကြီး ရောဘတ်ရက်ဒ်ဖို့ဒ်ဟာ A River Runs Through It ဆိုတဲ့ ရုပ်ရှင်ကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့တယ်၊ အဲဒီဇာတ်ကားဟာ မြစ်တစ်စင်းရဲ့အလှ၊ ဂီတနဲ့ ဒဿနကို တစ်ပြိုင်တည်း ပေးနိုင်ခဲ့တဲ့ အင်မတန် အနုပညာမြောက်တဲ့ ဇာတ်ကားပါပဲ။ (၁၉၉၃ ခုနှစ်အတွက်လို့ ထင်တယ်) ဓာတ်ပုံအော်စကာဆု ရခဲ့တဲ့ ရုပ်ရှင်ပါ။ အမေရိကန် စာရေးဆရာ ပေါလ်သရိုးကလည်း တရုတ်ပြည်ရဲ့ ယန်စီမြစ်ကို တခမ်းတနား ဝတ္ထုရေးခဲ့တယ်။

လောကမှာ လူတွေဟာ တခါတခါ မြစ်ဆီကနေ တည်ငြိမ်မှုတွေ၊ ငြိမ်းချမ်းမှုတွေ၊ ဒါမှမဟုတ် ခွန်အားတွေ၊ သတ္တိတွေ မျှယူကြရတတ်တယ် မဟုတ်လား။

- ဂျူး - နိုဝင်ဘာမိုး

ခင်ဝမ်းရဲ့ ရောဝတီ၊ ထူးအိမ်သင်ရဲ့ ရောဝတီ၊ ပူစီကက်အဖွဲ့ရဲ့ မစ်စစ်စီပီ အခွင့်ကြုံရင် နားထောင်ကြည့်စေချင်ပါတယ်။ မြစ်တွေရဲ့ စကားကို ခံစား နားလည်လာပါလိမ့်မယ်။

• ဂျူး - နိုဝင်ဘာမိုး



**CASABLANCA**

Bertie Higgins

I fell in love with you watching Casablanca
Back row of the drive in show in the flickering light.
Popcorn and cokes beneath the stars became champagne
and caviar
Making love on a long-hot summer's night.
I thought you fell in love with me watching Casablance
Holding hands 'neath the paddle fans
in Rick's Candle-lit cafe.
Hiding in the shadows from the spots and
Morocco moonlight in your eyes.
Making magic at the movies in my old chevrolet.

Ooh..., a kiss is still a kiss in Casablanca
But a kiss is not a kiss without your sigh
Please come back to me in Casablanca
I love you more and more each day as time goes by.

I guess there're many broken hearts in Casablanca
You know I've never really been there, so I don't know.
I guess our love story will never be seen on the big wide
silver screen.
But it hurt just as bad when I had to watch you go.

- ဂျူး - နိုဝင်ဘာမိုး

Ooh..., a kiss is still a kiss in Casablanca
But a kiss is not a kiss without your sigh.
Please come back to me in Casablanca
I love you more and more each day as time goes by.
I love you more and more each day as time goes by.

***

**ကာဆာဗလန်ကာ**
ဘာတီဟစ်ဂင်းစ်

'ကာဆာဗလန်ကာ' ကို ကြည့်ရင်းကပဲ မင်းကိုငါချစ်ခဲ့မိ
လင်းလိုက်မှိန်လိုက် မီးရောင်ထဲ
ကားမောင်းဝင်ပြီး ကြည့်ရတဲ့ ရုပ်ရှင်ပွဲ နောက်ဆုံးတန်းမှာလေ၊
ကြယ်ရောင်တွေရဲ့အောက်မှာ
'ကုတ်ခ်နဲ့ ပြောင်းဖူးပေါက်ပေါက်' ဟာလည်း
'ရှန်ပိန်နဲ့ ကာဗီယာတွေ' ဖြစ်လာခဲ့
ရှည်လျားစွာ ပူနွေးလှတဲ့ နွေညလယ်မှာ
မင်းနဲ့ငါ ချစ်ခဲ့ကြပါတယ်။

'ကာဆာဗလန်ကာ' ကို ကြည့်ရင်းကပဲ
မင်းလည်း ငါ့ကို ချစ်သွားတာ ထင်ခဲ့
ရစ်(က်) ရဲ့ ဖယောင်းတိုင်ထွန်း ကဖေးထဲမှာ
ပန်ကာရွက်တွေအောက်
တစ်ယောက်လက်ကို တစ်ယောက် ထွေးဆုပ်ခဲ့ကြ
ပြစက်က မီးရောင်ကို အရိပ်ခို ပုန်းကွယ်ရင်းကပဲ

မင်းမျက်ဝန်းတွေထဲမှာ မော်ရိုကို လရောင် သာခဲ့ဖူးပါတယ်၊
ရုပ်ရှင်ကို မှော်အတတ်နဲ့ ဖန်ဆင်းခံစားခဲ့ကြတာလည်း
ငါ့ရဲ့ ရှယ်ဗရိုလေ ကားအိုထဲမှာပါပဲ။

အို… 'ကာဆာဗလန်ကာ' ထဲမှာတော့
အနမ်းလေးတစ်ခု အခုထိ ရှိနေဆဲ
ဒါပေမဲ့ … မင်းရဲ့ ပင့်သက်တစ်ရှိုက်မပါတော့တဲ့အခါ
အဲဒါ … အနမ်းမဟုတ်နိုင်တော့ပါဘူး၊
ကျေးဇူးပြုပြီး ကာဆာဗလန်ကာထဲက ငါ့ဆီကို ပြန်လာခဲ့ပါတော့ကွယ်၊
အချိန်တွေ ကြာလာတာနဲ့အမျှ
မင်းကိုပဲ တစ်နေ့ထက်တစ်နေ့ ပိုလို့ချစ်ခဲ့မိတယ်။

မင်းသိလားဟင် ကာဆာဗလန်ကာထဲမှာ ကွဲခဲ့ရတဲ့အသည်းတွေ
မနည်းတော့ဘူး ထင်ပါရဲ့၊
ငါကတော့ အဲဒီကို မရောက်ဖူးလို့ မသိပါဘူး၊
ငါတို့ရဲ့ ချစ်ပုံပြင်ကိုလည်း ငွေရောင်ပိတ်ကားကြီးပေါ်မှာ
ဘယ်တော့မှ မြင်လာနိုင်မှာ မဟုတ်တော့ပါဘူးလေ၊
ဒါပေမဲ့ … မင်းထွက်သွားတာကို ကြည့်နေရတဲ့အခါ
နာကျင်ကြေကွဲရတာကဖြင့် သိပ်ဆိုးဝါးတဲ့ဝေဒနာပဲ အချစ်ရယ်။

အို… 'ကာဆာဗလန်ကာ' ထဲမှာတော့ အနမ်းလေးတစ်ခု အခုထိရှိနေဆဲ
ဒါပေမဲ့ … မင်းရဲ့ ပင့်သက်တစ်ရှိုက်မပါတော့တဲ့အခါ
အဲဒါ … အနမ်းမဟုတ်နိုင်တော့ပါဘူး၊
ကျေးဇူးပြုပြီး ကာဆာဗလန်ကာထဲက ငါ့ဆီကို ပြန်လာခဲ့ပါတော့ကွယ်၊
အချိန်တွေ ကြာလာတာနဲ့အမျှ

မင်းကိုပဲ တစ်နေ့ထက်တစ်နေ့ ပိုလို့ချစ်ခဲ့မိတယ်။
အချိန်တွေ ကြာလာတာနဲ့အမျှ
မင်းကိုပဲ တစ်နေ့ထက်တစ်နေ့ ပိုလို့ချစ်ခဲ့မိတယ်။

***

သူတို့ဆီမှာ နွေရာသီကျရင် ဝင်းအကျယ်ကြီးထဲကို ကားပါ မောင်းဝင်သွားပြီး ကားပေါ်ကပဲ ထိုင်ကြည့်ရတဲ့ ရုပ်ရှင်ပွဲတွေ ရှိပါတယ်။

သီချင်းထဲမှာပါတဲ့ သူတို့ကြည့်တဲ့ရုပ်ရှင် 'ကာဆာဗလန်ကာ' ဟာ တစ်ချိန်တုန်းက အင်မတန်နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်တစ်ခုပေါ့။ ဂျာမန်နာဇီတွေ သိမ်းပိုက်ထားတဲ့ (မော်ရိုကိုနိုင်ငံက) ကာဆာဗလန်ကာမြို့ကလေးကို နောက်ခံထားပြီး ရိုက်ကူးထားတဲ့ ဒုတိယ ကမ္ဘာစစ်ကာလ အချစ်အလွမ်းဇာတ်ကားပါ။ မင်းသား ဟန်ဖရေဘိုးဂတ်နဲ့ မင်းသမီး အင်းဂရစ် ဘာ့ဂ်မင်တို့ ခေါင်းဆောင် ပါဝင်ထားကြပါတယ်။ မင်းသမီးက မဟာမိတ် စစ်ပိုလ်ချုပ်တစ်ယောက်ရဲ့ ဇနီး အီလ်ဆာအဖြစ် သရုပ်ဆောင်ရတယ်၊ မင်းသားကတော့ အဲဒီ မြို့သေးသေးကလေးက ခပ်သန့်သန့် ကဖေးဆိုင်ကလေးရဲ့ ပိုင်ရှင် ရစ်(က်)အဖြစ် သရုပ်ဆောင်ရတယ်။ အဲဒီဇာတ်ကားဟာ ၁၉၄၃ခုနှစ်အတွက် အော်စကာသုံးဆု ရခဲ့တယ်။ ဇာတ်ကားဆု၊ ဒါရိုက်တာဆုနဲ့ ဇာတ်ညွှန်းဆုတွေပါ။

အဲဒီ 'ကာဆာဗလန်ကာ' ရုပ်ရှင်ကို နှစ်ယောက် အတူတွဲကြည့်ရင်း မထင်မရှား ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် သိပ်ချစ်တဲ့ ချစ်သူတွေဘဝကို ရောက်သွားခဲ့ကြဖူးတယ်တဲ့။ ကြယ်ရောင်တွေရဲ့ ညို့ယူဖမ်းစားမှုနဲ့ ရုပ်ရှင်ရဲ့ မှော်စွမ်းအားကြောင့် သူတို့နှစ်ယောက် ဘယ်လောက်ထိ မိန်းမူး သာယာသွားသလဲ ဆိုရင် သူတို့ စားသောက်နေတဲ့ ကိုကာကိုလာနဲ့ ပြောင်းဖူးပေါက်ပေါက်တွေဟာ ရှန်ပိန်နဲ့ ကာဗီယာငါးဥတွေ ဖြစ်သွားခဲ့သတဲ့။ သူတို့ဟာ ကားထဲမှာ ထိုင်နေရင်းကပဲ ရုပ်ရှင်ထဲက ရစ်(က်)ရဲ့ ကဖေးဆိုင်ထဲလည်း ရောက်သွားခဲ့ကြသေးတယ်။ ခပ်ဖြည်းဖြည်းလည်နေတဲ့

- ဂျူး - နိုဝင်ဘာမိုး

ပန်ကာရွက်တွေအောက်မှာ တစ်ယောက်လက်ကို တစ်ယောက်ထွေးဆုတ်လို့ ...၊ ချစ်သူကောင်မလေးရဲ့ မျက်ဝန်းထဲမှာ ကောင်လေးဟာ မော်ရိုကိုလရောင်ကိုတောင် မြင်နေခဲ့ရတယ်တဲ့။

သူတို့ချင်း ဝေးကွာသွားတဲ့အခါ ကောင်လေးက ချစ်သူကောင်မလေးကို ကြေကွဲစွာ မျှော်လင့်တမ်းတနေတဲ့ သီချင်းကလေးပါ။

သံစဉ်ကလေးလည်း ဆန်းသစ်လှပပါတယ်။ တေးဂီတ ဖွဲ့စည်းမှုအနုပညာရော၊ စကားလုံး ဖွဲ့စည်းမှုအနုပညာရော အလွန် အားကောင်းတဲ့ သီချင်းတစ်ပုဒ်ပါ။ လူတစ်ယောက်ရဲ့ ရင်ထဲမှာ နစ်ပေါင်းများစွာ မမေ့နိုင်အောင် လွှမ်းမိုး ဆွဲဆောင်နိုင်စွမ်းရှိတဲ့ သီချင်းတစ်ပုဒ်လို့ ပြောရင် မမှားနိုင်ပါဘူး။ ကြားရသူတိုင်းလည်း စွဲမက်နစ်သက်ရတဲ့ သီချင်းကလေးပါပဲ။

နားထောင်နေရင်းက ကိုယ်မမြင်ဖူးတဲ့ မထင်မရှား ချစ်သူစုံတွဲကလေးရဲ့အဖြစ်ကို အာရုံမှာ မြင်ယောင်လာပြီး ကိုယ်ချင်းစာစိတ်နဲ့ လွမ်းမိလာပါလိမ့်မယ်။

**[ရေးမြို့က ကိုအောင်ကျော်ဦးနဲ့ 'ကာဆာဗလန်ကာ' ချစ်သူများအတွက် ...]**

*[ကိုဟိဏ်းဇော်အောင်နှင့် ကိုငယ်လေး အပါအဝင် 'ကာဆာဗလန်ကာ' ချစ်သူများအတွက် >>> စာရိုက်တင်သူအမှတ်တရ]*

- ဂျူး - နိုဝင်ဘာမိုး



**WHERE THE RIVER FLOWS**

Scorpions

Under suburban skies where life is bleeding
Where concrete skies are grey,
there's plenty of room for dreaming.

I still keep coming here follow those traces
I travel back in time remember all those places
feels like I never left, the house's still standing
down by the river where the dreams are never ending

You find me  You find me.
You find me by the river.
You find me  You find me.
You find me where the river flows.

Under the silent moon this industrial city
is heartland even though life's been not that pretty.
I still keep coming here to that old river
To find my roots just where the future lives forever.

You find me  You find me.
You find me by the river.
You find me  You find me.

- ဂျူး - နိုဝင်ဘာမိုး

You find me. You can find me.

By the river where dreams will never die
By the river under suburban skies
By the river where dreams will never die
By the river I took through children's eyes.

You find me  You find me.
You find me by the river.
You find me  You find me.
You find me where the river flows.

***

**မြစ်စီးဆင်းရာ**
စကော်ပီယန်စ် အဖွဲ့

ဆင်ခြေဖုံး မြို့ပြကောင်းကင်အောက်၊ ဘဝတွေ သွေးယိုစိမ့်နေတဲ့နေရာ ...
ကွန်ကရစ်ကောင်းကင်ကြီးတွေဟာ မီးခိုးပြာရောင် မှိုင်းမှောင်လို့
အိပ်မက်ဖို့တော့ နေရာတွေ အများကြီးပါ။

အဲဒီလမ်းကြောင်းရာတွေအတိုင်း ငါဒီကိုရောက်အောင်လာနေဆဲ၊
အချိန်မီ ပြန်လာခဲ့ရ
နေရာအားလုံးကို ငါမှတ်မိနေတယ်၊
ဘယ်တုန်းကမှ မစွန့်ခွာခဲ့သလို ခံစားမိ

- ဂျူး - နိုဝင်ဘာမိုး

အဲဒီမှာ အိမ်ပဟာ ထီးထီးမားမားရပ်တည်ရစ်
မြစ် စီးဆင်းရာ ဘေးမှာပေါ့
ဘယ်တော့မှ အိပ်မက်တွေ ပြီးဆုံးမသွားမယ့်နေရာ ...။

မင်းငါ့ကိုတွေ့မှာပါ
မင်းတွေ့လှည့် ... မင်းတွေ့လှည့် မြစ်ရဲ့ဘေးမှာ
မင်းတွေ့လှည့် မင်းတွေ့လှည့်
မင်းတွေ့လှည့် မြစ်စီးဆင်းသွားရာ သွားမှာ...။

ဘဝဟာ အလုပကြီးမဟုတ်ခဲ့ပေမယ်
တိတ်ဆိတ်တဲ့လရောင်အောက်က စက်မှုမြို့ပြဟာ
နလုံးသားတည်ရာ မြေပါပဲ၊
အဲဒီမြစ်အိုကြီးဆီကို ငါအရောက်လာနေရဲ့ ငါ့ဇာတ်မြစ်ကို ရှာဖွေဖို့
အနာဂတ်တို့ ထာဝရရှင်သန်မယ့်နေရာ ...။

အိပ်မက်တွေ ဘယ်တော့မှ သေဆုံးမသွားပေမယ့် မြစ်ရဲ့ဘေးက၊
ဆင်ခြေဖုံးမြို့ပြအောက်က မြစ်ရဲ့ဘေးမှာ၊
အိပ်မက်တွေ ဘယ်တော့မှ မသေဆုံးတတ်တဲ့မြစ်ရဲ့ဘေးမှာ၊
မြစ်ကမ်းဘေးမှာ ငါ ... ကလေးတွေရဲ့ မျက်လုံးမျိုးနဲ့
လောကကို ကြည့်မိရဲ့။

မင်းငါ့ကိုတွေ့မှာပါ
မင်းတွေ့လှည့် ... မင်းတွေ့လှည့် မြစ်ရဲ့ဘေးမှာ
မင်းတွေ့လှည့်း မင်းတွေ့လှည့်
မင်းတွေ့လှည့် မြစ်စီးဆင်းသွားရာ သွားမှာ...။
***

- ဂျူး - နိုဝင်ဘာမိုး

ဒီသီချင်းဟာ Scorpions အဖွဲ့ရဲ့ Pure Instint ဆိုတဲ့ album ထဲက သီချင်းတစ်ပုဒ်ပါ။ ထုံးစံအတိုင်း စကော်ပီယန်စ်အဖွဲ့ရဲ့ ပင်တိုင်အဆိုတော် Klaus Meine ကပဲ ရေးစပ်ခဲ့ပါတယ်။ သီစဉ်ဂီတကိုလည်း ထုံးစံအတိုင်း သူတို့အဖွဲ့ရဲ့ ပင်တိုင်ဂစ်တာသမား Rudolf Schenker က ဖန်တီးပေးခဲ့ပါတယ်။

သူတို့သီချင်းတွေက စကားလုံးတွေ အတွေးအခေါ်တွေ ပြောင်မြောက်ပြီးတော့ ကဗျာတွေလိုပဲ အသံချိတ်ယူထားလေ့ရှိတယ်။ အချစ်အကြောင်းတွေလည်း ပါ၊ ဘဝအသိ အတွေးအခေါ်တွေလည်း ပါ၊ နိုင်ငံရေးအမြင်နဲ့ ငြိမ်းချမ်းရေး ရပ်တည်မှုတွေလည်း ပါတဲ့ သူတို့အဖွဲ့ရဲ့ သီချင်းတွေဟာ အလွန်ခွန်အားရှိပါတယ်။ ကလော့စ်မင်းရဲ့ အသံကလည်း သိပ်အောင်တဲ့အသံ၊ သိပ်ခွန်အားပြင်းတဲ့အသံပါ။ သူသီချင်းဆိုရင် စကားလုံးတွေဟာ နှုတ်ခမ်းဖျား ပါးစပ်ဖျားက မလာဘဲ နှာခေါင်းရဲ့ နောက်ဘက် အာခေါင်ရင်းကနေ ထွက်လာကြတယ်။ ဘယ်လောက်ပဲ အော်အော်၊ ဘယ်နှစ်ပုဒ်ပဲ ဆက်တိုက်ဟစ်ဟစ် လုံးဝမကြောင်၊ လုံးဝမတိမ်တဲ့ အသံပါပဲ။

လူတစ်ယောက် မွန်းကျပ်မှုတွေ၊ နာကြည်းကြေကွဲမှုတွေဆီကနေ ထွက်ပြေးဖို့ ကြိုးစားတဲ့အခါ သူ့ရဲ့ဦးတည်ရာဟာ တောင်တန်းတွေ မြစ်တွေ ဖြစ်တတ်ပါတယ်။ မြစ်တွေဟာ လူသားတွေအတွက် ဘဝကို ရှေ့ဆက်ရင်ဆိုင်ဖို့ ခွန်အားတွေ၊ ကိုယ့်ကိုယ်ကို အားတင်းဖို့ သင်ခန်းစာတွေ၊ စိတ်တည်ဆောက်နိုင်ဖို့ ဒဿနတွေကို ပေးတတ်သလို အနာဂတ်အတွက် အိပ်မက်တွေကိုလည်း ဖန်ဆင်းပေးနိုင်တတ်တာကိုး။

အခုသီချင်းထဲက ဇာတ်ကောင်ကတော့ နေ့စဉ်လူမှုဘဝရဲ့ မွန်းကျပ်မှု၊ ထိခိုက် နာကျင်မှုတွေကို ရင်ဆိုင်ရင်းကပဲ အနာဂတ် အိပ်မက်တွေကို အာဟာရ ဖြည့်ပေးနိုင်တဲ့ နေရာအဖြစ် မြစ်တစ်စင်းကို တိတ်တိတ်ကလေး ပိုင်ဆိုင်ရယူထားသူ ဖြစ်တယ်။ မြစ်ကမ်းဘေးမှာ ငြိမ်သက် အေးချမ်းစွာ နေထိုင်ရတဲ့ တစ်ခဏ အရသာဟာ နေ့စဉ်

စက်ရုပ်ဘဝထဲ နောက်တစ်ကြိမ်ပြန်လည်ရုပ်တည်နိုင်ဖို့ လိုအပ်တဲ့ ခွန်အားတွေ ပေးနိုင်လောက်အောင် အစွမ်းထက်တယ်။

မြစ်ကမ်းနံဘေးမှာ သူဟာ ကလေးတွေရဲ့ မျက်လုံးနဲ့ လောကကို ကြည့်တယ်... တဲ့။ လူကြီးဖြစ်လာတဲ့အခါမှာ လူတွေဟာ လူကြီးမျက်လုံးနဲ့ပဲ လောကကို ကြည့်တတ်ကြတော့တယ်။ လောဘ၊ ဒေါသ၊ မကောင်းမြင်ဝါဒ၊ ဝန်တိုစိတ်၊ သရော်လှောင်ပြောင်စိတ်၊ မခံချင်စိတ်တွေ ဖုံးလွှမ်းနေတဲ့ မျက်လုံးတွေပေါ့။ ကလေးမျက်လုံးနဲ့ ကြည့်ရင် သူကိုယ်တိုင်ရဲ့ စိတ်အာရုံဟာ သန့်စင်စွာ ရှိုးသားနေပါလိမ့်မယ်။

(အော်စကာဆုရ ကမ္ဘာကျော် Forrest Gump ရုပ်ရှင်ထဲက ဇာတ်ကောင်ရဲ့ မျက်လုံးမျိုးပေါ့) ဖြူစင်တဲ့ အရာအပေါ်မှာသာ အရောင်ထင်နိုင်သလိုပဲ ဖြူစင်တဲ့ စိတ်အာရုံနဲ့သာလျှင် လှပတဲ့အိပ်မက်တစ်ခုကို မက်နိုင်မှာပါ။

အတိတ်ဆီကို အလည်အပတ်သွားရင်း အနာဂတ်ဆီကို အရောက်ပို့ပေးမယ့် မြစ်တစ်စင်းဟာ လူတိုင်းရဲ့ ပတ်ဝန်းကျင်မှာ ရှိနေလေရဲ့။ အဲဒီမြစ်ဆီကို ရောက်အောင် သွားပြီး ကလေးသူငယ်တွေရဲ့ မျက်လုံးမျိုးနဲ့ လောကကို ကြည့်နိုင်ဖို့သာ လိုပါတယ်။

တစ်နေ့တစ်နေ့ မျှော်လင့်ချက်တွေ ကုန်ဆုံးပြီး လူမှုစီးပွားရေးဒုက္ခထဲမှာ ရုန်းကန်ရင်း နစ်နေရတဲ့ လူသားအားလုံးအတွက် ဒီသီချင်းဟာ အဓိပ္ပာယ်တွေ အများကြီး ပေးနိုင်ပါလိမ့်မယ်။

- ဂျူး - နိုဝင်ဘာမိုး



- ဂျူး - နိုဝင်ဘာမိုး


LEONARDO DiCAPRIO
KATE WINSLET
NOTHING ON EARTH
COULD COME BETWEEN THEM.
TITANIC
FROM THE DIRECTOR OF 'ALIENS,' 'T2' AND 'TRUE LIES'

**MY HEART WILL GO ON**

Celine Dion

Every night in my dreams I see you, I feel you,
That is how I know you go on.
Far across the distance and spaces between us,
You have come to show you go on.

Near, far, wherever you are,
I believe that the heart does go on.
Once more you open the door and you're here in my heart,
And my heart will go on and on.

Love can touch us one time and last for a lifetime,
And never go till we're one.
Love was when I loved you one true time I hold to,
In my life we'll always go on.

Near, far, wherever you are,
I believe that the heart does go on.
(There is some love that will not go away)
Once more you open the door and
you're here in my heart,
And my heart will go on and on.

- ဂျူး - နိုဝင်ဘာမိုး

You're here, there's nothing I fear,
And I know that my heart will go on.
We'll stay forever this way,
You are safe in my heart and my heart will go on and on.

***

**ကိုယ့်နှလုံးသားက ထာဝရရှင်သန်နေမှာပါ**
ဆလင်းဒီယွန်

ညတိုင်းပါပဲ ကိုယ့်အိပ်မက်တွေထဲမှာ မင်းကို တွေ့ရတယ်။
မင်းရဲ့ နွေးထွေးမှုကို ကိုယ်ခံစားရတယ်။
အဲဒီလိုနည်းနဲ့ပေါ့ အချစ်ရယ် မင်းရှိနေတာကို ကိုယ်သိပါတယ်။
မင်းရှိနေတာ ကိုယ်သိစေဖို့ တို့နှစ်ယောက်ကြားက
ဝေးကွာလှတဲ့ ခရီးဒေသတွေကို ဖြတ်ကျော်ပြီး မင်းရောက်လာခဲ့ပြီပေါ့။

အဝေးမှာ အနီးမှာ ... ဘယ်နေရာမှာပဲ မင်းရှိရှိ
ကိုယ်တို့နှလုံးသားက အမြဲရှင်သန်နေတယ်ဆိုတာ ယုံကြည်ပါတယ်၊
နောက်တစ်ကြိမ် တံခါးကို မင်းဖွင့်ကြည့်လိုက်တော့လည်း
မင်းဟာ ဟောဒီမှာ ... ကိုယ့်နှလုံးသားထဲမှာပဲလေ၊
ပြီးတော့ ကိုယ့်နှလုံးသားက ထာဝရရှင်သန်နေမှာပါ အချစ်ရယ်။

ကိုယ်တို့နှစ်ယောက်ကို တစ်ကြိမ်တစ်ခါမျှသာအချစ်က တွယ်ငြိစေပေမယ့်
အဲ့ဒါ ... သက်ဆုံးတိုင် တည်မြဲတဲ့ အချစ်ပါပဲ၊
နှစ်ယောက်မှာ တစ်ဘဝဖြစ် ဘယ်တော့မှ ကုန်ဆုံးမသွားမယ့် အချစ်ကို
တို့ ပိုင်ဆိုင်ခဲ့ကြပြီ၊ တကယ်မှန်ကန်တဲ့ အချိန်ကာလတစ်ခုမှာ

- ဂျူး - နိုဝင်ဘာမိုး

မင်းအပေါ်မြတ်နိုးခဲ့ရတဲ့ ကိုယ့်အချစ်ကို ကိုယ့်ဘဝထဲမှာ
တစ်သက်တာ ထွေးပွေ့သိမ်းဆည်းထားလိုက်ပြီ၊
ဒီတော့ ကိုယ်တို့အချစ်ဟာ အမြဲရှင်သန်နေမှာပါကွယ်။

အဝေးမှာ အနီးမှာ ... ဘယ်နေရာမှာပဲ မင်းရှိရှိ
ကိုယ်တို့နှလုံးသားက အမြဲရှင်သန်နေတယ်ဆိုတာ ကိုယ်ယုံကြည်ပါတယ်၊
( လောကကြီးမှာ ဘယ်တော့မှ ပျက်ပြယ်မသွားတဲ့အချစ်ဆိုတာ ရှိနေပါတယ်)
နောက်တစ်ကြိမ် တံခါးကို မင်းဖွင့်ကြည့်လိုက်တော့လည်း
မင်းဟာ ဟောဒီမှာ ... ကိုယ့်နှလုံးသားထဲမှာပဲလေ၊
ပြီးတော့ ကိုယ့်နှလုံးသားက ထာဝရရှင်သန်နေမှာပါ အချစ်ရယ်။

မင်းဒီမှာရှိနေပြီမို့ ကိုယ်ဘာကိုမှ မကြောက်တော့ဘူး
ကိုယ့်နှလုံးသား အမြဲရှင်သန်နေမှာ ကိုယ်သိတယ်လေ၊
ဒီလိုနည်းနဲ့ တို့နှစ်ယောက် ထာဝရတည်ရှိနေကြလိမ့်မယ်၊
ကိုယ့်နှလုံးသားထဲမှာ မင်းလည်း လုံခြုံနွေးထွေးနေမှာပါ၊
ပြီးတော့ ကိုယ့်နှလုံးသားက ထာဝရရှင်သန်နေမှာပါ အချစ်ရယ်...။

***

ဆလင်းဒီယွန်ရဲ့ "Let's Talk About Love" album ထဲက သီချင်းတစ်ပုဒ်ပါ။ Titanic ရုပ်ရှင်ဇာတ်ကားရဲ့ အဓိက ဇာတ်ဝင်သီချင်းပါပဲ။ ဆွေးမြည့် ကြေကွဲစရာ အချစ်သီချင်းအဖြစ် အလွန်နာမည်ကြီး လူကြိုက်များပါတယ်။ ဘာကြောင့် လူကြိုက်များရသလဲလို့ အဖြေရှာကြည့်တဲ့အခါ နာမည်ကြီးရခြင်း အကြောင်းရင်းတွေ တွေ့လာရတယ်။

၁) တိုက်တဲန်းနစ် ရုပ်ရှင်ဟာ ရုံမတင်မီကတည်းက နာမည်ကြီးနေတဲ့ ဇာတ်ကားဖြစ်တယ်၊ ၁၉၁၂ ခုနှစ်တုန်းက တိုက်တန်းနစ်သင်္ဘောကြီး ရေခဲတောင်နဲ့ တိုက်မိပြီး နစ်မြုပ်သွားတဲ့အဖြစ်ဟာ တစ်ကမ္ဘာလုံး တုန်လှုပ်ချောက်ချားရတဲ့၊ အခုအချိန်အထိ မမေ့နိုင်တဲ့ အဖြစ်အပျက်ပါပဲ။ Titanic ကို လူတိုင်း စိတ်ဝင်စားကြတယ်။ သင်္ဘောကြီး နစ်မြုပ်တဲ့အချိန်မှာ သင်္ဘောပေါ်မှာ ခရီးသည်ပေါင်း ၂၂၂၈ ယောက် ပါဝင်တယ်၊ လူပေါင်း ၁၅၂၃ ယောက် သေဆုံးသွားခဲ့ရတယ်၊ အလွန် ထိခိုက်ကြေကွဲရတဲ့ အဖြစ်ပေါ့။ အခုအချိန်ထိ Titanic သင်္ဘောကြီးဟာ သမုဒ္ဒရာရေပြင်အောက် နစ်မိုင်ခွဲအနက်မှာ ရှိနေတုန်းပဲ။

၂) ဒီရုပ်ရှင်ကို ရိုက်ကူးတဲ့ ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန် ကိုယ်တိုင်က နာမည်ကြီးပြီးသား အောင်မြင်ပြီးသား ဒါရိုက်တာ ဖြစ်တယ်။

ဂျိမ်းစ်ကင်မရွန်ဟာ ဒီရုပ်ရှင်ရိုက်ကူးဖို့အတွက် Titanic သင်္ဘောပျက်ကြီး ရှိရာကို ၁၂ကြိမ်တောင် သွားကြည့်ခဲ့၊ လေ့လာခဲ့၊ ဗီဒီယိုရိုက်ခဲ့တယ်လို့ ပြောကြတယ်။ ၂၄ ပေမြင့်တဲ့ ပုံစံတူ သင်္ဘောကလေးကို အစမ်းဗီဒီယို ရိုက်ကြည့်ပြီးတဲ့နောက်မှာတော့ ဂျိမ်းစ်ကင်မရွန်ဟာ ကိုယ်ပိုင်စတူဒီယိုကြီးတစ်ခု တည်ဆောက်ပြီး ရိုက်ကူးမှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီနောက်တော့ မက္ကဆီကိုကမ်းခြေမှာ ဧကပေါင်း ၄၀ ရှိတဲ့ စတူဒီယိုကြီးတစ်ခုကို တည်ဆောက်တယ်၊ နောက်ပြီး ရေဂါလန်တန်ချိန် ၁၇သန်းဆံ့တဲ့ ကမ္ဘာ့အကြီးဆုံး ရေတိုင်ကီကြီး ဆောက်ပြီး ရုပ်ရှင်ရိုက်ခဲ့သတဲ့။ သူတို့အပြောအရတော့ 'ဒါဟာ ရုပ်ရှင်ဆက်တင်တစ်ခုမျှသာ မဟုတ်တော့ပါဘူး၊ ဒါဟာ မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်' … တဲ့။

နောက်ပြီး ပေပေါင်း ၇၇၅ပေ အရှည်ရှိတဲ့ (ဘောလုံးကွင်း သုံးကွင်းစာအရှည်လို့ ပြောကြတယ်) ပုံစံတူ Titanic သင်္ဘောကြီးဆောက်လုပ်ခဲ့တာ အားလုံး သိကြပြီး ဖြစ်မှာပေါ့။ (တကယ့် Titanic ဟာ အရှည် ၈၈၂ပေနဲ့ ကိုးလက်မရှိတယ်။ ဒီတော့ ၉၀

ရာခိုင်နှုန်းတူတဲ့သင်္ဘောလို့ ပြောရမှာပေါ့) ဒီရုပ်ရှင်ဟာ ခုချိန်ထိ ပိုက်ဆံအကုန်ကျဆုံး ရုပ်ရှင်တစ်ခုဖြစ်သွားတယ်။

၃) ဒီရုပ်ရှင် နာမည်ကြီးတာနဲ့အမျှ ဇာတ်ဝင်သီချင်းရဲ့ သီချင်းဗီဒီယိုဟာလည်း နာမည်ကြီးနေခဲ့တယ်။ သီချင်းဗီဒီယို ရိုက်ကူးတဲ့အခါ ဆလင်းဒီယွန်ဟာ သင်္ဘောကြီး တစ်စင်းရဲ့ ဦးပိုင်းထိပ်မှာ မတ်တတ်ရပ်ပြီး သီဆိုနေပုံနဲ့ ရိုက်ကူးခဲ့တယ်။ ဆလင်းရဲ့ နောက်ဘက် အပေါ်ဘက်ကောင်းကင်ဟာ နက်ပြာရောင်နဲ့ ကြယ်တွေစုံတဲ့ ကောင်းကင် အဖြစ်မြင်ရတယ်။ ဆလင်းရဲ့ မျက်နှာအမူအရာက ခိုင်မြဲတဲ့အချစ်ကို ကြေကြေကွဲကွဲ သရုပ်ဖော်နေတဲ့ ဟန်မျိုးပါ။ လီယိုနာဒို ဒီကက်ပရီယိုနဲ့ ကိတ်ဝင်းဆလက်တို့ရဲ့ ဇာတ်ဝင်ခန်း တချို့ကိုလည်း သီချင်းဗီဒီယိုမှာ ဖြတ်ဖြတ်ပြီး ပြတယ်။ သူတို့နှစ်ယောက် သင်္ဘောဦးပိုင်းမှာ မတ်မတ်ရပ်ပြီး ကမ္ဘာ့ရေပြင်ကြီးကို ရင်သပ်ရှုမော တအံ့တသြ ကျေနပ်ရင်းက ချစ်ခင်တွယ်တာသွားတဲ့ ပြကွက်လည်း ပါတာပေါ့။ ဒါဟာလည်း တီဗွီကြည့် ပရိသတ်အတွက် သီချင်းရဲ့ ဆွဲဆောင်အားတစ်ခု ဖြစ်နိုင်ပါတယ်။

၄) Titanic ရုပ်ရှင်ကို ကြော်ငြာတော့လည်း ဒီသီချင်းနဲ့ ဒီဇာတ်ဝင်ခန်းတွေနဲ့ ကြော်ငြာခဲ့တာဆိုတော့ တီဗွီကြည့်ပရိသတ်ဟာ ဒီသီချင်းကို ထပ်ကာတလဲလဲ ကြားရတယ် မြင်ရတယ်။ လူတိုင်းစိတ်ဝင်စားခဲ့ကြတယ်။ လူတိုင်း ဒီသီချင်းနဲ့ ရင်းနှီးခဲ့ရတယ်၊ ဒါတွေဟာလည်း သီချင်းရဲ့ ဆွဲဆောင်မှုတွေပဲပေါ့။

၅) တလောက 'ရွှေကမ္ဘာလုံးဆု' (Golden Globe Award) ပေးပွဲမှာ ဒီသီချင်း 'My Heart Will Go On' က အကောင်းဆုံး ရုပ်ရှင်ဇာတ်ဝင်သီချင်းဆု ရသွားခဲ့တယ်။

၆) အဲဒီအချက်တွေအပြင် ငြင်းလို့မရတဲ့ အမှန်ဆုံးအကြောင်းရင်းတစ်ခုကတော့ သီချင်းတေးသွားနဲ့ ဂီတဖွဲ့စည်းမှု လှပလို့ပါ။

- ဂျူး - နိုဝင်ဘာမိုး

ရုပ်ရှင်ဇာတ်လမ်းကျောရိုးနဲ့ အလွန်လိုက်ဖက်တဲ့ အချစ်ဖွဲ့သီချင်း စာသားတွေကို ဆလင်းက လှလှပပ သီဆိုသွားနိုင်ခဲ့တယ်။ ကြေကွဲရင်းက အားတင်းလိုက်ရတဲ့ အချစ်ရဲ့ ခိုင်မြဲမှုကို ပေါ်လွင်အောင် သူဆိုသွားနိုင်ခဲ့ပါတယ်။ ဆလင်းရဲ့ ရင်ထဲက လာတဲ့အသံထဲမှာ တမ်းတမှုတွေနဲ့ အားတင်းမှုတွေကိုပါ ကြားရခံစားရတယ်။

ဂီတဖွဲ့စည်းမှုက ရိုးရိုးလေးနဲ့ လှပတယ်။ သီချင်းအစ (Introduction) မှာ ဖြည်းဖြည်းကလေးနဲ့ နူးညံ့တဲ့ ဂီတ (စန္ဒရားနဲ့ ဂစ်တာ) ကို ရောပြီး ထည့်ထားတာမျိုး၊ တယောသံကို ညင်ညင်သာသာလေးနဲ့ နားထောင်သူဆီ ဆွဲခေါ်လာပေးတာမျိုးပေါ့။ ကမ်းစပ်ကျောက်ဆောင်ဆီကို တဖြည်းဖြည်း မြင့်လာ ပြင်းထန်လာ၊ အရှိန်ရလာသလိုပဲ ဂီတနဲ့ သီချင်းသံဟာ တဖြည်းဖြည်းမြင့်တက်လာတယ်။ နောက်ဆုံး အရှိန်အပြင်းဆုံး သံပြိုင်နဲ့ ကျောက်ဆောင်ကို ရောက်သွားသလိုမျိုး၊ ဆလင်းရဲ့အသံ Chorus ဂီတသံဟာ (ဂီတတူရိယာအစုံနဲ့) နားထောင်သူရင်ထဲကို အရှိန်ပြင်းပြင်း ထိုးဖောက်သွားနိုင်ခဲ့တယ်။

အလွန်ချစ်စရာကောင်းတဲ့ သီချင်းတစ်ပုဒ်ပါ။

- ဂျူး - နိုဝင်ဘာမိုး



**YOU'RE STILL THE ONE**

Shania Twain

(When I first saw you, I saw love.
And the first time you touched me, I felt love.
And after all this time, you're still the one I love.)

Looks like we made it.
Look how far we've come my baby.
We mighta took the long way.
We knew we'd get there someday.

They said, "I bet they'll never make it."
But just look at us holding on.
We're still together still going strong.

Still you're still the one I run to the one that I belong to
You're still the one I want for life
You're still the one that I love the only one I dream of
You're still the one I kiss good night.

Ain't nothing better.
We beat the odds together
I'm glad we didn't listen
Look at what we would be missing.

- ဂျူး - နိုဝင်ဘာမိုး

They said, "I bet they'll never make it."
But just look at us holding on.
We're still together still going strong.
You're still the one I run to the one that I belong to
You're still the one I want for life
You're still the one that I love the only one I dream of
You're still the one I kiss good night.

I'm so glad we made it.
Look how far we've come my baby.

***

**ခရိုင်းထိ မင်းတစ်ယောက်သာ**
ရှနီယာ တွိန်း

(စကားပြော) မင်းကို ပထမဆုံးအကြိမ် စမြင်တွေ့လိုက်တဲ့အခါ
အချစ်ကို ကိုယ်မြင်လိုက်ရတာပါပဲ။ ပြီးတော့ ... ပထမဆုံးအကြိမ်
မင်းကိုယ့်ကို ထိလာတဲ့အခါ အချစ်ကို ကိုယ်ခံစားသိနဲ့ သိလိုက်ရတာပါပဲ။
ပြီးတော့လည်း ဒီလောက်အချိန်တွေ ကြာမြင့်လာပြီးတဲ့နောက်မှာ
မင်းတစ်ယောက်သာ ကိုယ့်အချစ် ဖြစ်နေဆဲပါ။

ကိုယ်တို့အနိုင်ရလိုက်ပြီနဲ့ တူပါရဲ့ ... နော်
ကြည့်စမ်းပါ အချစ်ရယ်...
ကိုယ်တို့ဘယ်လောက် ခရီးရောက်ခဲ့ကြပြီလဲ ဆိုတာ၊

ကိုယ်တို့ ခရီးရှည်ကြီးကို လှမ်းမိကောင်းလှမ်းမိခဲ့နိုင်တယ်။
ကိုယ်တို့ သိနေခဲ့သားပဲ၊ တစ်နေ့ကျရင် အဲဒီကို ရောက်ကြမှာ ... ဆိုတာ၊
သူတို့က ပြောခဲ့တယ်လေ...
'ဒီနှစ်ယောက် ဘယ်တော့မှ မြဲမှာမဟုတ်ပါဘူး၊ ငါလောင်းရဲတယ်' ... တဲ့။
ဒါပေမဲ့ ကြည့်စမ်း၊ ကိုယ်တို့တစ်ယောက်ကိုတစ်ယောက် မြဲမြဲဆုတ်ကိုင်ထားဆဲ
အခုထိ နှစ်ယောက်အတူရှိနေဆဲ၊
ပတ်ဝန်းကျင်ကို ရင်ဆိုင်ဖို့ ခွန်အားအသစ်တွေ တိုးနေဆဲလေ။

ခုထိ ... မင်းတစ်ယောက်သာပါပဲ၊
ခုထိ ... မင်းတစ်ယောက်သာ ကိုယ်ပြေးဝင်မိတဲ့ရင်ခွင်တစ်ခု
ကိုယ့်ကို ပိုင်စိုးထားသူ ...
ခုထိ ... မင်းတစ်ယောက်သာ တစ်သက်တာ ကိုယ်လိုချင်မက်မောသူ
ခုထိ ... မင်းတစ်ယောက်သာ ကိုယ်တွယ်တာမြတ်နိုးချစ်ရသူ
မင်းတစ်ယောက်သာ ကိုယ့်အိပ်မက်တွေကို စိုးမိုးထားသူ
ခုထိ ... မင်းတစ်ယောက်သာ ညအိပ်ရာဝင် ကိုယ်နှုတ်ဆက်နမ်းရသူပါကွယ်။

သူတို့ပြောတဲ့ ဖြစ်နိုင်ခြေတွေအားလုံးကို ကိုယ်တို့ဖျက်ဆီးအနိုင်ယူခဲ့တာ
ဘယ်အရာကမှ ဒို့ထက်ပို မသာယာစေနိုင်ပါဘူး၊
ပတ်ဝန်းကျင်စကားတွေကို နားမယောင်မိခဲ့ကြတဲ့အတွက်
ကိုယ်ဝမ်းသာရတယ်၊
ကြည့်ပါဦးကွယ်... ကိုယ်တို့ ဒါကိုမရလိုက်ဘဲ လွဲသွားခဲ့နိုင်တယ်နော်။

သူတို့က ပြောခဲ့တယ်လေ...
'ဒီနှစ်ယောက် ဘယ်တော့မှ မြဲမှာမဟုတ်ပါဘူး၊ ငါလောင်းရဲတယ်' ... တဲ့။
ဒါပေမဲ့ ကြည့်စမ်း...

- ဂျူး - နိုဝင်ဘာမိုး

ကိုယ်တို့တစ်ယောက်ကိုတစ်ယောက် မြဲမြဲဆုတ်ကိုင်ထားဆဲ
အခုထိ နှစ်ယောက်အတူရှိနေဆဲ…
ပတ်ဝန်းကျင်ကို ရင်ဆိုင်ဖို့ ခွန်အားအသစ်တွေ တိုးနေဆဲလေ။

ခုထိ … မင်းတစ်ယောက်သာပါပဲ၊
ခုထိ … မင်းတစ်ယောက်သာ ကိုယ်ပြေးဝင်မိတဲ့ရင်ခွင်တစ်ခု
ကိုယ့်ကို ပိုင်စိုးထားသူ …
ခုထိ … မင်းတစ်ယောက်သာ တစ်သက်တာ ကိုယ်လိုချင်မက်မောသူ
ခုထိ … မင်းတစ်ယောက်သာ ကိုယ်တွယ်တာမြတ်နိုးချစ်ရသူ
မင်းတစ်ယောက်သာ ကိုယ့်အိပ်မက်တွေကို စိုးမိုးထားသူ
ခုထိ … မင်းတစ်ယောက်သာ ညအိပ်ရာဝင် ကိုယ်နှုတ်ဆက်နမ်းရသူပါကွယ်။

ကိုယ်တို့ ခုလိုလုပ်ပြနိုင်ခဲ့တာကို ကိုယ်ဝမ်းသာတယ်
ကိုယ်တို့ ဘယ်လောက်ခရီးရောက်ခဲ့ပြီလဲ
ကြည့်စမ်းပါ အချစ်လေးရယ်…။

***

Shania Twain ရဲ့ You're still the one သီချင်းဟာ သူ့ album 'Come on Over' ထဲမှာ အကောင်းဆုံး သီချင်းတစ်ပုဒ်လို့ ပြောနိုင်ပါတယ်။ စာသား အဓိပ္ပာယ်လေးက ရိုးရိုးလေးနဲ့ ချစ်စရာ၊ သံစဉ်တေးသွားနဲ့ ဂီတဖွဲ့စည်းမှုက သာသာယာယာလေးနဲ့ အလွန်ကို လှပပါတယ်။

သူတို့ဆီက ရေဒီယိုမှာ ရုပ်မြင်သံကြားမှာ Top 10 ထဲမှာပါခဲ့တဲ့ သီချင်းပါ။ တခြားသီချင်းတွေလို ခဏခဏ နားထောင်မှ နှစ်သက်စွဲလမ်းစရာ မဟုတ်ဘဲ တစ်ခါ

နားထောင်ရုံနဲ့ ရင်ထဲထိအောင် စွဲငြိသွားစေတဲ့ သီချင်းတစ်ပုဒ်လို့ ပြောလို့ရပါတယ်။ ဒီသီချင်းကို ရေးစပ်ရာမှာ အဆိုတော် ရှနီယာတွိန်း ကိုယ်တိုင် သီချင်းရေးဆရာနဲ့အတူ တွဲဖက်ရေးစပ်ခဲ့တာတဲ့။

Shania Twain ရဲ့ Come on Over အယ်လ်ဘမ်ဟာ ၁၉၉၉ ခုနှစ်အတွက် အရောင်းရဆုံး (Top-selling) Album ဆယ်ခုထဲမှာ နံပါတ်(၄) နေရာချိတ်ခဲ့တယ်။ ဓာတ်ပြားချပ်ရေ (အဲဒီတစ်နှစ်တည်း) ၅.၆သန်း ရောင်းခဲ့ရတယ်။

Shania Twain ဟာ ကနေဒါနိုင်ငံသူလေး ဖြစ်တယ်။

အသက်ရှစ်နှစ်အရွယ် ကလေးဘဝကတည်းက မြို့ပေါင်းစုံက ကလပ်တွေမှာ သီချင်းဆိုခဲ့တာ။ ၁၁နှစ်အရွယ်မှာတော့ Professional အဆိုတော်လေး ဖြစ်လာခဲ့တယ်လို့ ကြားပါတယ်။ ဒါကြောင့် သူသွားလေရာ ဂီတ နယ်လှည့် ဖြေဖျော်ပွဲတွေမှာ အစွမ်းအစရှိတဲ့ Local Talents ကလေးတွေကို စင်ပေါ်မှာဖိတ်ခေါ်ပြီး သူနဲ့အတူသီချင်းဆိုစေခဲ့တာကို သူရဲ့ Come on Over ဂီတဗီဒီယိုမှာ မြင်နိုင်ပါတယ်။

ပတ်ဝန်းကျင် ကဲ့ရဲ့စကားဆိုတာ အနောက်နိုင်ငံရော အရှေ့နိုင်ငံမှာပါ မလွတ်ကင်းကြပါဘူး၊ ချစ်သူနှစ်ယောက်ကို ကွဲသွားစေလောက်အောင် သူတို့ စကားတင်းတွေ၊ ကဲ့ရဲ့အမှုအရာတွေက ထိရောက်တတ်ပါတယ်။ ဒီသီချင်းဟာ ပတ်ဝန်းကျင်ရဲ့ အမြင်ကို ပြောင်းပြန် လှန်ပစ်လိုက်တဲ့ ချစ်သူစုံတွဲနှစ်ဦးရဲ့ တည်မြဲတဲ့ အချစ်ကို ဖော်ပြထားတာ၊ အဓိက ကတော့ မိန်းကလေးရဲ့ သတ္တိနဲ့ ခိုင်မာတဲ့ အချစ်ပဲပေါ့။

- ဂျူး - နိုဝင်ဘာမိုး



**TORN**

Natalie Imbruglia

I thought I saw a man brought to life.
He was warm. He came around and he was dignified.
He showed me what it was to cry.

Well...  you couldn't be that man I adored.
You don't seem to know or
seem to care what your heart is for.
I don't know him anymore.

There's nothing where he used to lie.
My conversation has run dry.
That's what's going on. Nothing's fine. I'm torn.

I'm all out of faith. This is how I feel.
I'm cold and I am shamed.
Lying naked on the floor.
Illusion never changed into something real.
I'm wide awake and I can see the perfect sky is torn.
You're a little late. I'm already torn.

So I guess the fortune teller's right.
I should have seen just what was there and

not some holy light.
But you crawled beneath my veins and now I don't care.
I have no luck.
I don't miss it all that much.
There's just so many things that I can't touch.
I'm torn.

I'm all out of faith ... ... ... I'm already torn.

There's nothing where he used to lie.
My inspiration has run dry.
That's what's going on.Nothing's right.
I'm torn.

**ပြိုကွဲခဲ့လေပြီ**
နာတာလီ အင်ဘရူ(ဂ်) လီယာ

ဘဝကို ရှင်သန်လာအောင် အသက်သွင်းပေးတဲ့ လူတစ်ယောက်ကို
ငါတွေ့ရတယ် ထင်ခဲ့တာ၊
နွေးထွေးလိုက်လှဲသူပေါ့၊ ဂုဏ်ပြုခံရသလို
ခမ်းခမ်းနားနား သွင်ပြင်မျိုးနဲ့ ရောက်လာခဲ့တာ
ဘယ်အရာဟာ ဝိုစရာလဲလို့ ငါ့ကို သူသင်ပြသွားခဲ့လေရဲ့။

အေးလေ... အဲဒီ ငါချစ်မြတ်နိုးရတဲ့ ယောကျ်ားဟာ မင်းမဖြစ်နိုင်ပါဘူး၊
မင်းနှလုံးသားဟာ ဘာအတွက် ဖြစ်လာတယ်ဆိုတာ မင်း သိပုံမရ၊
ဂရုစိုက်ပုံလည်း မရပါဘူး၊
ငါ သူ့ကို သိကို မသိနိုင်တော့ပါဘူးကွယ်။

သူရှိခဲ့ဖူးတဲ့နေရာမှာ ဘာမှမရှိတော့ပါဘူး၊
ငါ့စကားတွေ ခြောက်သွေ့သွားခဲ့ရတာပေါ့၊
ဖြစ်ခဲ့တာကတော့ အဲဒါပဲ…
ဘာမှလည်း မသာယာ မချောမွေ့တော့ပါဘူး၊
ငါက ပြိုကွဲခဲ့ပြီလေ။

ယုံကြည်မှုတွေ ကင်းမဲ့ခဲ့ရ
ငါ ခံစားနေရတာကတော့ အဲဒါပါပဲ၊
ကြမ်းပြင်ပေါ် ဗလာလဲလျောင်းရင်း အေးစက်
အရက်လည်း ရခဲ့ပြီ။
ထင်ယောင်ထင်မှား လှည့်စားမှုဟာ ဘယ်တော့မှ
တကယ်ဖြစ်မလာနိုင်တော့ပါဘူး၊
ငါ ကောင်းကောင်းနိုးနေပါရဲ့၊
သေသပ်ပြည့်စုံတဲ့ ကောင်းကင်ကြီး စုတ်ပြဲပြိုကွဲသွားတာ ငါမြင်ရပါတယ်၊
မင်း နည်းနည်းကလေး နောက်ကျသွားတယ်ကွယ်၊
ငါဟာ ပြိုကွဲခဲ့ပြီလေ။

ဒီတော့လည်း ရှေ့ဖြစ်ဟောဆရာ မှန်ပုံရသားပဲ။
အရှိကို အရှိအတိုင်းပဲ မြင်ခဲ့ဖို့ကောင်းတာ
မြင့်မြတ်တဲ့ အလင်းရောင်သာ မြင်ခဲ့မိလေခြင်း။
ဒါပေမဲ့ ငါ့သွေးကြောတွေထဲအထိ မင်းဟာ တိုးရွေ့ဝင်ရောက်နေခဲ့ပြီးပြီ၊
အခုမှတော့ ငါ ဂရုမစိုက်တော့ပါဘူး။
ငါဟာ ကံမွဲခဲ့သူ … ။
ဒါ … သိပ်တော့လည်း လွမ်းလောက်စရာမဟုတ်ပါဘူး။
လောကမှာ ငါ မရနိုင်တဲ့အရာတွေလည်း အများကြီးပဲ ဥစ္စာ၊

ငါကတော့ ပြိုကွဲခဲ့ပြီလေ။

ယုံကြည်မှုတွေ ကင်းမဲ့ခဲ့ရ … …. … ငါဟာ ပြိုကွဲခဲ့ပြီလေ။
သူရှိခဲ့ဖူးတဲ့ နေရာမှာ ဘာမှမရှိတော့ဘူး၊
ငါ့အာရုံဝင်စားမှုတွေလည်း ခြောက်သွေ့သွားခဲ့ရတာပေါ့။
ဖြစ်ခဲ့တာကတော့ အဲဒါပဲ
ဘာမှလည်း မမှန်ကန်တော့ပါဘူး၊
ငါဟာ ပြိုကွဲခဲ့ပြီလေ …။

***

ဒီသီချင်းကို Thornalley. Culter နဲ့ Previn တို့က ရေးစပ်ခဲ့ပြီး နာတာလီ အင်ဘရု(ဂ်) လီယာက ဆိုထားပါတယ်။ ၁၉၉၈ ခုနှစ်ထုတ် Left of the middle အယ်လ်ဘမ်ထဲက သီချင်းတစ်ပုဒ်ပါ။

နာတာလီအင်ဘရူးလီယာ (bruglia ကို g သံမထည့်ဘဲ အသံထွက်ရပါတယ်) ဟာ ဩစတြေးလျသူကလေးပါ။ အဖေက အီတာလျံအနွယ်၊ အမေက ကျောင်းဆရာမပါ။ နာတာလီဟာ ညီအစ်မလေးယောက်မှာ ဒုတိယအကြီးဆုံး သမီးပေါ့။

ကလေးဘဝအရွယ် (အသက်နှစ်နှစ်လောက် ကတည်းက) ဘဲလေးအက သင်တန်းတွေ တက်ခဲ့တယ်။ ကခဲ့တယ်။ ဆယ်ကျော်သက် အရွယ်ရောက်တော့ ပြဇာတ် အနုပညာကို စိတ်ဝင်စားလာတယ်။ ဒီလိုနဲ့ အသက် ၁၇နှစ်မှာ ဩစတြေးလျနိုင်ငံက နာမည်ကြီး ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ တစ်ခုဖြစ်တဲ့ Neighbours မှာ ပါဝင် သရုပ်ဆောင်ခွင့်ရခဲ့တယ်။ Neighbours ဟာ ဩစတြေးလျမှာသာမက အင်္ဂလန်မှာပါ နာမည်ကြီးခဲ့ပါတယ်။ ဒါပေမဲ့ တစ်နှစ်အတွင်းမှာပဲ အဲဒီဘဝကို သူ အားမရဘဲ ဖြစ်လာတယ်။ ငါ ဘာလုပ်နေပါလိမ့်လို့ ကိုယ့်ကိုယ်ကို ပြန်မေးမိသွားတော့တယ်တဲ့။ သူ့မှာ အဆိုတော်ဖြစ်ချင်စိတ်၊ ဂီတကို ချစ်တဲ့စိတ်တွေ ပြည့်လာတယ်။

- ဂျူး - နိုဝင်ဘာမိုး

နှစ်နှစ်လောက် သရုပ်ဆောင်ပြီးတော့ Neighbours ကနေ ထွက်ပြီး လန်ဒန်မှာ အလုပ်သွားလုပ်ခဲ့တယ်။ အဲဒီမှာ လေးနှစ်လောက် ကြာမှာပေ့ါ။ အလုပ်ဗီဇာ သက်တမ်း ကုန်သွားပြီး ထပ်မရတော့တဲ့အခါ သူ တော်တော် စိတ်ဓာတ်ကျသွားခဲ့တာ။ သူ လန်ဒန်က မခွာချင်ဘူးလေ။

TV မင်းသမီးလေးဆိုတော့ တေးသံသွင်း ဌာနတွေကို ချဉ်းကပ်ခဲ့ရာမှာ အခက်အခဲ မရှိဘူးပေ့ါ။

သီချင်းရေးဆရာ Phil Thornalley တစ်ယောက် နာတာလီရဲ့အသံကို ကြားရပြီးတဲ့ နောက်မှာတော့ နာတာလီရဲ့ အိပ်မက်ဟာ အကောင်အထည် ပေါ်လာပါတော့တယ်။

သူ့ရဲ့ပထမဆုံး အယ်လ်ဘမ် Left of the Middle ထဲက Torn သီချင်းဟာ ချက်ချင်း အောင်မြင်သွားခဲ့တော့တယ်။ Torn ကို ဆင်ဂယ်လ်အဖြစ် UKမှာ စ,ထုတ်ခဲ့တာ။ နောက်မှ Left of the Middle အယ်လ်ဘမ်ကို ထုတ်ခဲ့တာ။

ဒီသီချင်းဟာ အဲဒီအယ်လ်ဘမ်ရဲ့ လူကြိုက်အများဆုံး သီချင်းတစ်ပုဒ်ပေ့ါ။ ဒီအယ်လ်ဘမ်ထွက်ပြီးချိန်မှာ အမေရိကန်ပြည်ထောင်စုရဲ့ Top 10 List ထဲမှာ သူက နံပါတ် (၁) နေရာမှာ အချိန် တော်တော်ကြာအောင် ယူထားနိုင်ခဲ့တဲ့ သီချင်းပါပဲ။

ရိုးရိုးကလေး ရိုက်ကူးထားခဲ့တဲ့ Torn Music Video ဟာ ရုပ်မြင်သံကြားမှာ နံပါတ်(၁) နေရာမှာ အကြာကြီး တည်တံ့နေခဲ့တယ်။

- ဂျူး - နိုဝင်ဘာမိုး

ယုံကြည်ခြင်းနဲ့ ဖြစ်ပေါ်ခဲ့တဲ့အချစ်ကြောင့် နာကျင်ကြေကွဲရတဲ့ မိန်းကလေး တစ်ယောက်ရဲ့အဖြစ်ကို သံစဉ်လှလှလေးနဲ့ ရေးဖွဲ့ထားတဲ့ ချစ်စရာသီချင်းတစ်ပုဒ် ဖြစ်ပါတယ်။

- ဂျူး - နိုဝင်ဘာမိုး



KISS THE RAIN

Billy Myers

Hello. Can you hear me?
Am I getting through to you?
Hello. Is it late there?
There's a laughter on the line.
Are you sure you're there alone?
Cause I'm tryin' to explain somethin's wrong.
Ya just don't sound the same.
Why don't you, why don't you
Go outside, go outside.
Kiss the rain
Whenever you need me
Kiss the rain
Whenever I'm gone, too long.
If your lips feel lonely and thirsty
Kiss the rain
And wait for the dawn.
Keep in mind
We're under the same sky
And the nights
As empty for me, as for you
If ya feel
You can't wait till morining
Kiss the rain. Kiss the rain. Kiss the rain.

Hello. Do you miss me?
I hear you say you do
But not the way I'm missing you.
What's new?
How's the weather?
Is it stormy where you are?
Cause I'm so close but it feels like you're so far
Oh would it mean anything?
If you knew
What I'm left imagining
In my mind, in my mind
Would you go, would you go
Kiss the rain.
And you'd fall over me
Think of me,think of me, think of me
Only me.
Kiss the rain
Whenever I'm gone too long.
If your lips
Feel lonely and thirsty
Kiss the rain
and wait for the dawn.
Keep in mind
We're under the same sky
And the nights

- ဂျူး - နှိုဝင်ဘာမိုး

As empty for me, as for you.
If you feel
You can't wait till morning
Kiss the rain, kiss the rain
Kiss the rain, kiss the rain
Kiss the rain, kiss the rain

Hello!
Can ya hear me? Can ya hear me?
Can ya hear me?

***

**မိုးကိုနမ်းပါ**
ဘီလီမိုင်းယားစ်

ဟဲလို…
မင်း ကိုယ့်အသံကို ကြားရဲ့လားဟင်
မင်းရင်ထဲ ကိုယ်ရောက်လာနေရဲ့လား၊
ဟဲလို …
အဲဒီမှာ ညဥ့်နက်နေပြီလားဟင်…
တယ်လီဖုန်းလိုင်းထဲမှာ ရယ်သံတစ်ခု ကြားလိုက်ရတယ်။
အဲဒီမှာ မင်းတစ်ယောက်တည်း ရှိနေတာ သေချာရဲ့လားကွယ်။
တစ်ခုခုတော့ မှားနေပြီဆိုတာ ကိုယ်ပြောပြချင်လို့ပါ…
မင်းစကားသံဟာ အရင်နဲ့မတူသလိုပဲ အချစ်ရယ်။
အပြင်ကို ထွက်လိုက်ပါလား၊ အပြင်ကို ထွက်သွားလိုက်ပါလားဟင်။
မိုးကိုနမ်းပါ။
ကိုယ့်ကို တမ်းတမိတဲ့အခါတိုင်း…

- ဂျူး - နိုဝင်ဘာမိုး

မိုးကိုနမ်းပါ။
အဝေးမှာ ကိုယ်အကြာကြီး ရောက်နေရတဲ့အခါတိုင်း...
မင်းနှုတ်ခမ်းတွေ အထိးကျန်တမ်းတစိတ်နဲ့ ငတ်မွတ်နေရင်လည်း
မိုးကိုပဲ နမ်းလိုက်ပါလားကွယ်။
ပြီးတော့ အရုဏ်တက် အလင်းရောင်လာတဲ့အထိ စောင့်လိုက်ပါ။
စိတ်ထဲမှာ စွဲစွဲမြဲမြဲသိထားပါ အချစ်ရယ်
ကိုယ်တို့ဟာ တစ်ခုတည်းသော ကောင်းကင်အောက်မှာ
အတူတကွ ရှိနေကြတယ်ဆိုတာ
နောက်ပြီး... ညတွေဟာ မင်းအတွက် လစ်ဟာနေသမျှ
ကိုယ့်အတွက်လည်း ဗလာသက်သက် ဖြစ်နေတယ်ဆိုတာ...
မနက်ထိအောင် မစောင့်နိုင်တော့ဘူးလို့များ
မင်း ခံစားလိုက်ရရင်
မိုးကိုနမ်းပါ၊ မိုးကိုနမ်းပါ၊ မိုးစက်တွေကိုပဲ နမ်းစမ်းပါ။

ဟဲလို...
မင်းကိုယ့်ကို လွမ်းရဲ့လားဟင်
'လွမ်းတယ်' လို့ မင်းအဖြေကို ကိုယ်ကြားရပေမယ့်
ကိုယ်လွမ်းသလိုမျိုး မင်းလွမ်းနေတာ မဟုတ်ပါဘူး။
အဲဒီမှာ ဘာထူးခြားသေးလဲဟင်
ရာသီဥတုရော ဘယ်လိုနေလဲ
မင်းဆီမှာ မှန်တိုင်းထန်နေသလားဟင်
ကိုယ် ဒီလောက်နီးကပ်နေပါလျက်နဲ့
မင်းကတော့ ကိုယ်နဲ့ဝေးလှချည့်လို့ ကိုယ်ခံစားနေရလို့ပါ
ဒါ ... အဓိပ္ပာယ်တစ်ခုခုများ ရှိနေပြီလား။
ကိုယ့်စိတ်ထဲမှာ ဘာတွေတွေးပြီး ခံစားကျန်ရစ်တယ်ဆိုတာ
မင်းသာသိခဲ့ရင်...

မိုးကိုပဲ သွားနမ်းလေမလား
နောက်ပြီး ကိုယ့်တစ်ယောက်အပေါ်ပဲ မင်းပုံအပ်လိုက်လေမလား၊
ကိုယ့်အကြောင်းကိုပဲ တွေးနေပါလားကွယ်
ကိုယ်တစ်ယောက်တည်းကိုလေ
မိုးကိုနမ်းပါ
အဝေးမှာ ကိုယ်အကြာကြီးရောက်နေရတဲ့အခါတိုင်း
မင်းနှုတ်ခမ်းတွေ အထီးကျန်တမ်းတစိတ်နဲ့ ငတ်မွတ်နေရင်လည်း
မိုးကိုပဲ နမ်းပါလားကွယ်
ပြီးတော့ အရုဏ်တက် အလင်းရောင်လာတဲ့အထိ စောင့်လိုက်ပါ
ရင်ထဲမှာ စွဲစွဲမြဲမြဲသိထားပါ အချစ်ရယ်
ကိုယ်တို့ဟာ တစ်ခုတည်းသော ကောင်းကင်အောက်မှာတော့
အတူတကွရှိနေကြတယ်ဆိုတာ
နောက်ပြီး ... ညတွေဟာ မင်းအတွက် လစ်ဟာနေသမျှ
ကိုယ့်အတွက်လည်း ဗလာသက်သက်ဖြစ်နေတယ်ဆိုတာ
မနက်ထိအောင် မစောင့်နိုင်တော့ဘူးလို့များ
မင်းခံစားလိုက်ရရင်...
မိုးကိုနမ်းပါ ... မိုးကိုပဲ နမ်းပါ ... မိုးစက်တွေကိုပဲ နမ်းစမ်းပါ။
ဟဲလို...
မင်းကိုယ့်အသံကိုကြားရဲ့လားဟင်... ကိုယ့်အသံကြားရဲ့လားဟင်
ကိုယ့်အသံကို ကြားရဲ့လားဟင်။

***

ဘီလီမိုင်းယားစ်ရဲ့ နာမည်ကြီး သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ သီချင်းရေးစပ်တဲ့ ကဏ္ဍမှာ ဘီလီမိုင်းယားစ် ကိုယ်တိုင်လည်း ပါဝင်ခဲ့တယ်လို့ သိရပါတယ်။ ချစ်သူနဲ့

မိုင်ပေါင်းများစွာ အဝေးတစ်နေရာကို ရောက်နေရတဲ့ မိန်းကလေး တစ်ယောက် ဘာတွေ ရင်ဆိုင်ကြုံတွေ့ရတတ်တယ် ဆိုတာ ဖွင့်ပြလိုက်တဲ့ သီချင်း တစ်ပုဒ်ပါ။

ဒီလိုအဖြစ်မျိုး ဒီလိုအချိန်မျိုးမှာ ကိုယ့်ဘက်က ဖက်တွယ် ဆုပ်ကိုင်စရာဆိုလို့ ချစ်သူအပေါ် ယုံကြည်စိတ်ချမှု တစ်ခုသာ ရှိတာပါ။

မိုင်ပေါင်းထောင်နဲ့ချီပြီး ဝေးနေကြတာဆိုတော့ ကိုယ့်ဆီမှာ နေ့လယ်ခင်းဟာ ချစ်သူဆီမှာ ညဉ့်နက်သန်းခေါင် ဖြစ်နေတုန်းပဲပေါ့။ ချစ်သူကိုလွမ်းလွန်းလို့၊ ချစ်သူကလည်း လွမ်းနေမှာသိလို့၊ ချစ်သူ့စကားသံလေးကို ကြားချင်လွန်းလို့၊ ဖုန်းဆက်လိုက်ခါမှ ဖုန်းထဲမှာ ရယ်သံတစ်ခု ကြားလိုက်ရသတဲ့။

ဝမ်းနည်းမှု၊ နာကျင်မှု၊ အခံရခက်မှုနဲ့အတူ အံ့ဩတုန်လှုပ်မှုတွေ ဘယ်လောက်ထိ ဖိစီး နှိပ်စက်လိုက်လေမလဲ နော်။

'ညဆိုတဲ့ ဖမ်းစားမှုတစ်ခုကနေ မလွတ်မြောက်နိုင်သေးခင် (မနက် အလောင်းရောင်မလာခင်) အချိန်အတွင်း မင်းရဲ့တမ်းတစိတ်တွေကို အာရုံလွှဲပစ်ဖို့ (အခြား နှုတ်ခမ်းတစ်ခုခုကို နမ်းမယ့်အစား) မိုးကိုပဲ နမ်းလိုက်ပါတော့လား အချစ်ရယ်...' လို့ ကြေကွဲစွာ တောင်းပန်ညည်းညူလိုက်ရတဲ့ ခံစားချက်ကို ဘီလီမိုင်းယားစ်ရဲ့ အသံမှာ တွေ့နိုင်ပါတယ်။

ဘုရားရေ...

ချစ်သူနဲ့ ကိုယ်နဲ့ ကမ္ဘာကြီးရဲ့ ဟိုဘက်ခြမ်း ဒီဘက်ခြမ်းမှာ ရောက်နေကြရတဲ့ အဖြစ်ဟာ မိန်းမတစ်ယောက် အတွက်တော့ တော်တော်ရက်စက်တဲ့ ကံကြမ္မာရဲ့ စီရင်ချက် တစ်ခုပါပဲလား။

- ဂျူး - နိုဝင်ဘာမိုး



SLEEPING CHILD

Michael Learns to Rock

The milky way upon the heavens is twinkling just for you
And Mr. Moon he came by to say goodnight to you
I'll sing for you, I'll sing for mother
We're praying for the world
And for the people everywhere, gonna show them all we care

Oh my sleeping child the world's so wild
But you've build your own paradise
That's one reason why I'll cover you sleeping child

If all the people around the world they had a mind like yours
We'd have no fighting and no wars
There would be lasting peace on earth

If all the kings and all the leaders
Could see you here this way
They would hold the earth in their arms
They would learn to watch you play

Oh my sleeping child the world's so wild
But you've build your own paradise
That's one reason why I'll cover you sleeping child

- ဂျူး - နီဝင်ဘာမိုး

I’m gonna, cover my sleeping child
Keep you away from the world so wild
Keep you away from the world
Away from the world so wild

***

**အိပ်ပျော်နေတဲ့ကလေးလေး**

မိုက်ကယ်လန်းစ်တူရော့ခ်

ဟိုးကောင်းကင်ဘုံဆီမှာ ‘မစ်လ်ကီးဝေး’ ကြယ်စုကလေး
ကလေးအတွက် … တဲ့ မှိတ်တုတ်မှိတ်တုတ် လင်းနေပြီ
ဖိုးလမင်းကြီးလည်း ကလေးကို အိပ်ရာဝင်နှုတ်ဆက်ဖို့တဲ့ ရောက်လာခဲ့ပြီ
ကိုယ် … ကလေးအတွက် သီချင်းဆိုပေးမယ်နော်
ကလေး မေမေအတွက်ရောပေါ့
ကိုယ်တို့ ဆုတောင်းကြရအောင်
ကမ္ဘာကြီးအတွက် ပြီး… နေရာတိုင်းမှာရှိတဲ့ လူတွေအတွက်
သူတို့အားလုံးအပေါ် တို့ရဲ့ယုယကြင်နာမှုတွေကို ပြကြရအောင်

အို… အိပ်ပျော်နေတဲ့ ကလေးရယ်
ကမ္ဘာကြီးဟာ ဘယ်လောက်ပဲ ရိုင်းစိုင်းကြမ်းကြုတ်လှပေမယ့်
ကလေးကတော့ သီးသန့်နိဗ္ဗာန်ကလေးတစ်ခု
ကိုယ်တိုင်တည်ဆောက်ခဲ့တာပဲနော်
ဒီတစ်ကြောင်းလည်း ပါလေရဲ့ အိပ်ပျော်နေတဲ့ ကလေးရယ်…
ကိုယ် ကလေးကို ကာကွယ်စောင့်ရှောက်ပေးမှာပေါ့ကွယ်

ကမ္ဘာကြီးမှာရှိသမျှ လူအားလုံးမှာ
မင်းလိုစိတ်ထားမျိုးသာ ရှိခဲ့မယ်ဆိုရင်
ကိုယ်တို့ကမ္ဘာမှာ တိုက်ခိုက်အနိုင်ယူမှုတွေလည်း ရှိတော့မှာမဟုတ်
စစ်ကြီးတွေလည်း ရှိတော့မှာ မဟုတ်ဘူး
ကမ္ဘာမှာ ငြိမ်းချမ်းသာယာမှုဟာ
အကြာကြီး တည်တံ့ခိုင်မြဲနေလိမ့်မယ်
ဘုရင်တွေအားလုံး ခေါင်းဆောင်တွေအားလုံးသာ
ဒီနေရာမှာ ကလေးကို ဒီပုံစံနဲ့ မြင်တွေ့ခွင့်ရမယ်ဆိုရင်
ကမ္ဘာကြီးကို သူတို့ရင်ခွင်ထဲမှာ ထွေးပွေ့ထားမိလိမ့်မယ်
မင်းကစားတာကို စောင့်ကြည့်တတ်ဖို့ သူတို့ သင်ခန်းစာရသွားလိမ့်မယ်

အို… အိပ်ပျော်နေတဲ့ ကလေးရယ်
ကမ္ဘာကြီးဟာ အင်မတန်ရှိုင်းစိုင်းကြမ်းကြုတ်လှပေမယ့်
မင်းကလေးကတော့ သီးသန့်နိဗ္ဗာန်ကလေးတစ်ခု
ကိုယ်တိုင် တည်ဆောက်ခဲ့တာပဲနော်
ဒီတစ်ကြောင်းလည်း ပါလေရဲ့ အိပ်ပျော်နေတဲ့ ကလေးရယ်…
ကိုယ် ကလေးကို ကာကွယ်စောင့်ရှောက်ပေးမှာပေါ့ကွယ်။

ကိုယ် ကလေးကို ကာကွယ်စောင့်ရှောက်သွားမှာပါ
ရိုင်းစိုင်းကြမ်းကြုတ်လှတဲ့ ကမ္ဘာကြီးနဲ့ ဝေးအောင် ထားမှာပါ
ဟောဒီကမ္ဘာကြီးနဲ့ ဝေးအောင် စောင့်ရှောက်သွားမှာပါ
ရိုင်းစိုင်းကြမ်းကြုတ်လှတဲ့ ကမ္ဘာကြီးနဲ့ ဝေးရာ …။

***

ကမ္ဘာကြီးမှာ မြင်တွေ့ ကြားသိနေရတဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ၊ ချောက်ချား နာကျင်ဖွယ်ရာ အဖြစ်ဆိုးတွေကို ကြောက်ရွံ့ အားငယ်နေရတဲ့ အချိန်အခါမျိုး၊

- ဂျူး - နိုဝင်ဘာမိုး

အခြေအနေမျိုးတွေ လူတိုင်း ခံစား ကျော်ဖြတ်ရဖူးမှာပါ။ နက်နက်ရှိုင်းရှိုင်း ခံစားတတ်သူတိုင်းလည်း သာယာငြိမ်းချမ်းတဲ့ ကမ္ဘာလောကကြီးကို တမ်းတ မျှော်လင့်မိတာပါပဲ။ အဲဒီလို တမ်းတမှုနဲ့ ရေးဖွဲ့ထားတဲ့ လှပတဲ့ သီချင်းကလေး တစ်ပုဒ် ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းမှာ ကလေးဘဝကလို နူးညံ့လှပတဲ့ စိတ်ထားလေးတွေ အပြစ်ကင်းစင်မှုကလေးတွေ ဘာကြောင့်များ မရှိရတော့တာလဲ၊ အဲဒီ စိတ်ထားကလေးတွေဟာ သင်ယူစရာ မလိုဘူး၊ လူတိုင်း အဲဒီအဆင့်ကနေ ဖြတ်ကျော်လာရတာမို့ လူတိုင်းမှာ ဒီစိတ်ထားလေးတွေ ရှိခဲ့ဖူးပါတယ်။ အခု ဘာကြောင့် မရှိရတော့တာလဲ။

ကလေးဘဝက ဖြူစင်နူးညံ့မှုမျိုးကိုသာ လူတိုင်းလူတိုင်း ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့မယ်ဆိုရင် ကမ္ဘာလောကကြီးတစ်ခုလုံး ဘယ်လောက်များ ငြိမ်းချမ်း လှပလိုက်လေမလဲ။ ဘယ်တော့များမှ စစ်ကြီးတွေနဲ့ ဝေးရာ တိုက်ခိုက်မှုတွေနဲ့ ဝေးရာ လှပတဲ့ ကမ္ဘာသစ်တစ်ခုကို ရနိုင်ပါ့မလဲ။

သူရဲ့ရင်သွေးငယ်ကလေး တစ်ယောက်ကို ကြင်နာစွာ သီချင်းဆိုသိပ်နေတဲ့ ဖခင်တစ်ယောက်ရဲ့ နူးညံ့ချောမောမှုမျိုးနဲ့ ညင်ညင်သာသာလေး ဖွဲ့နွဲ့သီဆိုထားတဲ့ ဒီသီချင်းကလေးဟာ စာသားလေးတွေကလည်း အဓိပ္ပာယ်ကောင်းပြီး သံစဉ်လေးကလည်း အလွန် ချစ်စရာကောင်းပါတယ်။ ဂစ်တာကိုပဲ သုံးပြီး ရိုးရိုးလေးနဲ့ သံစဉ်လှလှလေး ယူထားတာ တွေ့ရပါတယ်။

မြန်မာအဆိုတော် တော်တော်များများ သီဆိုဖူးတဲ့ သံစဉ်တေးသွားဖြစ်လို့ ဂီတနဲ့ မဝေးလှတဲ့လူတိုင်း ကြားဖူးမယ့် သီချင်းပါ။

- ဂျူး - နိုဝင်ဘာမိုး

ဂီတရဲ့ နူးညံ့တဲ့ ဆွဲဆောင်ဖန်တီးမှုကြောင့် နားထောင်သူ ကိုယ်တိုင် အပြစ်ကင်းစင်တဲ့ ကလေးလေးတစ်ယောက်ရဲ့ စိတ်ထားမျိုး တဒင်္ဂ ရရှိသွားစေမယ့် အားကိုးစရာ ရင်ခွင်တစ်ခုကို ရလိုက်သလို တစ်ခဏလုံခြုံသွားတဲ့ ခံစားချက်မျိုး ရလာပါလိမ့်မယ်။

- ဂျူး - နိုဝင်ဘာမိုး



- ဂျူး - နိုဝင်ဘာမိုး



**HOW DO I LIVE**

Le Ann Rimes

How do I get through the night without you?
If I had to live without you
What kind of life would that be?
Oh... I, I need you in my arms, need you to hold.
You're my world, my heart, my soul,
If you ever leave Baby you would take away
everything good in my life
And tell me now
How do I live without you I want to know.
How do I breathe without you if you ever go.
How do I ever, ever survive
How do I, how do I, oh... how do I live

Without you,
There'd be no sun in my sky.
There would be no love in my life.
There'd be no world left for me.
And I, Baby I don't know what I would do.
I'd be lost if I lost you.
If you ever leave Baby
you would take away everything real in my life.
And tell me now,
How do I live without you. I want to know.

- ဂျူး - နိုဝင်ဘာမိုး

How do I breathe without you if you ever go.
How do I ever, ever survive.
How do I, how do I, oh how do I live.

Please tell me, baby
How do I go on if you ever leave.
Baby you would take away everything.
Need you with me
Baby don't you know that you're everything good in my life.
And tell me now,
How do I live without you I want to know.
How do I breathe without you if you ever go.
How do I ever, ever survive.
How do I, how do I, Oh... how do I live.

How do I live without you.
How do I live without you baby.

***

**ဘယ်လိုများနေရပ့ါမယ်**
လီအန်းရိုင်းမ် စ်

မင်းမပါဘဲ ညတစ်ညကို
ဘယ်လိုများ ကိုယ်ရင်ဆိုင်ကျော်ဖြတ်နိုင်ပ့ါမလဲ
မင်းမပါဘဲသာ ကိုယ်အသက်ရှင်ရတော့မယ်ဆိုခဲ့ရင်
အဲဒါ ... ဘယ်လိုဘဝမျိုးများ ဖြစ်လာမှာပါလိမ့်။
ကိုယ့်ရင်ခွင်မှာ မင်းရှိနေမှ မင်းကိုဖက်တွယ်ထားရပါမှ

• ဂျူး - နိုဝင်ဘာမိုး

မင်းကသာ ကိုယ့်ကမ္ဘာ ကိုယ့်နှလုံးသား ကိုယ့်ဝိညာဉ်ပါအချစ်ရယ်
မင်းသာ စွန့်ခွာထွက်သွားခဲ့မယ်ဆိုရင်
အချစ်ရေ ကိုယ့်ဘဝရဲ့ ကောင်းခြင်းမှန်သမျှ အရာရာ
မင်းဆီမှာ ပါသွားတော့မှာပါ။

ပြောစမ်းပါဦး အချစ်ရဲ့
မင်းမရှိတဲ့ဘဝမှာ ကိုယ်ဘယ်လိုနေမှာလဲ ကိုယ်သိချင်လှချည်ရဲ့
မင်းမရှိဘဲ ကိုယ်ဘယ်လိုအသက်ရှင်ရမှာလဲ
မင်းသာ စွန့်ခွာသွားခဲ့မယ်ဆိုရင်လေ
ကိုယ်ဘယ်လိုများ ဆက်ပြီး အသက်ရှင်နေနိုင်ပါ့မလဲကွယ်
ဘယ်လိုများ နေရပါ့မလဲ။

မင်းမရှိခဲ့ရင်
ကိုယ့်ကောင်းကင်မှာ နေမင်းရှိတော့မှာမဟုတ်
ကိုယ့်ဘဝမှာ အချစ်ရှိတော့မှာမဟုတ်
ကိုယ်အသက်ရှင်ရမယ့် ကမ္ဘာလည်း ကျန်ခဲ့တော့မှာ မဟုတ်
ကိုယ်ဘာလုပ်ရမယ်ဆိုတာ ကိုယ်မသိတော့ပါဘူး အချစ်ရယ်
မင်းကိုသာ ဆုံးရှုံးလိုက်ရရင် ကိုယ့်ဘဝဆိုတာ ကွယ်ပျောက်ရတော့မှာ
မင်းသာ စွန့်ခွာထွက်သွားခဲ့မယ်ဆိုရင်
အချစ်ရေ ကိုယ့်ဘဝရဲ့ တန်ဖိုးထားမြတ်နိုးရာမှန်သမျှလည်း
မင်းပဲ ယူသွားတော့မှာပါ။

ပြောစမ်းပါဦး အချစ်ရဲ့
မင်းမရှိတဲ့ဘဝမှာ ကိုယ်ဘယ်လိုနေရမှာလဲ ကိုယ်သိချင်လှချည်ရဲ့
မင်းမရှိဘဲ ကိုယ်ဘယ်လို အသက်ရှင်ရမှာလဲ
မင်းသာ စွန့်ခွာသွားမယ်ဆိုရင်လေ

- ဂျူး - နိုဝင်ဘာမိုး

ကိုယ်ဘယ်လိုများ ဆက်ပြီး အသက်ရှင်နေနိုင်ပါ့မလဲကွယ်
ဘယ်လိုများ နေရပါ့မလဲ။
ပြောပါဦး အချစ်ရယ်...
မင်းသာ စွန့်ခွာသွားခဲ့မယ်ဆိုရင် ကိုယ်ဘယ်လိုရပ်တည်နေခဲ့ရမလဲ
အရာရာကို မင်းယူသွားတော့မှာပါပဲ
ကိုယ့်ဘေးမှာ မင်းရှိနေပါမှ
ကိုယ့်ဘဝမှာ မင်းဟာ ကောင်းမွန်ခြင်းအားလုံးဆိုတာ
မင်း မသိလေရော့သလားကွယ်။

ပြောစမ်းပါဦး အချစ်ရဲ့...
မင်းမရှိတဲ့ဘဝမှာ ကိုယ်ဘယ်လိုများနေရမှာလဲ ကိုယ်သိချင်လှချည်ရဲ့
မင်းမရှိဘဲ ကိုယ်ဘယ်လိုအသက်ရှင်ရမှာလဲ
မင်းသာ စွန့်ခွာသွားခဲ့မယ်ဆိုရင်လေ
ကိုယ်ဘယ်လိုများဆက်ပြီး အသက်ရှင်နေနိုင်ပါ့မလဲကွယ်
ဘယ်လိုများ နေရပါ့မလဲ။

မင်းမရှိတဲ့ဘဝမှာ ကိုယ်ဘယ်လိုနေရပါ့မလဲ
မင်းမရှိတဲ့ဘဝမှာ ကိုယ်ဘယ်လိုနေရပါ့မလဲ အချစ်ရယ်။

***

ဒီသီချင်းကို Diane Warren က ရေးစပ်ခဲ့တယ်လို့ သိရပါတယ်။ Celine Dion သီဆိုထားတဲ့ သီချင်းတော်တော် များများကိုလည်း Diane Warren က ရေးစပ်ထားခဲ့တာပါ။

- ဂျူး - နိုဝင်ဘာမိုး

အခုသီချင်းကို သိပ်မကြာသေးခင်က ရုံတင်ပြသခဲ့တဲ့ နစ်ကလပ်စ်ကေ့ဂျ် ပါဝင်တဲ့ Con Air ဇာတ်ကားမှာ ဇာတ်ဝင်သီချင်းအဖြစ် ထည့်သုံးခဲ့တယ်။ ဇာတ်ကားအစကနေ အဆုံးထိ မရပ်မနား ပစ်ခတ် တိုက်ခိုက်နေတဲ့ ရုပ်ရှင်တစ်ခုမှာ ဒီအချစ်သီချင်းဟာ ဘယ်လိုမှ အသုံးမတည့်နိုင်ဘူးလို့ ထင်စရာရှိပေမယ့် သီချင်းကလေးက ကောင်းလွန်းနေတော့ သူနဲ့လိုက်ဖက်မယ့် ဇာတ်ဝင်ခန်းကလေး တစ်ကွက် ထည့်လိုက်တယ် ဆိုရင်ပဲ ဇာတ်သိမ်းကျတော့ လှသွားသလိုလို ရှိပါတယ်။

ဒီသီချင်းကို အမျိုးသမီးအဆိုတော် နှစ်ဦး မူကွဲသီဆိုထားတာ ကြားဖူးပါတယ်။ Trisha Yearwood နဲ့ Le Ann Rimes တို့ပါပဲ။ အသံထုထည်နဲ့ ခွန်အားချင်း မတူသလို ဆိုဟန်ချင်းလည်း ကွဲပါတယ်။ ဒါပေမဲ့ တေးသွားသံစဉ်ကိုတော့ သစ္စာရှိရှိ တစ်မူတည်း သီဆိုထားခဲ့ပါတယ်။

ဘယ်သူ့သီချင်းက ပိုကောင်းသလဲလို့ ဆုံးဖြတ်ဖို့တော့ နည်းနည်းခက်မယ် ထင်ပါရဲ့။ Trisha Yearwood က အသံအေးအေး ရှရှလေးနဲ့ ငြိမ်ငြိမ်လေး ဆိုသွားတယ်။ နောက်ခံဂီတကို သူ့အသံနဲ့ ဖုံးကွယ်သွားခဲ့ခြင်း မရှိပါဘူး။ ဂီတနဲ့ သီချင်းဟာ လှလှပပ အေးအေးငြိမ့်ငြိမ့်လေး ပေါင်းစပ်သွားခဲ့ပါတယ်။

Le Ann Rimes ကတော့ အသံအောင်လွန်းတော့ လူငယ်ပီပီ ခွန်အား အပြည့်သုံးပြီး သီဆိုထားခဲ့တယ်။ သူ့အသံက သိပ်ကြီးနေတဲ့အခါ ဂီတက အသံနောက်ကို မလိုက်လာတဲ့ အကြိမ်တွေ ရှိတယ်။ ဒါပေမဲ့ ရင်ထဲက လာတဲ့အသံနဲ့ လည်ချောင်းထဲက ခွန်အားအပြည့် ပေါင်းလိုက်တော့ တော်တော် နားထောင်လို့ စွဲပါတယ်။ သူသီဆိုပုံက ချစ်သူ စွန့်ခွာထွက်သွားမှာ စိုးရိမ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပူပန်သောကနဲ့ တွယ်ရာမဲ့ ခံစားမှုကို အဓိကထားတယ်။

Trisha Yearwood သီဆိုပုံက တစ်မျိုး၊ ချစ်သူကို သိပ်ချစ်တဲ့ မိန်းမ တစ်ယောက်ရဲ့ တစိမ့်စိမ့် ချစ်မြတ်နိုး တွယ်တာမှုကို အဓိကထားတယ်။

နှစ်မျိုးလုံး ကောင်းနေတာပါပဲ။

မနှစ်က အမေရိကန်ပြည်ထောင်စုရဲ့ ရေဒီယိုအသံလွှင့်ဌာနတော်တော်များများမှာ မနက်ရော ညပါ မကြာခဏ ထုတ်လွှင့်ခဲ့တဲ့ How Do I Live က Le Ann Rimes ရဲ့ သီချင်းဖြစ်ပေမယ့် ဂရမ်မီဆု ရသွားခဲ့တဲ့ How Do I Live က Trisha Yearwood ရဲ့ သီချင်းပါ။

အခုဘာသာပြန်တဲ့ သီချင်းက Le Ann Rimes ရဲ့မူပါ။

Le Ann Rimes ဟာ Blue ဆိုတဲ့ အယ်လ်ဘမ်နဲ့ အောင်မြင်ခဲ့တဲ့ အချိန်မှာ အသက် ၁၃နှစ်ပဲ ရှိသေးသတဲ့။ အခုတော့ ၁၅နှစ်၊ ၁၆နှစ် လောက်ပေါ့။ အသက်ငယ်ငယ်လေးနဲ့ အောင်မြင်တာ အံ့သြအားကျစရာပဲ။ ဒါပေမဲ့ country music ရဲ့ သမိုင်းကိုတောင် ဒီကောင်မလေး သိရဲ့လားလို့ အချို့က မေးချင်ကြပါတယ်။ Le Ann ကတော့ ပြောတယ်။ သူ့ကို သြဇာသက်ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက ဘာဘရာစထရိုင်ဆန်း၊ ဂျူဒီဂါလင်နဲ့ ဆလင်းဒီယွန်တို့ပါပဲတဲ့။ အခု လောလောဆယ်တော့ သူ့အကြိုက်ဆုံး အဆိုတော်ဟာ Artist လို့ နာမည်ပြောင်းလိုက်တဲ့ ဟိုစဉ်က Prince လို့ခေါ်တဲ့ အဆိုတော်ပါပဲ။

ငယ်ငယ်နဲ့ အောင်မြင်မှု ရတာဟာ တစ်နည်းတော့လည်း ကြောက်စရာကောင်းတယ်။ ဒီအောင်မြင်မှုဟာ ကံကောင်းလို့ ဖြစ်လာတာလားဆိုတဲ့ မေးခွန်း လူတိုင်းမှာ ရှိနေမှာပါ။ သူ့မှာ ဘဝအတွေ့အကြုံရယ်လို့ ဘာမှ မရှိခဲ့သေးတော့ သီချင်းဆိုတဲ့အခါ ခံစားချက်နဲ့ စေတနာနဲ့ ပေါက်ကွဲမှုတွေ ဘယ်ကများ ရနိုင်ပါမလဲပေါ့။

စတုတ္ထအယ်လ်ဘမ် Sitting on Top of the World ထွက်လာတဲ့ အခါ Le Ann Rimes ကို ဝေဖန်ကုန်ကြပြီ။ အတွေ့အကြုံအများကြီး လိုသေးတယ်တဲ့။

How Do I Live ကို Con Air ရုပ်ရှင်အတွက် Le Ann Rimes နဲ့ အသံသွင်းခဲ့တာပါပဲ။ နောက်တော့ ပရိုဂျူဆာ ရုပ်ရှင် ထုတ်လုပ်သူတွေက Trisha Yearwood နဲ့ ပြန်ပြင်ပြီး အသံသွင်းခဲ့ကြတယ်။ အဲဒီတော့ မခံချင်စိတ်နဲ့လားမသိ၊ Rimes ရဲ့ တေးထုတ်လုပ်သူတွေကလည်း Record Album အဖြစ် How Do I Live ကို ဖြန့်ဝေလိုက်ကြတော့တယ်။ အဲဒီမှာ Le Ann Rimes နဲ့ Trisha Yearwood ဘယ်သူရဲ့ How Do I Live က ပိုသာသလဲလို့ ယှဉ်ပြိုင်မှုတွေ ဖြစ်ကုန်ကြတော့တာပါပဲ။

US မဂ္ဂဇင်းက ထရီရှာယီးယားဝုဒ်(ဒ်)ကို အင်တာဗျူး မေးပုံကိုလည်းကြည့်ဦး။

"ဆယ်ကျော်သက် ကောင်မလေး Le Ann ကို ခင်ဗျား အပြတ်အသတ် ဖြတ်ချပစ်လိုက်ချင်မှာပေါ့နော်" တဲ့။

Trisha Yearwood က ဖြေတတ်ပါတယ်။

"ကျွန်မကိုယ်တိုင် မလိုလားတဲ့ ပြိုင်ဆိုင်မှု တစ်ခုထဲမှာ အတင်းအကျပ် ယှဉ်ပြိုင်ခဲ့ရတာကို ကျွန်မမုန်းတယ်၊ တကယ်လို့သာ ကျွန်မနဲ့ ယှဉ်ပြိုင်ဖို့ တစ်ယောက်ယောက်ကို ရွေးစမ်းဆိုရင် Le Ann ကို ကျွန်မ နောက်ဆုံးထားပြီး ရွေးမိမှာပါပဲ၊ အသက် ၁၅နှစ်ပဲ ရှိသေးတဲ့ ဒီကလေးမဟာ အံ့သြ ချီးကျူးစရာအသံကို ပိုင်ထားပြီး ဓာတ်ပြားချပ်ရေ သန်းနဲ့ချီပြီး ရောင်းနေရတာပါ" တဲ့။

"ခင်ဗျားအသက် ၁၅ နှစ်တုန်းက ခင်ဗျား ဘာလုပ်နေခဲ့ပါသလဲ"
အင်တာဗျူးသမားက မေးပြန်တယ်။

"အင်း ... အိပ်ခန်းထဲမှာ လင်ဒါရွန်းစတတ်ကို တုပြီးတော့ Prisoner in Disguise သီချင်းကို ဆိုနေခဲ့မိသလား မသိပါဘူး"

- ဂျူး - နိဝင်ဘာမိုး

ဒီသီချင်းရဲ့ စာသားတွေ ရိုးရိုးကလေးနဲ့ လှပနေတာတော့ ပြောစရာလိုမယ် မထင်ပါဘူး။

သီချင်းကို နားထောင်ကြည့်တဲ့အခါ သံစဉ်တေးသွားရော ဂီတဖွဲ့စည်းမှုပါ အင်မတန် အားကောင်းတာကို တွေ့ရပါလိမ့်မယ်။

- ဂျူး - နိုဝင်ဘာမိုး



## TO LOVE YOU MORE

Celine Dion

Take me back in the arms I love
Need me, like you did before
Touch me once again
And remember when there was no one that you wanted more

Don't go, you know you will break my heart
She won't love you like I will
I'm the one who'll stay when she walks away
And you know I'll be standing here still

I'll be waiting for you
Here inside my heart
I'm the one who wants to love you more
You will see I can give you everything you need
Let me be the one to love you more

Some way, all the love that we had can be saved
Whatever it takes, we'll find a way
Believe in me
I will make you see
All things that your heart needs to know

- ဂျူး - နိုဝင်ဘာမိုး

I'll be waiting for you
Here inside my heart
I'm the one who wants to love you more
Can't you see I can give you everything you need?
Let me be the one to love you more.

***

**နောက်ထပ်ချစ်ခွင့်**
ဆလင်းဒီယွန်

ကျွန်မကို ပြန်ခေါ်ပါဦး
ကျွန်မချစ်ရတဲ့ ရင်ခွင်ထဲကို
ကျွန်မကို ပြန်မက်မောပါဦး
ဟိုတုန်းက မောင်မက်မောခဲ့သလို
နောက်တစ်ကြိမ် တွယ်ငြိလှည့်ပါဦး
ကျွန်မထက်ပိုပြီး ဘယ်သူ့ကိုမှ
မောင်မလိုအပ်ခဲ့တဲ့ အချိန်တွေကို သတိရလိုက်စမ်းပါဦးကွယ်။

မသွားပါနဲ့
ကျွန်မအသည်း မောင့်ကြောင့်ကွဲရမှာ
မောင်သိပါတယ်နော်
ကျွန်မ မောင့်ကို ချစ်သလောက်လည်း
သူ မောင့်ကို ချစ်နိုင်မှာ မဟုတ်ပါဘူး
သူ စွန့်ခွာသွားတဲ့အခါ
စွဲမြဲစွာ ကျန်နေမယ့်သူက ကျွန်မ...

- ဂျူး - နိုဝင်ဘာမိုး

ဟောဒီမှာပဲ စွဲစွဲမြဲမြဲ ရှိနေဦးမှာ ... မောင်သိရဲ့လား။
ကျွန်မ မောင့်ကို စောင့်မျှော်နေပါမယ်
ဟောဒီ ကျွန်မနှလုံးသားထဲကပဲပေါ့
မောင့်ကို နောက်ထပ်ချစ်မြတ်နိုးချင်သေးတာ ... ကျွန်မ
နောက်ထပ် ချစ်ခွင့်ရတဲ့သူသာ ဖြစ်စမ်းပါစေ
မောင်လိုသမျှ အစစအရာရာ
ကျွန်မပေးနိုင်တယ်ဆိုတာ မောင်တွေ့လာမှာပါကွယ်။

ကျွန်မကိုမြင်ကြည့်စမ်းပါ
တစ်ခါမှ မသိခဲ့ဖူးတဲ့ အနေမျိုးနဲ့
ကျွန်မကို တွယ်ဖက်စမ်းပါ
လွတ်ထွက်မသွားနိုင်အောင်လို့လေ
ကျွန်မကို ယုံစမ်းပါကွယ်
မောင့်နှလုံးသားက သိဖို့လိုသမျှအရာအားလုံး သိမြင်လာအောင်
ကျွန်မ စွမ်းဆောင်ပေးနိုင်ပါတယ်။

ကျွန်မ မောင့်ကို စောင့်မျှော်နေပါ့မယ်
ဟောဒီ ကျွန်မနှလုံးသားထဲကပဲပေါ့
မောင့်ကို နောက်ထပ်ချစ်မြတ်နိုးချင်သေးတာ ... ကျွန်မ
နောက်ထပ်ချစ်ခွင့်ရတဲ့သူသာ ဖြစ်စမ်းပါစေ
မောင်လိုနေသမျှ အစစအရာရာ
ကျွန်မ ပေးနိုင်တယ်ဆိုတာ မောင်တွေ့လာမှာပါကွယ်။

တစ်နည်းနည်းနဲ့ပေါ့လေ
ကျွန်မတို့ နှစ်ယောက် ပိုင်ဆိုင်ခဲ့ဖူးတဲ့အချစ်ကို
ပြန်ရယူနိုင်ပါလိမ့်မယ်

အဲဒီအတွက် ဘာပဲပေးဆပ်ရပါစေပေါ့
ကျွန်မကို ယုံစမ်းပါကွယ်
မောင့်နှလုံးသားက သိဖို့လိုသမျှအရာအားလုံး သိမြင်လာအောင်
ကျွန်မ စွမ်းဆောင်ပေးနိုင်ပါတယ်။

ကျွန်မ မောင့်ကို စောင့်မျှော်နေပါ့မယ်
ဟောဒီ ကျွန်မနှလုံးသားထဲကပဲပေါ့
မောင့်ကို နောက်ထပ်ချစ်မြတ်နိုးချင်သေးတာ ... ကျွန်မ
နောက်ထပ် ချစ်ခွင့်ရတဲ့သူသာ ဖြစ်စမ်းပါစေ
မောင်လိုသမျှ အစစအရာရာ
ကျွန်မပေးနိုင်တယ်ဆိုတာ မောင်မသိဘူးလားကွယ်။

***

စွန့်ခွာသွားတဲ့ ချစ်သူကို ဘယ်လိုမှ မမေ့နိုင်သေးတဲ့ မိန်းကလေး တစ်ယောက်ရဲ့ တမ်းတမက်မောမှုတွေနဲ့ သီဆိုထားတဲ့သီချင်း ဖြစ်ပါတယ်။

ချစ်သူဟာ တခြားမိန်းကလေးတစ်ယောက်နဲ့ တွဲနေပြီဆိုတာလည်း သိမြင်နေရလျက်နဲ့ ကိုယ့်ကို နောက်ထပ်များ ချစ်လာနိုင်ဦးမလားလို့ မျှော်လင့်တမ်းတ နေမိပါသတဲ့။ ကိုယ်ကသာ သူ လိုအင်ဆန္ဒ မှန်သမျှကို လိုက်လျော ဖြည့်စွမ်းပေးနိုင်သူ ဆိုတော့ အတ္တလေးလည်း ပါနေသေးသလိုပဲ။

Davaid Foster နဲ့ Junior Miles တို့ ရေးစပ်ခဲ့တယ်လို့ သိရပါတယ်။

ဒီသီချင်းမှာ အဓိကဆွဲဆောင်မှုက တယောပါပဲ။ တီးဝိုင်းတစ်ခုမှာ ပါနေကျ တူရိယာတွေနဲ့အတူ တယောပညာကို လှလှပပ ခမ်းခမ်းနားနား သုံးထားခဲ့တယ်။ ဒီသီချင်းရဲ့ ဂီတဗီဒီယိုကို ကြည့်ရစဉ်ကလည်း တယောကို ကျွမ်းကျွမ်းကျင်ကျင်

- ဂျူး - နိုဝင်ဘာမိုး

ကစားသွားတဲ့ ဂျပန်မလေးတစ်ယောက်ကို အဓိကထားပြီး ရိုက်ပြသွားခဲ့တာ တွေ့ရပါတယ်။ သီချင်းအဖွင့် ခြေဆင်းအပျိုးမှာလည်း တယောသံနဲ့ပဲ နားထောင်သူကို ဆွဲခေါ်သွားခဲ့တာပါ။

ဆလင်းဒီယွန်ရဲ့ အသံက ပထမညင်ညင်သာသာ အေးအေးငြိမ့်ငြိမ့်၊ ချစ်သူကို ချော့မော့ဖျောင်းဖျနေတဲ့ဟန်မျိုး။ နောက်တော့ သံပြိုင်အပိုဒ်ကို ရောက်တဲ့အခါ ရင်ထဲက မျှော်လင့်တမ်းတမှုတွေကို ဖွင့်ထုတ်လိုက်တဲ့ ရဲရင့်မှုမျိုး အသံကို မြှင့်ပြီး စွဲလမ်းမြတ်နိုးမှုအပြည့်နဲ့ သီဆိုသွားခဲ့တာ အလွန်နားထောင်လို့ ကောင်းပါတယ်။

ဒီသီချင်းကို နားထောင်မိတဲ့အခါ မိန်းမတွေရဲ့ အချစ်သက်တမ်းဟာ ယောက်ျားတွေထက်ပိုပြီး ကြာရှည်စွဲမြဲတတ်လေသလားလို့ တွေးစရာပါပဲ။

- ဂျူး - နိုဝင်ဘာမိုး



**NOVEMBER RAIN**

Gun N' Roses

When I look into your eyes
I can see a love restrained.
But darling when I hold you
don't you know I feel the same
Cause nothing lasts forever
and we both know hearts can change
And it's hard to hold a candle
In the cold November rain.
We've been through this such a long long time
Just trying to kill the pain.

But lovers always come and lovers always go
and no one's really sure who's letting go today walking away.

If we could take the time to lay it on the line
I could rest my head just knowing that you were mine.
all mine.
So if you want to love me then darling don't refrain
I'll just end up walking in the cold November rain
Do you need some time on your own?
Do you need some time all alone?
Everybody needs some time on their own.
Don't you know you need some time all alone?

- ဂျူး - နိဝင်းဘာမိုး

I know it's hard to keep an open heart
when even friends seem out to harm you
Could it be to heal a broken heart?
Wouldn't time be out to charm you?

Sometimes I need some time on my own
Sometimes I need some time on your own
Everybody needs some time on their own
Don't you know you need some time on your own.

When your fears subside and shadows still remain
I know that you can love me
When there's no one left to blame.
So never mind the darkness we still can find a way
cause nothin' lasts forever even cold November rain.

Don't you think that you need somebody
Don't you think that you need someone
Everybody needs somebody
You're not the only one
You're not the only one.

***

**နီဝင်ဘာမိုး**
ဂန်းစ်အင်န်ရို့စစ္စ

မင်းမျက်ဝန်းတွေထဲ ကိုယ်ကြည့်တဲ့အခါ
မျိုသိပ်ချုပ်တည်းထားတဲ့ အချစ်တစ်ခုကို မြင်ရပါတယ်
ဒါပေမဲ့ အချစ်ရယ် မင်းလက်ကို ကိုယ်ထွေးဆုပ်ထားတဲ့အခါ
ကိုယ်လည်း မင်းနဲ့ထပ်တူ ခံစားနေရတယ်လို့ မင်းမသိဘူးလားကွယ်
ဘယ်အရာမှ ထာဝရမတည်မြဲဘူးလေ၊
နောက်ပြီး နလုံးသားတွေဟာ ပြောင်းလဲကုန်နိုင်တယ်လို့
ကိုယ်တို့နှစ်ယောက်လုံး သိထားကြတာပဲ
နောက်ပြီး နိုဝင်ဘာမိုးသည်းသည်းမှာ
ဖယောင်းတိုင်မီးတောက်လေး ကြာရှည်လင်းပနေဖို့
တော်တော်ခက်ခဲပါတယ်
နာကျင်မှုတွေကို သက်သာအောင် ကြိုးစားကြရင်း
ကိုယ်တို့ အခုလိုနေလာခဲ့ကြရတာ အချိန်တွေလည်း ကြာပဲကြာလှပြီ။

ဒါပေမဲ့ ချစ်သူတွေဟာ အမြဲတမ်းရောက်လာကြ
ချစ်သူတွေဟာ အမြဲတမ်း ပြန်ထွက်သွားကြ
ဒီကနေ့ ဘယ်သူထွက်ခွာသွားလို့ ဘယ်သူက ကျန်ရစ်ခဲ့ရမှာလဲ ဆိုတာ
ဘယ်သူမှ မသေချာပါဘူး၊
တကယ်လို့သာ ကိုယ်တို့တစ်ယောက်ကိုတစ်ယောက်
ပွင့်လင်းဖို့ အချိန်ယူနိုင်ခဲ့မယ်ဆိုရင်
မင်းလေးဟာ ကိုယ်ပိုင်ဆိုင်မြတ်နိုးရတဲ့ အချစ်လေးပါပဲ ဆိုတဲ့အသိနဲ့
ကိုယ်စိတ်အေးချမ်းသာရခဲ့နိုင်လိမ့်မယ်။

- ဂျူး - နှိဝင်ဘာမိုး

ဒီတော့ မင်းကိုယ့်ကို ချစ်ချင်တယ်ဆိုရင်
အချစ်ရယ် မျိုသိပ်ထိန်းချုပ်မနေပါနဲ့တော့လားကွယ်
အေးစက်တုန်ခိုက်လှတဲ့ နှိဝင်ဘာမိုးထဲမှာ
ခြေဦးတည့်ရာ လျှောက်သွားနေရတဲ့အဖြစ်ကို
ကိုယ်အဆုံးသတ်နိုင်သွားပါလိမ့်မယ်
မင်းကိုယ်တိုင်အတွက် အချိန်နည်းနည်းယူဖို့လိုသလား
မင်းတစ်ယောက်တည်း ရှိနေဖို့ အချိန်နည်းနည်းလိုသလား
လူတိုင်းဟာ ကိုယ်တိုင်အတွက် အချိန်ယူဖို့ လိုအပ်ကြတာချည်းပါပဲ
မင်းလည်း မင်းတစ်ယောက်တည်း သီးသန့်ရှိနေဖို့
အချိန်နည်းနည်းလိုတယ်ဆိုတာ မသိဘူးလားကွယ်။

သူငယ်ချင်းဆိုတဲ့ လူတွေကတောင်
မင်းကို ဒုက္ခပေးတော့မယ်လို့ သိလာရတဲ့အခါမျိုးမှာ
ပွင့်လင်းတဲ့ နှလုံးသားတစ်ခုကို ဆက်လက်တည်မြဲစေဖို့
ခက်ခဲတယ်ဆိုတာ ကိုယ်သိပါတယ်
ကွဲကြေသွားတဲ့ ဒဏ်ရာနှလုံးသားတစ်ခုဟာ အနာပြန်ကျက်လာနိုင်ရဲ့လား
မင်းကို ဆွဲဆောင်ဖို့ အချိန်မတန်သေးဘူးလားကွယ်။

တစ်ခါတခါ ကိုယ်ကိုယ်တိုင်အတွက် အချိန်တစ်ခု ကိုယ်လိုပါတယ်
တစ်ခါတခါ မင်းကိုယ်တိုင်အတွက် အချိန်တစ်ခုလည်း ကိုယ်လိုပါတယ်
လူတိုင်းဟာ ကိုယ်တိုင်အတွက် အချိန်တစ်ခု လိုအပ်ကြတာချည်းပါပဲ
မင်းကိုယ်တိုင်အတွက် အချိန်တစ်ခု မင်းလိုတယ်ဆိုတာ မသိဘူးလားကွယ်။

မင်းရဲ့စိုးရိမ်ကြောက်ရွံ့မှုတွေ အနည်ထိုင်ငြိမ်သက်သွားတဲ့အခါ
အမှောင်ရိပ်တွေ ကျန်နေဆဲအချိန်မှာ

မင်းကိုယ့်ကို ချစ်နိုင်လိမ့်မယ်လို့ ကိုယ်သိပါတယ်
အပြစ်တင်စရာ ဘယ်သူမှ မကျန်တော့တဲ့ အချိန်မှာပေါ့
ဒီတော့ ... အမှောင်ဆိုတာလည်း ကိစ္စမရှိပါဘူး
ကိုယ်တို့ လမ်းတစ်ခုခုကိုတော့ တွေ့ရမှာပေါ့
ဘာကြောင့်လဲဆိုတော့ ဘယ်အရာမှ ထာဝရမတည်မြဲဘူးလေ
အေးစက်တုန်ခိုက်လှတဲ့ နှိဝင်ဘာမိုးတောင်မှ တည်မြဲမနေပါဘူးကွယ်။

မင်းတစ်ယောက်ယောက်ကို လိုအပ်တယ်လို့ မင်းမထင်ဘူးလား
မင်းဘေးမှာ တစ်ယောက်ယောက်ရှိနေဖို့ လိုတယ်လို့ မင်းမထင်ဘူးလား
မင်းဟာ တစ်ယောက်တည်း မဟုတ်ပါဘူးကွယ်
မင်းတစ်ယောက်တည်း မဟုတ်ပါဘူး

***

လူ့ဘဝရဲ့ အရသာဆိုတာ နှိဝင်ဘာ မိုးသည်းသည်းအောက်မှာ ထွန်းတောက်နေရတဲ့ ဖယောင်းတိုင်မီးကလေးလိုပဲ၊ ကြာရှည်မမြဲပါဘူး ... တဲ့။

ဂန်းစ်အင်ရို့ဇက်စ်အဖွဲ့ရဲ့ 'နှိဝင်ဘာမိုး' သီချင်းဟာ ဘဝကိုရင်ဆိုင် ဖြတ်သန်းတဲ့နေရာမှာ မှန်ကန်စွာ ဆုံးဖြတ်တတ်ဖို့၊ မှန်ကန်စွာ ရင်ဆိုင်နိုင်ဖို့ တွန်းအားပေးရင်း ကြေကွဲစရာအဖြစ်တွေ နောင်တတွေကနေ ရှောင်တိမ်းနိုင်အောင် သတိပေးထားတာပါပဲ။

အက်ဇယ်လ်ရို့စ် (Axl Rose) ရဲ့ အက်ကွဲပေါက်ကွဲတဲ့အသံနဲ့ သေသပ်ပိုင်နိုင်တဲ့ ဆိုဟန်နဲ့၊ ခမ်းနားမြိုင်ဆိုင်တဲ့ ဂီတဖွဲ့စည်းမှု ပေါင်းစပ်လိုက်တဲ့အခါ နှိဝင်ဘာမိုးသီချင်းဟာ သူတို့အဖွဲ့ရဲ့ နာမည်အကြီးဆုံးသီချင်းတစ်ပုဒ် ဖြစ်သွားခဲ့ပါတယ်။ ဒီသီချင်းကို စင်မြင့်ပေါ်မှာ သီဆိုတဲ့အခါ Axl Rose ဟာ ကိုယ်တိုင်စန္ဒရားတီးပြီး သီဆိုတာ တွေ့ဖူးပါတယ်။ သူတို့အဖွဲ့ရဲ့စင်မြင့်ပွဲတွေရဲ့ ထုံးစံအတိုင်း တယောအမျိုးမျိုး စတဲ့ ကြိုးတပ်တူရိယာတွေ၊

- ဂျူး - နိုဝင်ဘာမိုး

လေမှုတ်တူရိယာတွေနဲ့ ဂီတသံစုံ တီးဝိုင်းကြီးကိုပါ အသုံးပြု တီးမှုတ်သွားတာပါ။ သူတို့အဖွဲ့ရဲ့ သီချင်းတွေထုံးစံအတိုင်း ဂီတတီးမှုတ်မှုကို အသားပေးထားတာပါပဲ။

ဒီသီချင်းရဲ့ ဂီတဗီဒီယိုကို ဘယ်လောက် လူကြိုက်များသလဲဆိုရင် အမေရိကန်နိုင်ငံမှာ Epic Video လို့ခေါ်တဲ့ ဇာတ်လမ်းနဲ့သရုပ်ဖော်တဲ့ ဂီတဗီဒီယိုတွေထဲမှာ All Time No. 1 တဲ့။ အမြဲတမ်း နံပါတ်(၁) နေရာကို ရခဲ့တယ်လို့ ကြားဖူးပါတယ်။ တကယ်လည်း ရုပ်ရှင်တစ်ခု ကြည့်နေရသလို တော်တော်လှပပြည့်စုံတဲ့ ဂီတဗီဒီယို ဖြစ်ပါတယ်။

- ဂျူး - နိုဝင်ဘာမိုး



**SUNNY COME HOME**

Shawn Calvin

Sunny came home to her favorite room
Sunny sat down in the kitchen
She opened a book and a box of tools
Sunny came home with a mission

She says days go by I'm hypnotized
I'm walking on a wire
I close my eyes and fly out of my mind into the fire.

Sunny came home with a list of names
She didn't believe in transcendence
It's time for a few small repairs she said
Sunny came home with a vengeance.

She says days go by I don't know why
I'm walking on a wire
I close my eyes and fly out of my mind into the fire.

Get the kids and bring a sweater
Dry is good and wind is better
Count the years, you always knew it
Strike a match, go on and do it.

Days go by I'm hypnotized
I'm walking on a wire
I close my eyes and fly out of my mind into the fire.

Light the sky and hold on tight
The world is burning down
She's out there on her own and she's alright.

Sunny came home…
Sunny came home…

***

**ဆန်နီအိမ်ပြန်ရောက်ခဲ့ပြီ**
ရှောင်ကော်လ်ဗင်

ဆန်နီ အိမ်ပြန်ရောက်လာခဲ့ သူချစ်တဲ့ အခန်းလေးဆီ
မီးဖိုထဲမှာ ထိုင်ကာ စာအုပ်တစ်အုပ် ဖွင့်ခဲ့ လက်သမားသေတ္တာလည်း ဖွင့်ခဲ့
ရည်မှန်းတဲ့ကိစ္စတစ်ခု ပြီးဖို့တဲ့
ဆန်နီ အိမ်ပြန်ရောက်ခဲ့ပြီ။

'ကာလရှည်ကြာ အိပ်မွေ့ချခံရင်း
သွပ်ကြိုးတန်းပေါ်မှာ လမ်းလျှောက်နေတာ' တဲ့ ဆန်နီက ပြောတယ်
'ငါ့မျက်လုံးအစုံမှိတ်ပြီး စိတ်အသိထဲကနေ ပျံသန်းထွက်လိုက်တာ
မီးပုံထဲကိုပါ' တဲ့။

နာမည်စာရင်းတစ်ခုနဲ့ ဆန်နီ အိမ်ပြန်ရောက်ခဲ့ပြီ
လွန်ကဲခြင်းအပေါ် သူမယုံခဲ့ပါ

- ဂျူး - နိုဝင်ဘာမိုး

'အခုအချိန်ဟာ ပြုပြင်စရာကလေးတွေ ပြန်ပြင်ဖို့' တဲ့
စွမ်းအင်အပြည့်အလျှံနဲ့ ဆန်နီအိမ်ပြန်ရောက်ခဲ့ပြီ
'ကာလရှည်ကြာ ဘာကြောင့်များ သွပ်ကြိုးတန်းပေါ် လမ်းလျှောက်နေမိပါလိမ့်
ငါ့မျက်လုံးအစုံမှိတ်ပြီး စိတ်အသိထဲကနေ
ပျံသန်းထွက်လိုက်တာ မီးပုံထဲကိုပါ' တဲ့။

ကလေးတွေကို ခေါ်ပါ၊ ဆွယ်တာတစ်ထည် ယူလာပါ
ခြောက်သွေ့တာ ကောင်းပါရဲ့၊ လေသာတာကတော့ ပိုကောင်းတာပေါ့
နှစ်တွေကို ရေတွက်ကြည့်ပါ၊ ဒါ ... မင်းအမြဲသိခဲ့ပြီးသားလေ
မီးတစ်ချက်ခြစ်လိုက်ပါ... ရှေ့ဆက်စမ်းပါ... လုပ်စမ်းပါ။

'ကာလရှည်ကြာ အိပ်မွေ့ချခံရင်း
သွပ်ကြိုးတန်းပေါ်မှာ လမ်းလျှောက်နေတာ
ငါ့မျက်လုံးအစုံမှိတ်ပြီး စိတ်အသိထဲကနေ ပျံသန်းထွက်လိုက်တာ
မီးပုံထဲကိုပါ'

ကောင်းကင်ကြီးကို မီးထွန်းလိုက်ပါ၊ ပြီးတော့ မြဲမြဲတွယ်ထားပါ
ကမ္ဘာကြီး မီးလောင်ပြိုကျနေပြီ
သူက အပြင်မှာ ... သူ့ဟာသူ... ဘာမှ မဖြစ်ပါဘူး။

ဆန်နီ အိမ်ပြန်ရောက်ခဲ့ပြီ...
ဆန်နီ အိမ်ပြန်ရောက်ခဲ့ပြီ။ ...

***

- ဂျူး - နိုဝင်ဘာမိုး

တစ်ခါကြားရုံနဲ့ စွဲသွားအောင် နားထောင်ကောင်းတဲ့ သီချင်းလေးပါ။

Shawn Colvin နဲ့ John Leventhal တို့ ပူးပေါင်းရေးစပ်ထားတဲ့ သီချင်းလို့ သိရပါတယ်။ လှပတဲ့သီချင်းဖွဲ့စည်းမှုဖြစ်သလို လှပတဲ့ ကဗျာလေးတစ်ပုဒ်လည်း ဖြစ်နေပါသေးတယ်။ သီချင်းသံစဉ်ကို နုတ်ဖယ်ပြီး အသံထွက် ရွတ်ကြည့်ရင်လည်း ဒါ အလွန်လှတဲ့ ကဗျာတစ်ပုဒ်ပါပဲ။

လူတစ်ယောက်ရဲ့ ဘဝမှာ မှားယွင်းမှုတွေ ပျက်စီးမှုတွေ ရှိတတ်တာပါပဲ။ အဲဒါတွေကို အချိန်မီပြုပြင်ရင် ရှေ့ဆက်ရမယ့်ဘဝဟာ သာယာလှပ သွားမှာပေါ့။ ပြုပြင်စရာ အသေးအဖွဲ့ကလေးတွေကို ပြုပြင်ပြင်ဆင်ဖို့ ဒီအချိန်ဟာ အကောင်းဆုံးပါပဲတဲ့။

ဒီသီချင်းရဲ့ ဂီတဗီဒီယိုဟာ ၁၉၉၇ ခုနှစ်မှာ အကောင်းဆုံး ဆယ်ပုဒ်ထဲမှာ ပါခဲ့တယ်။ ရုပ်ရှင်ကားတိုလေး တစ်ခုကို ကြည့်နေရသလိုပဲ ကဗျာဆန်ဆန် လှပတဲ့ ရိုက်ကွက်လေးတွေနဲ့၊ ရှောင်ကော်လ်ဗင် ကိုယ်တိုင် သရုပ်ဆောင်ပြီး သီဆိုသွားခဲ့တာ ကြွေရရလေးပါပဲ။

၁၉၉၈ ခုနှစ်အတွက် အကောင်းဆုံး Record ဆုရော အကောင်းဆုံး သီချင်းဆုရော (Sunny Came Home) အတွက် Grammy ဆု နှစ်ဆုကို တစ်ပြိုင်တည်း ရလိုက်တဲ့အချိန်မှာ Shawn Colvin (ရှောင်ကော်လ်ဗင်) ဟာ အသက် ၄၂နှစ် ရှိပါပြီ။ အောင်မြင်မှုဟာ ကော်လ်ဗင်ဆီကို ဖြည်းဖြည်းနဲ့ နောက်ကျမှ ရောက်လာခဲ့တယ်။

ပြီးခဲ့တဲ့ ၁၀နှစ်အတွင်း ကောလ်ဗင်ဟာ အချစ်၊ ကြေကွဲမှု၊ ဒေါသ ခံစားချက်များကို ပေါင်းစပ်ပြီး Country Folk Songsတွေ ရေးခဲ့ဆိုခဲ့ပါရဲ့။ ဒါပေမဲ့ သူ့ရဲ့

သီချင်းအယ်လ်ဘမ်တွေဟာ အတော်အသင့်ပဲ ရောင်းခဲ့ရတယ်။ ဒါကြောင့် နယ်လှည့်ဂီတဖျော်ဖြေပွဲတွေ မနားမနေလုပ်ရင်း ငွေရှာခဲ့ရတယ်။

အခု A Few Small Repairs အယ်လ်ဘမ်ကတော့ အောင်မြင်မှုသရဖူ ဆောင်းခဲ့လိုက်တာ အခုဆိုရင် ပလက်တီနမ် ဓာတ်ပြားတောင် ရခဲ့ပြီ။ ကော်လ်ဗင်ရဲ့ ဘဝမှာ ပထမဆုံးသော လျှမ်းလျှမ်းတောက် အောင်မြင်မှု အတွေ့အကြုံပေါ့။

တကယ်တော့ ရောင်ကောလ်ဗင်ရဲ့ဘဝဟာ တော်တော်လှိုင်းထန်ခဲ့တာပါ။

အရက်နဲ့ မူးယစ်ဆေးနွံထဲမှာ နစ်ခဲ့ရဖူးတယ်၊ စိတ်ကျဝေဒနာကို ခံစားခဲ့ရဖူးတယ်၊ အိမ်ထောင်ရေးကလည်း တော်တော်ဆိုးခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမဲ့ သူဟာ ခါးသီးတဲ့အတွေ့အကြုံနဲ့ ခံစားချက်တွေကို ဘဝထဲကနေ ဆွဲထုတ်ယူပြီး သီချင်းတွေထဲမှာ ထည့်သုံးနိုင်ခဲ့တယ်လို့ ပြောရမယ်။

အခုဆိုရင် ဂရမ်မီဆုပိုင်ရှင်အဖြစ် အမေရိကန်ပြည်ထောင်စု Texas ပြည်နယ်၊ အော်စတင်မြို့မှာ ဘဝကို နေသားတကျ ဖြတ်သန်းပျော်ရွှင်နေပါပြီ။ ကော်လ်ဗင်ဟာ လောလောလတ်လတ် ဒုတိယအကြိမ် အိမ်ထောင်ပြုလိုက်ပါတယ်။ သူနဲ့ အသက်အတူတူပဲ၊ ဓာတ်ပုံဆရာ မာရီယိုအာဝင် ဖြစ်ပါတယ်။

• ဂျူး - နိုဝင်ဘာမိုး



**PLEASE FORGIVE ME**

Bryan Adams

It still feels like our first night together
Feels like the first kiss
And it's gettin' better baby. No one can, better this
I'm still hold on and you're still the one
The first time our eyes met it's the same feeling I get
Only feels much stronger and I wanna love ya longer
You still turn the fire on.

So If you're feeling lonely don't
You're the only one I'd ever want
I only wanna make it good
So if I love ya a little more than I should.

Please forgive me I know not what I do
Please forgive me I can't stop loving you
Don't deny me this pain I'm going through
Please forgive me if I need ya like I do
Please believe me every word I say is true
Please forgive me I can't stop loving you.

- ဂျူး - နိုဝင်ဘာမိုး

Still feels like our best times are together
Feels like the first touch
We're still getting closer baby. Can't get close enough
I'm still holding on you're still number one
I remember the smell of your skin
I remember everything
I remember all your moves
I remember you, yeah
I remember the nights ya know I still do.

So If you're feeling lonely don't
You're the only one I'd ever want
I only wanna make it good
So if I love ya a little more than I should.

Please forgive me I know not what I do
Please forgive me I can't stop loving you
Don't deny me this pain I'm going through
Please forgive me if I need ya like I do.

Oh believe me every word I say is true
Please forgive me I can't stop loving you.

Only thing I'm sure of is the way we make love
And the one thing I depend on is for us to stay strong
With every word and every breath I'm praying

That's why I'm saying.

Please forgive me I know not what I do
Please forgive me I can't stop loving you
Don't deny me this pain I'm going through
Please forgive me if I need ya like I do.
Baby believe me every word I say is true
Please forgive me I can't stop loving you.

Never leave me I don't know what I'd do
Please forgive me I can't stop loving you
I can't stop loving you.

***

**ကိုယ့်ကိုခွင့်လွှတ်ပါ**
ဘရိုင်ယန်အဒမ်စ်

နှစ်ယောက်အတူ ဖြတ်သန်းခဲ့ကြတဲ့
ကိုယ်တို့ရဲ့ ပထမဆုံးညလို ခံစားနေရဆဲ
ပထမဆုံးအနမ်းလို ခံစားနေရဆဲ
နောက်ပြီး ပိုပိုလို့သာ တိုးလာတော့တယ် ကလေးရေ
ဘယ်သူကမှ ဒီထက်ပိုစေနိုင်မှာမဟုတ်
ကိုယ့်အတွက် မင်းသာတစ်ဦးတည်းဆိုတာ
ခုထိ ကိုယ်ဖက်တွယ်ထားဆဲပါ
ပထမဆုံးအကြိမ် ကိုယ်တို့မျက်လုံးချင်းဆုံကြတုန်းကလို
အဲဒီအတိုင်း ကိုယ်ခံစားနေရဆဲ
ပိုပိုလို့သာ ခံစားချက်က ပြင်းပြလာတော့တယ်

- ဂျူး - နှိဝင်ဘာမိုး

မင်းကို ကိုယ်ကာလရှည်ကြာ ချစ်နေချင်တယ်
(ကိုယ်တို့) အချစ်မီးလျှံကို မင်းပဲ ပျိုးနိုင်နေဆဲပါ။

ဒီတော့ မင်းအထီးကျန်ခံစားရတယ်ဆိုရင် အဲဒီလိုမတွေးလိုက်ပါနဲ့
ကိုယ်မက်မောရသူဟာ မင်းတစ်ဦးတည်းသာပါ
ကိုယ်တို့အချစ်ကို ကောင်းအောင်ပဲ ကိုယ်ဖန်တီးချင်တာ
ဒါကြောင့်အချစ်ရယ် ကိုယ်ချစ်သင့်တာထက်များ
နည်းနည်းပိုပြီး မင်းကိုချစ်မိသွားရင်

တောင်းပန်ပါရစေ... ကိုယ့်ကို ခွင့်လွှတ်ပါကွယ်
ကိုယ်ဘာလုပ်ရမှန်း ကိုယ်မသိတော့ပါဘူး
ကိုယ့်ကို ခွင့်လွှတ်ပါ မင်းအပေါ်ချစ်မိတာ ကိုယ်မတားဆီးနိုင်တော့ပါဘူး
ကိုယ် ရင်ဆိုင်ခံစားနေရတဲ့ နာကျင်မှုဒဏ်ရာကို မင်းမျက်နှာမလွှဲလိုက်ပါနဲ့ကွယ်
မင်းကို အရင်ကလို မက်မောတမ်းတနေမိတယ်ဆိုရင် ကိုယ့်ကိုခွင့်လွှတ်ပါ
ကိုယ်ပြောသမျှ စကားလုံးတိုင်းဟာ အမှန်တွေချည်းပါ
မင်းအပေါ် ချစ်နေမိတာကို ကိုယ်မတားဆီးနိုင်တော့ဘူး အချစ်ရယ်။

ကိုယ်တို့အတူရှိနေခဲ့ကြတဲ့ အလှပဆုံးအချိန်တွေလိုပဲ ခံစားနေရဆဲ
ပထမဆုံး ထိတွေ့မှုလို ခံစားနေရဆဲ
ကိုယ်တို့ဟာ ပိုမိုပြီးသာ နီးလာနေဆဲ
လုံလောက်တဲ့ နီးကပ်မှုရယ်လို့ ဘယ်တော့မှ ရနိုင်မှာ မဟုတ်တော့ပါဘူး
ကိုယ့်အတွက် မင်းသာနံပါတ်(၁) ဆိုတာကို ကိုယ်ဖက်တွယ်ထားဆဲပါ
မင်းရဲ့ ကိုယ်နံ့လေးကို ကိုယ်အောက်မေ့နေမိတယ်
အရာရာကို သတိရနေမိ
အင်းလှုပ်ရှားမှုအားလုံးကို ကိုယ်သတိရနေမိ
မင်းကို ကိုယ်သတိရနေမိတယ်... ဟုတ်တယ်

- ဂျူး - နိုဝင်ဘာမိုး

အဲဒီညလေးတွေကို ကိုယ်သတိရနေပါတယ်
ကိုယ်တမ်းတနေဆဲဆိုတာ မင်းသိပါတယ်ကွယ်
ကိုယ် သေချာတာတစ်ခုကတော့ ကိုယ်တို့ချစ်ကြတဲ့ပုံစံ
နောက်ပြီး ကိုယ်အားထားတာ တစ်ခု...
အဲဒါဟာ ကိုယ်တို့နိုင်မာစွာ ဆက်လက်ရပ်တည်နိုင်ဖို့ပါ
စကားလုံးတိုင်းနဲ့အမျှ ... ထွက်သက်ဝင်သက်နဲ့အမျှ
ကိုယ်ဆုတောင်းနေပါတယ်
ဒါကြောင့်လည်း ကိုယ်ပြောနေရတာပါ
တောင်းပန်ပါရစေ... ကိုယ့်ကိုခွင့်လွှတ်ပါကွယ်
ကိုယ်ဘာလုပ်ရမှန်း ကိုယ်မသိတော့ပါဘူး
ကိုယ့်ကို ခွင့်လွှတ်ပါ ... မင်းအပေါ်ချစ်မိတာကို
ကိုယ်မတားနိုင်တော့ပါဘူး
ကိုယ်ရင်ဆိုင်ခံစားနေရတဲ့ နာကျင်မှုဒဏ်ရာကို
မင်းမျက်နှာမလွှဲလိုက်ပါနဲ့ကွယ်
မင်းကို အရင်ကလို မက်မောတမ်းတနေမိတယ်ဆိုရင် ကိုယ့်ကိုခွင့်လွှတ်ပါ
ကိုယ်ပြောသမျှ စကားလုံးတိုင်းဟာ အမှန်တွေချည်းပါပဲ
မင်းအပေါ် ချစ်နေမိတာကို ကိုယ်မတားဆီးနိုင်ဘူးအချစ်ရယ်။

ကိုယ့်ကို စွန့်ခွာမပြေးပါနဲ့
ကိုယ် ဘာလုပ်ရမယ်ဆိုတာလည်း ကိုယ်မသိတော့ပါဘူး
ကျေးဇူးပြုပြီး ကိုယ့်ကို ခွင့်လွှတ်ပါတော့ကွယ်
မင်းအပေါ် ချစ်နေမိတာကို ကိုယ်မတားဆီးနိုင်တော့ပါဘူး
မင်းအပေါ် ချစ်နေမိတာကို ကိုယ်မတားဆီးနိုင်တော့ပါဘူး အချစ်ရယ်။

***

၁၉၉၃ ခုနှစ်ကုန်ခါနီးမှာ ထုတ်ဝေခဲ့တဲ့ So far ... so good အယ်လ်ဘမ်ထဲက သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ 'Please forgive me' ဆင်ဂယ်လ် ဓာတ်ပြားဟာ ပလက်တီနမ်ဓာတ်ပြား ရခဲ့တယ်။ So far ... so good အယ်လ်ဘမ်ဟာ တစ်နှစ်အတွင်း ဆယ့်နှစ်သန်း(အချပ်ရေ) ရောင်းခဲ့ရတယ်လို့ သိရပါတယ်။ နိုင်ငံပေါင်း ၁၉ နိုင်ငံမှာ ထိပ်ဆုံးက နေရာရခဲ့တဲ့ အယ်လ်ဘမ်ပါပဲတဲ့။

ဘရိုင်ယန်အဒမ်စ်ဟာ သီချင်းတိုင်းကို တွဲဖက်ရေးသားခဲ့တယ်လို့ သိရတယ်။

ဘရိုင်ယန်အဒမ်စ်ရဲ့ ဖခင်က သံအရာရှိ တစ်ယောက်ပါ။ ဘရိုင်ယန်အဒမ်စ်ကို ကနေဒါနိုင်ငံ၊ အွန်တာရီယိုပြည်နယ်၊ Kingston မြို့မှာ ၁၉၅၉ ခုနှစ် နိုဝင်ဘာ၅ ရက်နေ့မှာ မွေးဖွားခဲ့တယ်။

ငယ်စဉ်ကတည်းက သူ့ဘဝဟာ ရော့ခ်ဂီတဆိုတာ သူသိခဲ့တယ်။ အသက် ၁၆နှစ်အရွယ်မှာ Until I Find You ဆိုတဲ့သီချင်းကို ရေးပြီး ကနေဒါနိုင်ငံရဲ့ Sweeney Todd ဂီတဝိုင်းထဲ ဝင်ခဲ့တယ်။

သီချင်းရေးဆရာ Jim Vallance နဲ့ ဆုံတွေ့ရပြီးတဲ့နောက်မှာ ဘရိုင်ယန်အဒမ်စ် အတွက် စိတ်တူ ခံစားချက်တူတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်လာခဲ့တယ်။ ၁၉၉၁ ခုနှစ်ကတော့ ဘရိုင်ယန်အဒမ်စ်အနေနဲ့ UK ဂီတလောကမှာလည်း ထိပ်ဆုံးကိုရောက် USA မှာလည်း ထိပ်ဆုံးကို ရောက်ခဲ့တဲ့ နှစ်ပါ။

(Everything I do) I do it for you သီချင်းကြောင့်လို့ ပြောနိုင်ပါတယ်။

ဒီသီချင်းကို Kevin Costner သရုပ်ဆောင်ခဲ့တဲ့ Robin Hood: Prince of Thieves ရုပ်ရှင်ဇာတ်ဝင်ခန်းအတွက် Jim Vallance နဲ့ Bryan Adams တို့ နှစ်ယောက် ပေါင်းရေးခဲ့တယ်။ ဂီတဗီဒီယိုကို England နိုင်ငံ Somerset မှာ ရိုက်ခဲ့ကြတယ်။ Everthing I do နဲ့အတူ သီချင်း ၁၂ ပုဒ်ကို ၁၈လတိတိ မပြီးနိုင်မစီးနိုင်

မွမ်းမံအချောသပ်နေခဲ့ကြတယ်လို့ ပြောပါတယ်။ သီချင်းအယ်လ်ဘမ်ရဲ့ အမည်ကတော့ Waking up the Neighbours တဲ့။

“Everything I do” Single ဓာတ်ပြားဟာ UK ရဲ့ နံပါတ်(၁)နေရာမှာ ၁၆ ပတ်တိတိ ဆက်တိုက်နေရာယူခဲ့တာမို့ အံ့မခန်းပဲပေါ့။

အဲဒီနောက်မှာတော့ နိုင်ငံပေါင်း ၁၄ နိုင်ငံမှာ ဓာတ်ပြားချပ်ရေ ၁၃ သန်းရောင်းရပြီး ကမ္ဘာကျော်သွားခဲ့တာပါပဲ။

၁၉၉၂ ခုနှစ်မှာ ဂရမ်မီဆုကို အကောင်းဆုံးရုပ်ရှင်သီချင်းဆု အဖြစ် ရခဲ့တယ်။

အခု Please Forgive Me သီချင်းဟာလည်း ဆင်ဂယ်လ်ဓာတ်ပြားမှာ အရောင်းရဆုံးမို့ ပလက်တီနမ် ရခဲ့တယ်။ So Far ... So Good သီချင်းအယ်လ်ဘမ်ဟာ နိုင်ငံပေါင်း ၁၉နိုင်ငံမှာ ချက်ချင်းပဲ နံပါတ်(၁) နေရာ ယူခဲ့ပြီး ချပ်ရေ ၁၂သန်း ရောင်းခဲ့ရပါတယ်။ ဘရိုင်ယန်အဒမ်စ်ရဲ့ ခပ်ရှရှ အက်အက် လည်ချောင်းသံနဲ့ သီဆိုဟန်ဟာ ကြားရသူရဲ့ စိတ်နှလုံးကို လှုပ်ရှားသွားအောင် ဆွဲဆောင်နိုင်ပါတယ်။

အခုသီချင်းဟာလည်း ချစ်ခြင်းမေတ္တာဖွဲ့ကို ရိုးရိုးကလေး ဖွဲ့ထားတဲ့အပြင် သံစဉ်နဲ့ ဖွဲ့စည်းမှု အင်မတန်လှပတာကြောင့် ဘရိုင်ယန်အဒမ်စ်ရဲ့ ရင်ခုန်စရာအသံနဲ့ ပေါင်းစပ်လိုက်တဲ့အခါ ဘယ်တော့မှ မမေ့နိုင်တဲ့ သီချင်းတစ်ပုဒ် ဖြစ်သွားပါတယ်။

- ဂျူး - နှိဝင်ဘာမိုး



**TRULY MADLY DEEPLY**

Savage Garden

I'll be your dream
I'll be your wish. I'll be your fantasy.
I'll be your hope, I'll be your love
Be everything that you need.
I love you more with every breath
Truly madly deeply do..
I will be strong. I will be faithful
'Cos I'm counting on
A new beginning.
A reason for living.
A deeper meaning.

I want to stand with you on a mountain.
I want to bathe with you in the sea.
I want to lay like this forever.
Until the sky falls down on me

And when the stars are shining brightly in the velvet sky
I'll make a wish to send it to heaven
Then make you want to cry

The tears of joy for all the pleasure and the certainty
That we're surrounded by the comfort and protection of
The highest power.
In lonely hours.
The tears devour you

I want to stand with you on a mountain
I want to bathe with you in the sea
I want to lay like this forever
Until the sky falls down on me

Oh can't you see it baby?
You don't have to close your eyes,
'Cos it's standing right before you
All that you need will surely come

I'll be your dream
I'll be your wish. I'll be your fantasy.
I'll be your hope. I'll be your love
Be everything that you need.
I'll love you more with every breath
Truly, madly, deeply do

I want to stand with you on a mountain
I want to bathe with you in the sea
I want to lay like this forever.

**အစစ်အမှန်၊ အရှူးအမူး၊ နက်နက်ရှိုင်းရှိုင်း**
ဆပေ့ဂျ် ဂါးဒင်း အဖွဲ့

ကိုယ် မင်းရဲ့ အိပ်မက်ဖြစ်ပါ့မယ်
ကိုယ် မင်းရဲ့ ဆန္ဒဖြစ်ပါ့မယ် ... ကိုယ် မင်းရဲ့ စိတ်ကူးချိုကလေး ဖြစ်ပါ့မယ်
ကိုယ် မင်းရဲ့ မျှော်လင့်ချက် ဖြစ်ပါ့မယ် ... ကိုယ် မင်းရဲ့ အချစ် ဖြစ်ပါ့မယ်
မင်း လိုသမျှ အရာရာ ဖြစ်လိုက်ပါမယ်
ကိုယ် မင်းကို ထွက်သက်ဝင်သက်နဲ့အမျှ ပိုလို့ချစ်ပါ့မယ်
အစစ်အမှန်၊ အရှူးအမူး၊ နက်နက်ရှိုင်းရှိုင်း ချစ်ပါတယ် အချစ်ရယ်
ကိုယ်အားမာန်နဲ့ ခိုင်မာပါ့မယ် ကိုယ်ဟာ သစ္စာရှိစေရပါမယ်
ဘာဖြစ်လို့လဲဆိုတော့ အသက်ရှင်ဖို့အကြောင်းရင်းတစ်ခု
လေးနက်တဲ့ အဓိပ္ပာယ်တစ်ခုနဲ့
ဘဝသစ်တစ်ခုရဲ့အစကို ကိုယ်စိတ်ချမျှော်လင့်တော့မှာမို့ပါ။

ကိုယ် မင်းနဲ့အတူ တောင်တန်းတစ်ခုပေါ်မှာ မတ်မတ်ရပ်ချင်
ကိုယ် မင်းနဲ့အတူ ပင်လယ်ထဲမှာ ရေချိုးချင်
ကိုယ် အခုလိုပဲ ထာဝရလဲလျောင်းနေချင်တာ
မိုးကောင်းကင်ကြီး ကိုယ့်အပေါ်ပြိုဆင်းလာတဲ့အထိပါကွယ်။

နောက်ပြီး ကတ္တီပါ ကောင်းကင်မှာ
ကြယ်တွေ တောက်ပစွာ ထွန်းလင်းလာတဲ့အခါ
ကောင်းကင်ဘုံအထိ ပျံ့လွှင့်သွားမယ့်
တောင်းဆုတစ်ခု ကိုယ်ပြုပါ့မယ်။
အထီးကျန်နာရီတွေထဲမှာ အမြင့်ဆုံး စွမ်းအားတွေက
ကိုယ်တို့ကို ဝိုင်းရံစောင့်ရှောက်ကြ နွေးထွေးနစ်သိမ့်ကြလေရဲ့
အဲဒီသေချာမှုထဲမှာ ကျေနပ်နစ်ဝင်ပြီး

- ဂျူး - နိုဝင်ဘာမိုး

ပျော်ရွှင်ခြင်းမျက်ရည်တွေနဲ့ မင်းငိုမိသွားအောင်
ကိုယ် စွမ်းဆောင်ပေးပါ့မယ်
မျက်ရည်တွေက မင်းကိုစွဲလမ်းမက်မောကြလိမ့်မယ်။

ကိုယ် မင်းနဲ့အတူ တောင်တန်းတစ်ခုပေါ်မှာ မတ်မတ်ရပ်ချင်
ကိုယ် မင်းနဲ့အတူ ပင်လယ်ထဲမှာ ရေချိုးချင်
ကိုယ် အခုလိုပဲ ထာဝရလဲလျောင်းနေချင်တာ
မိုးကောင်းကင်ကြီး ကိုယ့်အပေါ်ပြိုဆင်းလာတဲ့အထိပါကွယ်။

မင်းတွေ့ရဲ့လား ကလေးရေ ...
မင်းမျက်လုံးတွေကို မှိတ်ဖို့မလို
အခုကိုပဲ မင်းရှေ့မှောက်မှာ ရောက်လာပြီမို့ပါ
မင်းလိုသမျှ အရာအားလုံး အသေအချာ ရောက်လာနေပါပြီ။

ကိုယ် မင်းရဲ့ အိပ်မက်ဖြစ်ပါ့မယ်
ကိုယ် မင်းရဲ့ ဆန္ဒ ဖြစ်ပါ့မယ်
ကိုယ် မင်းရဲ့ စိတ်ကူးချိုကလေး ဖြစ်ပါ့မယ်
ကိုယ် မင်းရဲ့ မျှော်လင့်ချက် ဖြစ်ပါ့မယ် ... ကိုယ် မင်းရဲ့ အချစ် ဖြစ်ပါ့မယ်
မင်း လိုသမျှ အရာရာ ဖြစ်လိုက်ပါမယ်
ကိုယ် မင်းကို ထွက်သက်ဝင်သက်နဲ့အမျှ ပိုလို့ချစ်ပါ့မယ်
အစစ်အမှန်၊ အရှုးအမူး၊ နက်နက်ရှိုင်းရှိုင်း ချစ်ပါတယ် အချစ်ရယ်။

ကိုယ် မင်းနဲ့အတူ တောင်တန်းတစ်ခုပေါ်မှာ မတ်မတ်ရပ်ချင်
ကိုယ် မင်းနဲ့အတူ ပင်လယ်ထဲမှာ ရေချိုးချင်
ကိုယ် အခုလိုပဲ ထာဝရလဲလျောင်းနေချင်တာ
မိုးကောင်းကင်ကြီး ကိုယ့်အပေါ်ပြိုဆင်းလာတဲ့အထိပါကွယ်။

- ဂျူး - နိုဝင်ဘာမိုး

Darren Hayes နဲ့ Daniel Jones တို့နှစ်ယောက် ဖွဲ့စည်းပါဝင်တဲ့ Savage Garden အဖွဲ့ရဲ့ အချစ်သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ သီချင်းစာသားနဲ့ သံစဉ်ကို သူတို့နှစ်ယောက်ကိုယ်တိုင် ရေးစပ်သီကုံးထားပါတယ်။ သံစဉ်အေးအေးလေးနဲ့ ဆွဲဆောင်မှုရှိတဲ့ သီချင်းပါ။ ၁၉၉၇ ခုနှစ်က ထွက်ခဲ့တဲ့ အယ်လ်ဘမ်ထဲက ဖြစ်ပါတယ်။ ထွက်ထွက်ချင်းပဲ အဲဒီအယ်လ်ဘမ်ထဲက ဒီ Truly Madly Deeply သီချင်းဟာ လူကြိုက်များလွန်းလို့ အမေရိကန်ရုပ်မြင်သံကြားဂီတ အသံလွှင့်ဌာနတွေရဲ့ အစီအစဉ်မှာ အကောင်းဆုံး သီချင်းဆယ်ပုဒ်ထဲက တစ်ပုဒ်အဖြစ် နေ့စဉ် အသံလွှင့်ပြခဲ့ရတယ်။

- ဂျူး - နိုဝင်ဘာမိုး



**LOVE OF MY LIFE**

Freddie Mecury

Love of my life you've hurt me,
You broken my heart and now you leave me
Love of my life can't you see,
Bring it back, bring it back,
Don't take it away from me cause you don't know
what it means to me

Love of my life don't leave me,
You've stolen my love you now desert me
Love of my life can't you see
Bring it back, bring it back
Don't take it away from me, 'cause you don't know
what it means to me

You will remember when this is blown over and
everything's all by the way,
When I grow older I will be there at your side to remind you
how I still love you... I still love you

Hurry back, hurry back
Don't take it away from me 'cause you don't know
what it means to me

Love of my life... Love of my life.

**ကိုယ့်ဘဝရဲ့အချစ်**
ဖရက်ဒီ မာကျူရီ

ကိုယ့်ဘဝရဲ့အချစ် ... မင်းကိုယ့်ကို နာကျင်စေခဲ့ပြီ
ကိုယ့်နှလုံးသားကို မင်း ခွဲချေရက်ခဲ့
အခု ... မင်းကိုယ့်ကို စွန့်ခွာသွားခဲ့ပြီ
ကိုယ့်ဘဝရဲ့အချစ်လေး ... မင်းမသိဘူးလား
ပြန်ယူလာခဲ့ပါ ... ပြန်ယူလာခဲ့ပါကွယ်
ကိုယ့်ဆီကနေ ယူမပြေးလိုက်ပါနဲ့
ကိုယ့်အတွက် ဒီအချစ်ဟာ ဘယ်လောက်ထိ အရေးပါသလဲဆိုတာ
မင်းမှ မသိခဲ့ဘဲကိုး။

ကိုယ့်ဘဝရဲ့ အချစ် ကိုယ့်ကို စွန့်ခွာမသွားပါနဲ့လား
ကိုယ့်အချစ်ကို မင်း ခိုးယူသွားရက်ခဲ့
အခု ... မင်းကိုယ့်ကို ထာဝရပစ်ပယ်ထားရစ်ခဲ့ပြီ
ကိုယ့်ဘဝရဲ့အချစ်လေး မင်းမသိဘူးလား
ပြန်ယူလာခဲ့ပါ ... ပြန်ယူခဲ့ပါကွယ်
ကိုယ့်ဆီကနေ ယူမပြေးလိုက်ပါနဲ့
ကိုယ့်အတွက် ဒီအချစ်ဟာ ဘယ်လောက်ထိ အရေးပါသလဲဆိုတာ
မင်းမှမသိခဲ့ဘဲကိုး။

မင်းသတိရပါဦးမလား ဒီအဖြစ်လွန်ပြောက်ပျောက်ကွယ်သွားတဲ့အခါ
ပြီးတော့ အရာရာပြီးဆုံးသွားတဲ့အခါ
ကိုယ်ကြီးပြင်းလာတဲ့အခါ အဲဒီမှာ... မင်းအနားမှာ ကိုယ်ရောက်လာလိမ့်မယ်

- ဂျူး - နိုဝင်ဘာမိုး

ကိုယ် မင်းကို အဲဒီလောက်အထိ ချစ်နေတုန်းပဲဆိုတာ မင်းသိစေဖို့
ကိုယ် မင်းကိုချစ်နေတုန်းပဲ ဆိုတာလေ။

မြန်မြန်ပြန်ခဲ့ပါ … မြန်မြန်ပြန်ခဲ့ပါ အချစ်ရေ
ကိုယ့်ဆီကနေ ယူမပြေးလိုက်ပါနဲ့
ကိုယ့်အတွက် ဒီအချစ်က ဘယ်လောက်ထိ အရေးပါသလဲဆိုတာ
မင်းမှ မသိခဲ့ဘဲကိုး
မင်း မသိလိုက်လေခြင်းကွယ်
ကိုယ့်ဘဝရဲ့အချစ် … ကိုယ့်ဘဝရဲ့ အချစ်ရယ်။

***

လွမ်းဆွတ်ကြေကွဲစရာ အချစ်သီချင်းလေး ဖြစ်ပါတယ်။ ဖရက်ဒီမာကျူရီရဲ့ ခမ်းနားလှပတဲ့ အသံနဲ့ Queen အဖွဲ့ရဲ့ မမေ့နိုင်စရာ သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ အချစ်သီချင်း အလွမ်းသီချင်းပီပီ ခပ်နေးနေး တီးခတ်သီဆိုထားတာမို့ စွဲလမ်းတဲ့ ပရိသတ်တွေ အလွယ်တကူ လိုက်သီဆိုနိုင်ခဲ့ကြပါတယ်။ ဖရက်ဒီမာကျူရီဟာ စင်မြင့်ပွဲတစ်ခုမှာ စန္ဒရားကို ကိုယ်တိုင်တီးပြီး ဒီသီချင်းကို ဆိုသွားတာ ကြည့်ကြဖူးမယ် ထင်ပါတယ်။ Live Show ဂီတ ဓာတ်ပြားထဲမှာ ဆိုရင်လည်း ဒီသီချင်းရဲ့ အပိုဒ် တော်တော်များများကို ပရိသတ်က တညီတည်း ပါဝင်သီဆိုသွားတာ ကြားဖူးကြပါလိမ့်မယ်။ သီချင်းစာသားနဲ့ ဂီတဖွဲ့စည်းမှုကိုတောင် ကျော်လွန်သွားအောင် လှပစွာ ဆွဲဆောင်နိုင်တဲ့ အရာကတော့ ဖရက်ဒီမာကျူရီရဲ့ အသံပဲ ဖြစ်ပါတယ်။

ဖရက်ဒီမာကျူရီဟာ 'ကွင်း' အဖွဲ့ရဲ့ ပင်တိုင်အဆိုတော် ဖြစ်ခဲ့ပါတယ်။ ကမ္ဘာ့ရော့ခ် ဂီတလောကမှာ ဖရက်ဒီမာကျူရီဟာ လူတိုင်းမမေ့နိုင်တဲ့ ဂီတနတ်ဘုရား တစ်ပါးလိုပါပဲ။ Queen စတင်တည်ထောင်ခဲ့တဲ့ ၁၉၇၀ အစောပိုင်းကာလက စပြီး ကွင်းအဖွဲ့ ပြီးဆုံးသွားတဲ့

၁၉၉၁ ခုနှစ်အထိ အဖွဲ့သားတွေဟာ တစ်စုတစ်စည်းတည်း ရင်းနှီးချစ်ခင်စွာ အတူလက်တွဲခဲ့ကြတယ်။

Queen ဟာ ကမ္ဘာ့ဂီတလောကကို စူးရှပြင်းထန်စွာ ထိုးဖောက်ဝင်ရောက်လာခဲ့တဲ့ အင်္ဂလိပ် ဂီတတီးဝိုင်းအဖွဲ့ ဖြစ်ပါတယ်။ ဖရက်ဒီမာကျူရီနဲ့အတူ တွဲဖက် ပါဝင်ခဲ့ကြတဲ့ အဖွဲ့သားတွေကတော့ Brain May, John Deacon နဲ့ Roger Taylor တို့ ဖြစ်ပါတယ်။ ၁၉၇၀ ခုနှစ်ကနေ အခုထိ နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်းမှာ ကမ္ဘာ့ဂီတလောကမှာ အအောင်မြင်ဆုံး ဘရစ်တိရှ်အဖွဲ့လို့ ပြောနိုင်ပါတယ်။

ဖရက်ဒီမာကျူရီဟာ ၁၉၉၁ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်မှာ သူ့ကိုချစ်ခင် မြတ်နိုးလှတဲ့ သူ့ပရိသတ်ကို သူဟာ AIDS ရောဂါခံစားနေရပြီဆိုတဲ့အကြောင်း ဖွင့်ဟကြေငြာခဲ့ပါတယ်။။ နောက်တစ်နေ့မှာတော့ သူကွယ်လွန်သွားခဲ့ပါတယ်။ သူကွယ်လွန်ချိန်မှာ သူ့အသက်ဟာ ၄၅နှစ်ပဲ ရှိပါသေးတယ်။ သူ ကွယ်လွန်ပြီးတဲ့နောက်မှာ Queen အဖွဲ့ဟာ ပြီးဆုံးသွားခဲ့တာပါပဲ။

ဖရက်ဒီမာကျူရီဟာ သူ့ကိုယ်သူ သိနေခဲ့တာ ငါးနှစ်လောက်ရှိပြီ ဖြစ်လိမ့်မယ်လို့ သူ့သူငယ်ချင်း Brian May က ပြောခဲ့တယ်။ Brian May တို့ အဖွဲ့သားတွေကို အသိပေးခဲ့တာတော့ မဆုံးခင် လပိုင်းတွေလောက်ကပါပဲ။ သူ့မှာ တစ်ခုခုဖြစ်နေပြီ ဆိုတာတော့ အဖွဲ့သားတွေ ရိပ်မိခဲ့တာ ကြာပြီပေါ့။

၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှာတော့ ဖရက်ဒီမာကျူရီအမှတ်တရ ဂီတစင်မြင့်ပွဲတစ်ခု (အင်္ဂလန်ရဲ့ Wembley ကွင်းမှာ) ကျင်းပခဲ့တယ်။ အဲ့ဒီမှာ Queen အဖွဲ့ရဲ့ လက်ကျန်တီးဝိုင်းအဖွဲ့သားသုံးဦးနဲ့အတူ အယ်လ်တန်ဂျွန်၊ Gun N' Roses, Extreme, Metallica, Def Leppard စတဲ့ တီးဝိုင်းဂီတပညာရှင်တွေ ပါဝင်ပြီး ဖရက်ဒီမာကျူရီရဲ့ သီချင်းတွေကို သီဆိုဂုဏ်ပြုခဲ့ကြတယ်။

- ဂျူး - နိုဝင်ဘာမိုး

တစ်သက်လုံး လိုင်တူဆက်ဆံသူ မိန်းမလျာတွေကို ပြင်းပြင်းထန်ထန် ရှုတ်ချတိုက်ခိုက်လာခဲ့တဲ့ Axl Rose(Gun N' Roses) ဟာ ဖရက်ဒီမာကျူရီရဲ့ သီချင်းကို အဲ့ဒီနေ့က သီဆိုဂုဏ်ပြုခဲ့တယ်။ သူ့ဘဝဟာ ဖရက်ဒီမာကျူရီရဲ့ သီချင်းတွေနဲ့ ကြီးပြင်းခဲ့ရတာပါတဲ့။ အဲဒီသီချင်းတွေကြောင့် သူဟာ ဂီတလောကထဲကို ရောက်ခဲ့ရတာပါတဲ့။ ဖရက်ဒီမာကျူရီရဲ့ သီချင်းတွေသာ မရှိခဲ့ဘူးဆိုရင် သူ့ဘဝ ဘယ်လိုဖြစ်နေမလဲ မတွေးနိုင်ပါဘူးတဲ့။

Love of my life သီချင်းဟာ Bohemian Rhapsody သီချင်းလို တခဲနက် နာမည်မကျော်ကြားခဲ့ပေမယ့် အလွန်လှပတဲ့ အချစ်သီချင်းလေးတစ်ပုဒ်၊ မမေ့နိုင်စရာ သီချင်းလေးတစ်ပုဒ် ဖြစ်ပါတယ်။

- ဂျူး - နိုဝင်ဘာမိုး



**THE LADY IN RED**

Chris de Burgh

I've never seen you looking so lovely as you did tonight
I've never seen you shine so bright,
I've never seen so many men ask you if you wanted to dance,
They're looking for a little romance, given half a chance,
And I have never seen that dress you're wearing,
Or the highlights in your head that catch your eyes,
I have been blind,

The lady in red is dancing with me, cheek to cheek
There's nobody here, it's just you and me,
it's where I want to be,
But I hardly know this beauty by my side,
I'll never forget, the way you look tonight;
I've never seen you looking so gorgeous as you did tonight,
I've never seen you shine so bright, you were amazing
I've never seen so many people want to be there by your side,
And when you turned to me and smiled,
It took my breath away,
I have never had such a feeling
Such a feeling of complete and utter love, as I do tonight,

The lady in red is dancing with me, cheek to cheek

There's nobody here, it's just you and me,
it's where I want to be,
But I hardly know this beauty by my side,
I'll never forget, the way you look tonight.
I'll never forget, the way you look tonight.
The lady in red, the lady in red,
The lady in red, the lady in red.

***

**အနီရောင်ဝတ်စုံနဲ့ အမျိုးသမီး**
ခရစ္စ ဒီ ဘာ့ဂ်

ဒီညလောက် မင်း ချစ်စရာကောင်းတာ ကိုယ်တခါမှ မမြင်ဖူးသေးဘူး
မင်း ဒီလောက် တောက်ပရွှန်းလက်နေတာ ကိုယ်တခါမှ မမြင်ဖူးခဲ့ဘူး
မင်းနဲ့ က,ပါရစေလို့ လာပြီး ခွင့်တောင်းတဲ့ ယောက်ျားတွေ
ဒီလောက်များနေတာကိုလည်း ကိုယ်တခါမှ မတွေ့ဖူးသေးပါဘူး
သူတို့ဟာ စိတ်ကူးယဉ်အဖြစ်ကလေးနည်းနည်း မျှော်လင့်နေခဲ့ပြီး
တစ်ဝက်အခွင့်အရေးသာ ပေးခံရရှာတယ်
နောက်ပြီး မင်းဝတ်ထားတဲ့ ဒီဝတ်စုံကို ကိုယ်တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး
ဒါမှမဟုတ်... မင်းမျက်လုံးတွေကို လက်ခနဲဖြစ်သွားစေတဲ့
မင်းဆံပင်မှာ တင်လာတဲ့အလင်းတွေ
ကိုယ့်မျက်လုံးတွေ ကွယ်သွားရတော့တယ်။

အနီရောင်ဝတ်စုံနဲ့ အမျိုးသမီးလေး
ကိုယ်နဲ့အတူ က,နေတယ်... ပါးချင်းအပ်လိုက်လို့...

- ဂျူး - နိုဝင်ဘာမိုး

ဟောဒီနေရာမှာ ဘယ်သူမှမရှိတော့ဘူး… မင်းနဲ့ကိုယ်နဲ့ပဲ ရှိတော့တယ်
ဒါ… ကိုယ်ရောက်ချင်တဲ့နေရာပါပဲ
ဒါပေမဲ့ ကိုယ့်ဘေးမှာရှိနေတဲ့ ဟောဒီအလှကို
ကိုယ် ကောင်းကောင်းမသိပါဘူး
ဒီည မင်းကြည့်လိုက်တဲ့အကြည့်ကို
ကိုယ်ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး။

ဒီညလောက် မင်းခမ်းနားလှပနေတာ ကိုယ်တစ်ခါမှ မမြင်ဖူးသေး
မင်း ဒီလောက် တောက်ပရွှန်းလက်နေတာ
ကိုယ်တစ်ခါမှ မမြင်ဖူးခဲ့ဘူး မင်းသိပ်ကို လှနေတာပဲကွယ်
မင်းဘေးနားမှာ ကပ်ချင်နေတဲ့လူတွေ ဒီလောက်များနေတာ
ကိုယ်တစ်ခါမှ မတွေ့ဖူးသေးဘူး
ပြီးတော့… မင်းကိုယ့်ဘက်ကို လှည့်ကြည့်ပြီး ပြုံးပြလိုက်တဲ့အခါ
ကိုယ်အသက်ရှူမှားသွားတော့တယ်
ဒီလိုခံစားချက်မျိုး ကိုယ်တစ်ခါမှ မကြုံဖူးသေးဘူး
ဒီည ကိုယ်ခံစားရသလောက် အကြွင်းမဲ့ပြီး ပြည့်စုံတဲ့ အချစ်မျိုးကိုလေ။

အနီရောင်ဝတ်စုံနဲ့ အမျိုးသမီးလေး ကိုယ်နဲ့အတူ က,နေတယ်
ပါးချင်းအပ်လိုက်လို့ ဟောဒီနေရာမှာ ဘယ်သူမှ မရှိတော့ဘူး
မင်းနဲ့ကိုယ်ပဲ ရှိတော့တယ် ဒါ …ကိုယ်ရောက်ချင်တဲ့ နေရာပါပဲ။

ဒါပေမဲ့ ကိုယ့်ဘေးမှာရှိနေတဲ့ ဟောဒီအလှကို
ကိုယ်ကောင်းကောင်းမသိပါဘူး
ဒီည မင်းကြည့်လိုက်တဲ့ အကြည့်ကို ကိုယ်ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး
ဒီည မင်းကြည့်လိုက်တဲ့အကြည့်ကို
ကိုယ်ဘယ်တော့မှ မေ့မှာမဟုတ်တော့ပါဘူး

- ဂျူး - နိုဝင်ဘာမိုး

အနီရောင်ဝတ်စုံနဲ့ အမျိုးသမီးလေး ... အနီရောင်ဝတ်စုံနဲ့ အမျိုးသမီးလေး
အနီရောင်ဝတ်စုံနဲ့ အမျိုးသမီးလေး...
အနီရောင်ဝတ်စုံနဲ့ ကိုယ့်မိန်းကလေးရယ်။
***

ခရစ္စ ဒီဘာ့ဂ်ရဲ့ "Beautiful Dreams" albumထဲက သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ ဒီသီချင်းကို ခရစ္စ ဒီဘာ့ဂ်ကိုယ်တိုင် ရေးစပ်ခဲ့တာပါ။ အနေးသီချင်းကလေးမို့ ခံစားချက်နဲ့ သီဆိုလိုက်တဲ့အခါ နားထောင်သူရဲ့ နှလုံးသားထဲကို ချက်ချင်းထွင်းဖောက် ဝင်ရောက်သွားခဲ့ပါတယ်။ သီချင်းစာသားရော တေးသွားရော ရိုးစင်းသလိုနဲ့ လှပါတယ်။ ဂီတမပါဘဲ စာသားသက်သက် ရွတ်ဖတ်ရင်လည်း ကဗျာတစ်ပုဒ်လို ခံစားလို့ ရနိုင်ပါတယ်။

ကာလအတော်ကြာကတည်းက မြန်မာပရိသတ် စွဲမက်ခဲ့ပြီးသား သီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ မကြာသေးခင်ကလည်း ဒီသီချင်းရဲ့ သံစဉ်ကို အဆိုတော်တစ်ယောက် ပြန်ကူးယူသီဆိုသွားတာ ကြားလိုက်မိပါတယ်။ 'ခရစ္စ ဒီဘာ့ဂ်' ဆိုရင် မြန်မာဂီတပရိသတ် ပထမဆုံးကြားယောင်လိုက်မိတဲ့ သီချင်းက The Lady in Red ပါပဲ။

ကပွဲခန်းမအလယ်မှာ အနီရောင်ဝတ်စုံလေးနဲ့ ခမ်းနားလှပစွာ တင့်တယ်နေတဲ့ အမျိုးသမီးကလေးတစ်ဦး၊ သူမရဲ့ဘေးမှာ သူမနဲ့ အတူတွဲက,ချင်လို့ ဝိုင်းဝိုင်းလည်နေတဲ့ ယောကျ်ားတွေ...။ ဒီကြားထဲကမှ အမျိုးသမီးလေးက လှည့်ကြည့်ပြုံးပြမှုကို ရရှိလိုက်တဲ့ လူငယ်တစ်ဦး၊ အရင်က အမျိုးသမီးလေးကို သတိထားမိခဲ့ပေမယ့် ဒီညလောက် ချစ်စရာကောင်းတာ၊ ခမ်းနားလှပတာ သူတစ်ခါမှ သတိမထားမိပါဘူးတဲ့။ အမျိုးသမီးလေးရဲ့ ပါးချင်းအပ်ပြီး က,ခွင့်ရခဲ့တဲ့ လူငယ်လေးတစ်ဦးရဲ့ သိမ်မွေ့နက်ရှိုင်းလှတဲ့ စိတ်လှုပ်ရှားမှုကို ချစ်စရာကောင်းအောင် ရေးဖွဲ့ထားတဲ့သီချင်းပါ။

- ဂျူး - နိုဝင်ဘာမိုး



**WONDERFUL TONIGHT**

Eric Clapton

It's late in the evening
She's wondering what clothes to wear
She puts on her make-up and brushes her long blonde hair.
And then she asks me, "Do I look all right?"
And I say, "Yes, you look wonderful tonight."

We go to a party,
and everyone turns to see this beautiful lady
who's walking around with me.
And then she asks me, "Do you feel all right?"
And I say, "Yes, I feel wonderful tonight."

I feel wonderful
because I see the love light in your eyes.
And the wonder of it all is that you
Just don't realize how much I love you.

It's time to go home now
And I've got an aching head,
So I give her the car keys and she helps me to bed.
And then I tell her, as I turn out the light,
I say, "My darling, you were wonderful tonight.
Oh my darling, you were wonderful tonight."

**ဒီနေ့ည မင်းသိပ်လှနေတယ်**
အဲရစ်(က်) ကလက်(ပ်)တန်

ညချမ်းအချိန်လေးပေါ့
ဘာဝတ်စုံ ဝတ်ရပ့်ါမလဲလို့ သူမ ရွေးရခက်နေလေရဲ့
မျက်နှာကို အလှပြင်လိုက်လို့ ...
လှပတဲ့ ရွှေဝါရောင်ဖျော့ဖျော့ဆံပင်ရှည်တွေကို ဖြီးသင်လိုက်လို့
ပြီးတော့ ကျွန်တော့်ကို မေးပါတယ် ... 'ကျွန်မ ကြည့်ကောင်းရဲ့လားဟင်' တဲ့
ဒီတော့ ကျွန်တော်က ဖြေလိုက်ပါတယ် ...
'သိပ်ကြည့်ကောင်းတာပဲ မင်းဒီနေ့ည သိပ်လှနေတယ်' လို့။

ကျွန်တော်တို့ ပါတီပွဲတစ်ခုကို သွားကြတယ်
အဲဒီအခါ လူတိုင်းလူတိုင်းဟာ ကျွန်တော့ဘေးမှာလမ်းလျှောက်ပါလာတဲ့
ဒီလှပတဲ့ မိန်းမပျိုကို လှည့်ကြည့်ကြတယ်
အဲဒီအချိန်မှာ သူမက ကျွန်တော့်ကို မေးပါတယ်...
'ရှင်အဆင်ပြေရဲ့လားဟင်' တဲ့။
ဒီတော့ ကျွန်တော်ဖြေလိုက်ပါတယ်
'ပြေပါတယ် ... ကိုယ် ဒီနေ့ည ထူးထူးခြားခြား ကျေနပ်နေတယ်' လို့။

ကိုယ်သိပ်အံ့သြကျေနပ်မိတယ် ဘာကြောင့်ဆိုတော့
မင်းမျက်လုံးတွေထဲမှာ အချစ်ရဲ့ ရောင်ခြည်တွေကို မြင်ရလို့ပဲပေါ့
ကိုယ် မင်းကို ဘယ်လောက်ထိ ချစ်မြတ်နိုးရတယ်ဆိုတာ မင်း မသိဘူးနော်
အဲဒါကိုက အံ့သြစရာပါပဲ။

ကျွန်တော်တို့ အိမ်ပြန်ရမယ့်အချိန်ရောက်ဘီ
ကျွန်တော့်ခေါင်းက ထိုးပြီးကိုက်နေတယ်

ဒါနဲ့ ကားသော့ကို သူမကိုပေးပြီး မောင်းခိုင်းရပါတယ်
ကျွန်တော့်ကို အိပ်ရာထဲ သူမ တွဲပို့ပေးတယ်
မီးပိတ်လိုက်ပြီးတော့ ကျွန်တော် သူမကို ပြောမိတယ်
'အချစ်ရယ်... မင်းဒီနေ့ည သိပ်လှနေခဲ့တယ်
အို ... အချစ်ရယ်... ဒီနေ့ည မင်းဟာ သိပ်ကို ထူးခြားနေတာပဲ'

***

အဲရစ်(က်)ကလက်(ပ်)တန်ရဲ့ ၁၉၉၁ ခုနှစ်ထုတ် "24 nights" album ထဲက ချစ်စရာကောင်းတဲ့ သီချင်းတစ်ပုဒ်ပါ။ သံစဉ်တေးသွားလေးက ရိုးရိုးလေးနဲ့ ထူးခြားစွာ ဆွဲဆောင်နိုင်ပါတယ်။ ဒီသီချင်းကို အဲရစ်(က်)ကလက်(ပ်)တန် ကိုယ်တိုင် ရေးစပ်ခဲ့တာပါ။

Eric Clapton ဟာ ဂီတသူရဲကောင်းတစ်ယောက်အဖြစ် အများက လေးစားနှစ်သက်ခံရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ဂရမ်မီဆုကို သုံးနှစ်၊ သုံးကြိမ် ရခဲ့သူပါ။

၁၉၉၂ ခုနှစ်က Tears in Heaven ဆိုတဲ့ အယ်လ်ဘမ်ဟာ Record of the Yearဆု၊ Album of the Year ဆု၊ အဲဒီသီချင်းဟာ Song of the Year ဆု ရခဲ့ပြီး အဲဒီနှစ်ရဲ့ အကောင်းဆုံး အမျိုးသား အဆိုတော်ဆုကိုလည်း အဲဒီ Tears in Heaven သီချင်းနဲ့ ရခဲ့တယ်။ ဂရမ်မီဆု လေးဆုကိုလည်း တစ်ညတည်းနဲ့ ရခဲ့တာပါ။

၁၉၉၆ ခုနှစ်ကျတော့ Change the World ဆိုတဲ့ အယ်လ်ဘမ်ဟာ Record of the Year ဆိုကို ရခဲ့ပြန်တယ်။ အကောင်းဆုံး အမျိုးသား အဆိုတော်ဆုကိုလည်း Change the World သီချင်းနဲ့ ရခဲ့တယ်။ ၁၉၉၆ ခုနှစ်အတွက် ဂရမ်မီဆုနှစ်ဆုပေါ့။

၁၉၉၈ ခုနှစ်မှာလည်း Eric Clapton ဟာ "My Father's Eyes" ဆိုတဲ့ သီချင်းနဲ့ အကောင်းဆုံး အမျိုးသားအဆိုတော်ဆု ရခဲ့သေးတယ်။

• ဂျူး - နိုဝင်ဘာမိုး

ဒီသီချင်းကို တေးရေးဆရာ သုခမိန်လှိုင်က 'လမင်းလေးသန်းခေါင်ယံ' ဆိုတဲ့ နာမည်နဲ့ သီချင်းတစ်ပုဒ်ရေးခဲ့ပြီး ဇော်ဝင်းထွဋ်က သီဆိုခဲ့ဖူးပါတယ်။ မူရင်း သီချင်းစာသား ထက် သုခမိန်လှိုင် ရေးတဲ့ စကားလုံးတွေက ပိုလှပြီး ပိုအဓိပ္ပာယ်ရှိတယ်။

မူရင်း သီချင်းစာသားကတော့ ရိုးရိုးပဲ။ လူငယ်တစ်ယောက်နဲ့ မိန်းကလေး တစ်ယောက်ရဲ့ သာမန်ညနေခင်းလေး တစ်ခုပေါ့။ ပါတီပွဲသွားတယ်။ ပါတီပွဲမှာ ဒီမိန်းကလေးက လှလွန်းလို့ လူတိုင်းလှည့်ကြည့် အံ့သြကြတယ်။ သူသိပ်ကျေနပ်တယ်။ အပြန်မှာ သူခေါင်းကိုက်နေလို့ မိန်းကလေးက ကားမောင်းတယ်။ သူအိပ်ရာဝင်တဲ့အခါ မိန်းကလေးကို 'မင်းသိပ်လှနေခဲ့တယ်' လို့ ပြောလိုက်တယ်။ ဒါပဲ။ ဒါကိုပဲ သံစဉ်တေးသွားလှလှလေးနဲ့ ရောစပ်တီးခတ်လိုက်တဲ့အခါ လှပတဲ့ သီချင်းကလေး ဖြစ်သွားပါတယ်။ မူရင်းသီချင်းဟာ သံစဉ်တေးသွားကို နတ်ပယ်လိုက်ရင် ရိုးရိုးလေးနဲ့လှတဲ့ ကဗျာလေးတစ်ပုဒ် ဖြစ်သွားပါလိမ့်မယ်။

- ဂျူး - နိုဝင်ဘာမိုး



**ORINOCO FLOW**

Enya

Let me sail, let me sail, let the orinoco flow,
Let me reach, let me beach on the shores of Tripoli.
Let me sail, let me sail, let me crash upon your shore,
Let me reach, let me beach far beyond the yellow sea.
Sail away, sail away
Sail away, sail away

From Bissau to Palau, in the shade of Avalon,
From Fiji to Tirane and the Isles of Ebony,
From Peru to Cebu, hear the power of Babylon,
From Bali to Cali, far beneath the coral sea.
Sail away, sail away
Sail away, sail away

From the North to the South, Ebidae into Khartoum,
From the deep sea of clouds to the Island of the Moon,
Carry me on the waves to the lands I've never been,
Carry me on the waves to the lands I've never seen.

We can sail, we can sail...
We can steer, we can near with Rob Dickins at the wheel,
We can sigh, say goodbye Ross and his dependencies
We can sail, we can sail.

**အိုရီနိုကို ရေစီးအလျင်**
အင်ညာ

ရွက်လွှင့်ပါစေ... ရွက်လွှင့်ပါစေ... အိုရီနိုကို စီးဆင်းနေပါစေ
ဆိုက်ရောက်ပါရစေ... ထရီပိုလီကမ်းခြေပေါ်ကို ကမ်းကပ်ပါရစေ
ရွက်လွှင့်ပါရစေ ... ရွက်လွှင့်ပါရစေ ... ရှင့်ရဲ့ကမ်းပေါ်မှာ ကွဲကျေစမ်းပါရစေ
ဆိုက်ရောက်ပါရစေ...ပင်လယ်ဝါရဲ့ ဟိုးတစ်ဖက်မှာ ကမ်းကပ်ပါရစေ
အဝေးကိုရွက်လွှင့် အဝေးကိုရွက်လွှင့်
ဟိုးကို ရွက်လွှင့် ... ဟိုး... ကို ရွက်လွှင့်

'ဘစ်ဆိုး' ကနေ 'ပါလို' အထိ ... အာဗလွန်ရဲ့အရိပ်အာဝါသအောက်
'ဖီဂျီ' ကနေ 'တီရနေး' အထိ ... အက်ဘိုနီကျွန်းစုလေးတွေမထိ
'ပီရူး' ကနေ 'ဆဘူး' အထိ ... ဘေဘီလွန်ရဲ့လှိုင်းခွန်အားတွေကို ကြားရတဲ့အထိ
'ဘာလီ' ကနေ 'ကာလီ' အထိ ... ကော်ရယ်ပင်လယ်ရဲ့ ဟိုးအောက်ခြေထိ
အဝေးကို ရွက်လွှင့်... အဝေးကို ရွက်လွှင့်
ဟိုး... ကို ရွက်လွှင့် ဟိုး... ကို ရွက်လွှင့်

မြောက်ဘက်ကနေ တောင်ဘက်အထိ
'အက်ဘီဒေး' ကနေ 'ခါတွန်း(မ်)' အထိ
တိမ်ပင်လယ်ကြီးရဲ့ အောက်ခြေဆီကနေ လမင်းကျွန်းအထိ
လှိုင်းတွေပေါ်မှာ ကျွန်မကို သယ်သွားစမ်းပါ...
ကျွန်မမမြင်ဖူးတဲ့ မြေပြင်တွေဆီ။

ကျွန်မတို့ ရွက်လွှင့်နိုင်တယ် ... ကျွန်မတို့ ရွက်လွှင့်နိုင်တယ်
ကျွန်မတို့ ပဲ့ကိုင်ထိန်းချုပ်သွားနိုင်တယ်
လက်ကိုင်ဘီးရှေ့မှာ ရှေ့ဘ်ဒစ်ကင်းစ်ကိုထားလို့ နီးအောင်သွားနိုင်တယ်

- ဂျူး - နိုဝင်ဘာမိုး

ကျွန်မတို့ ပင့်သက်ရှိုက်ပြီး ရော့စ်နဲ့ သူ့ကျွန့်စုတွေကို
နှုတ်ဆက်စကားဆိုနိုင်တယ်
ကျွန်မတို့ ရွက်လွှင့်သွားနိုင်တယ် ...
ကျွန်မတို့ ရွက်လွှင့်သွားနိုင်တယ်။

***

အမျိုးသမီးတေးသံ အင်ညာရဲ့ ကိုယ်တိုင်ရေး/ဆိုတဲ့ သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ သူမရဲ့ Watermark ဆိုတဲ့ Album ထဲကပါ။ အယ်လ်ဘမ်တစ်ခုလုံးဟာ မြစ်အကြောင်း၊ ရေစီးကြောင်းတွေအကြောင်း၊ ပင်လယ်တွေ ကမ်းခြေတွေ အကြောင်းကို စိတ်ဝင်တစား အာရုံဝင်စားပြီး ရေးစပ်ဖွဲ့နွဲ့ထားတာပါ။

အိုရီနိုကို ရေစီးအလျင် သီချင်းတစ်ပုဒ်လုံးမှာလည်း ကိုယ်နဲ့မရင်းနှီးတဲ့ နာမည်စိမ်းတွေ အများကြီးပါဝင်နေလို့ နေရာတွေကို သိရခက်ပါတယ်။ ဒါပေမဲ့ သီချင်းတစ်ပုဒ်လုံးရဲ့ ခံစားချက်နဲ့ အာရုံဝင်စားမှုက ဆွဲဆောင်လွန်းလို့ ကိုယ်မသိတဲ့ နာမည်တွေက ကိုယ်သိပြီး ရင်းနှီးပြီးသား နေရာတွေလို ဖြစ်သွားပါတယ်။

'အိုရီနိုကို' ဆိုတာ တောင်အမေရိကတိုက်ရဲ့ မြောက်ပိုင်းကျတဲ့ ဒေသက မြစ်တစ်စင်းရဲ့ အမည်ပါ။ အမေဖုံမြစ်ရှိတဲ့ဒေသနားမှာပဲ ဆိုပါတော့။ ကိုလံဘီယာနိုင်ငံကနေ မြစ်ဖျားခံပြီး ဘရာဇီးနယ်စပ်ကနေ စီးဆင်း၊ အက်တ်လန်တစ် သမုဒ္ဒရာထဲကို စီးဝင်သွားတဲ့ မြစ်တစ်စင်းပါ။ ထရီပိုလီဆိုတာ မြောက်အဖရိကထဲက ဆိပ်ကမ်းမြို့တစ်မြို့ နာမည်ပါ။ ဘီဆိုးဆိုတာ ဆိပ်ကမ်းတစ်ခု၊ ပါလိုဆိုတာ ကျွန်းတွေအများကြီး စုဝေးနေတဲ့ ကျွန်းစုတစ်စုနာမည်လို့ သိရပါတယ်။ ဆဘူးဆိုတာက ဖိလစ်ပင်းကျွန်းစုထဲက ကျွန်းတစ်ကျွန်းရဲ့ အမည်တဲ့။ ခါတွန်း(မ်)ဆိုတာက နိုင်းလ်မြစ်ဖြူနဲ့ နိုင်းလ်မြစ်ပြာရဲ့ အစပ်မှာရှိတဲ့ ဆူဒန်ရဲ့ မြို့တော်တစ်ခုနာမည်လို့ သိရပါတယ်။

- ဂျူး - နိုဝင်ဘာမိုး

နယ်မြေသစ်တွေဆီကို အိုရီနိုကိုမြစ်ရဲ့ လှိုင်းတွေနဲ့အတူ ရွက်လွှင့်သွားဖို့ စိတ်ကူးရတာ ဘယ်လောက်လွတ်လပ်လိုက်ပါသလဲ။

အင်ညာရဲ့ သီချင်းလေးဟာ မြစ်တစ်ခုစီးဆင်းသွားတာကို မြင်နေရသလို ကြားနေရသလိုခံစားရအောင် သံစဉ်နဲ့ ဂီတကို ဖန်တီးထားတာပါ။ အဲဒီသီချင်းကို နားထောင်ရင်း ကိုယ်ကိုယ်တိုင် ရေစီးနဲ့လှိုင်းနဲ့အတူလွင့်ပြီး အဝေးတစ်နေရာကို ခရီးလွှင့်သွားရသလို ခံစားရစေပါတယ်။

အင်ညာရဲ့ ဒီသီချင်းဟာ မြို့ပြရဲ့ ဒုက္ခတွေဆီကနေ တဒင်္ဂလွတ်မြောက် ပျော်ပါးစေပြီး စိတ်နဲ့ ခရီးသွားချင်သူ ထွက်ပြေးချင်သူတွေအတွက် အလွန်ကောင်းတဲ့ ခရီးသွားယာဉ်တစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် လေ့တစ်စင်းနဲ့ တူပါတယ်။

- ဂျူး - နိုဝင်ဘာမိုး



**REMEMBERANCE DAY**

Bryan Adams

For our king and our country and the promise of glory
We came from Kingston and Brighton
to fight on the front line.

Just lads from the farms and boys from the cities,
Not meant to be soldiers we lay in the trenches.

We'd face the fighting with a smile, or so we said
If only we had known what danger lay ahead
The sky turned to grey as we went into battle
On the fields of Europe young men were falling.

I'll be back for you someday, it won't be long
If I can just hold on 'til this bloody war is over.

The guns will be silent on Remembrance Day
There'll be no more fighting on Remembrance Day
By September of '18 Cambrai had fallen
Soon the war would be over and we'd be returning.

Don't forget me while I'm gone far away

Well, it won't be long 'till I'm back there in your arms again

The guns will be silent on Remembrance Day
There'll be no more fighting on Remembrance Day

One day soon, I don't know when
You know we'll all be free and
The bells of peace will ring again.

The time will come for you and me
We'll be goin' home when this bloody war is ended.

The guns will be silent on Remembrance Day
We'll all say a prayer on Remembrance Day.

On Remembrance Day
Say a little prayer
On Remembrance Day
Well, the guns will be silent

There'll be no more fighting
we'll lay down our weapons on Remembrance Day.

***

**အမှတ်တရနေ့**
ဘရိုင်ယန် အဒမ်စ်

တို့ဘုရင်အတွက် .... တို့နိုင်ငံအတွက်
နောက်ပြီး ... အောင်နိုင်မှုကတိတစ်ခုအတွက်
'ကင်းစ်တန်' ကနေ ... 'ဘရိုက်တန်' ကနေ ...
ရှေ့တန်းစစ်မျက်နှာမှာ စစ်တိုက်ဖို့ ငါတို့လာခဲ့ကြတယ်။

လယ်ယာမြေရဲ့လူငယ်တွေ ... မြို့ပြဆီက လူငယ်တွေပါ
စစ်သားဖြစ်ဖို့ မရည်ရွယ်ခဲ့ကြပါဘဲ
ကတုတ်ကျင်းတွေထဲမှာ တို့တွေရောက်နေခဲ့ကြပြီ
တိုက်ပွဲကို အပြုံးတစ်ချက်နဲ့ ရင်ဆိုင်ပစ်လိုက်မယ်
အေးလေ ... ငါတို့ ဒီလိုပဲ ပြောခဲ့ကြတယ်
ရှေ့မှာ ဘာအန္တရာယ်တွေ ရှိနေမယ်ဆိုတာသာ တို့သိခဲ့မယ်ဆိုရင်။

ငါတို့ စစ်မြေပြင်ဆီ ချီတက်နေစဉ်ပဲ
ကောင်းကင်ဟာ မီးခိုးရောင် ပြောင်းလဲခဲ့ရပြီ
ဥရောပကွင်းပြင်တွေမှာ လူငယ်တွေ ကျဆုံးခဲ့ရပြီ။
မင်းဆီကို တစ်နေ့မှာ ကိုယ်ပြန်လာခဲ့မယ် မကြာတော့ပါဘူး
ဟောဒီ သွေးလွှမ်းတဲ့ စစ်ပွဲကြီး ပြီးဆုံးသွားတဲ့အထိ
ကိုယ် ကြံ့ကြံ့ခံနိုင်ဦးမယ် ဆိုရင်ပေါ့။

အမှတ်တရနေ့မှာ သေနတ်သံတွေ တိတ်ဆိတ်ငြိမ်သက်သွားပါလိမ့်မယ်။
အမှတ်တရနေ့မှာ နောက်ထပ်တိုက်ပွဲဆိုတာ ရှိတော့မှာ မဟုတ်ပါဘူး
၁၉၁၈ ခုနှစ် စက်တင်ဘာ ကင်ဗရီကျသွားခဲ့ပါပြီ
မကြာခင် စစ်ကြီးပြီးဆုံးသွားတော့မှာ ... ငါတို့ ပြန်လာကြတော့မှာ။

- ဂျူး - နိုဝင်ဘာမိုး

အဝေးမှာ ကိုယ်ရောက်နေခိုက် ကိုယ့်ကို မမေ့လိုက်ပါနဲ့
မင်းရင်ခွင်မှာ နောက်တစ်ကြိမ်ခိုဝင်ဖို့
အဲဒီကို ကိုယ်ပြန်ရောက်လာမယ့်အချိန်ဟာ မဝေးတော့ပါဘူး ကွယ်။

အမှတ်တရနေ့မှာ သေနတ်သံတွေ တိတ်ဆိတ်ငြိမ်သကသွားပါလိမ့်မယ်
အမှတ်တရနေ့မှာ နောက်ထပ်တိုက်ပွဲဆိုတာ ရှိတော့မှာမဟုတ်ဘူး
မကြာတော့တဲ့ တစ်နေ့ ... (ဘယ်တော့လဲလို့ ကိုယ်မသိ)
တစ်နေ့မှာ ကိုယ်တို့အားလုံး လွတ်လပ်ကြတော့မှာ
မင်းသိတယ် မဟုတ်လား
ငြိမ်းချမ်းခြင်း ခေါင်းလောင်းသံတွေ လွင့်ပျံလာဦးမှာ
မင်းနဲ့ကိုယ့်အတွက် အချိန်ဟာ ရောက်လာတော့မှာ
ဟောဒီ သွေးလွှမ်းတဲ့စစ်ကြီး အဆုံးသတ်သွားတဲ့အခါ
ကိုယ်တို့အားလုံး အိမ်ကို ပြန်ကြရတော့မှာ။

အမှတ်တရနေ့မှာ သေနတ်သံတွေ တိတ်ဆိတ်ငြိမ်သက်သွားပါလိမ့်မယ်
အမှတ်တရနေ့မှာ ... ငါတို့ဆုတောင်းပွဲလေး လုပ်ကြမယ်
အမှတ်တရနေ့မှာ ... ဆုတောင်းပွဲလေး လုပ်ကြမယ်
အမှတ်တရနေ့မှာ .... သေနတ်သံတွေ တိတ်ဆိတ်ငြိမ်သက်သွားပါလိမ့်မယ်
နောက်ထပ်တိုက်ပွဲဆိုတာ ရှိတော့မှာမဟုတ်ပါဘူး
ငါတို့ရဲ့ လက်နက်တွေကို ပစ်ချလိုက်ကြတော့မယ် ... အမှတ်တရနေ့မှာ...။

***

စစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး သီချင်းတစ်ပုဒ်ပါ။ စစ်ဆန့်ကျင်ရေး သီချင်းပီပီ လည်ချောင်းထဲကလာတဲ့ ခွန်အားနဲ့ ပြင်းပြင်းရှရှလေး သီဆိုထားခဲ့ပါတယ်။ ဘရိုင်ယန်အဒမ်စ်ကိုယ်တိုင် Jim Vallance နဲ့ ပူးတွဲရေးစပ်ခဲ့ပါတယ်။ ၁၉၁၈ခုနှစ်မှာ

- ဂျူး - နိုဝင်ဘာမိုး

ပြီးဆုံးသွားတဲ့ ပထမကမ္ဘာစစ်ကို ရည်ရွယ်တဲ့ အမှတ်တရ သီချင်းတစ်ပုဒ် ဖြစ်နိုင်ပါတယ်။ ကင်စ်တန်ဆိုတာ ကနေဒါနိုင်ငံ၊ အွန်တာရီယိုပြည်နယ်ထဲက ဆိပ်ကမ်းမြို့တစ်မြို့လို့ သိရပါတယ်။ ဘရိုက်တန်ဆိုတာက အင်္ဂလန်နိုင်ငံရဲ့ မြို့တော်တစ်ခုပါ။ ပထမကမ္ဘာစစ်ဖြစ်လာတဲ့အခါ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စစ်သားမဟုတ်တဲ့ သာမန်နိုင်ငံသားတွေတောင် စစ်ထဲဝင်ကြရပါတယ်။ ကိုယ့်အိမ် ကိုယ့်မြို့ ကိုယ့်နိုင်ငံနဲ့ ဝေးရာ စစ်မြေပြင်မှာ မျက်စိအောက်မှာ သူ့လူကိုယ့်လူ လူငယ်လူရွယ်လေးတွေ အတုံးအရုံး ကျဆုံးနေတာကို ကြည့်ရင်း ဘယ်သူမဆို စစ်ကို ရပ်ချင်လာမှာပါပဲ။ အဲဒီလူတွေရဲ့ ကိုယ်စား ဝင်ရောက်ခံစားပြီး ရေးသားသီဆိုလိုက်တဲ့ သီချင်းမို့ နားထောင်ရသူကိုယ်တိုင် သူတို့နေရာမှာ မွန်းကျပ် နာကျင် လာစေပါတယ်။

၁၉၈၇ ခုနှစ်မှာ ထုတ်လုပ်ဖြန့်ချီခဲ့တဲ့ Into the Fire အယ်လ်ဘမ်ထဲက သီချင်းဖြစ်ပါတယ်။ အမျိုးသမီး ရော့ခ်စူပါစတား တီနာတာနာ (Tina Turna) ကို နှစ်သက်လေးစားလို့ ဇာတ်စင်နောက်မှာ တွေ့ခွင့်ရအောင် အသည်းအသန် ကြိုးစားခဲ့တဲ့ ကနေဒါနိုင်ငံရဲ့ နာမည်ကြီးအဆိုတော် ကောင်လေးတစ်ယောက် ဘဝက ခံစားချက်နဲ့ မဆိုင်တော့သလိုပါပဲ။ (အဲဒီတုန်းကတော့ ဘရိုင်ယန်အဒမ်စ်ကို အစောင့်က အကျီလည်ကုပ်ကနေ ဆွဲထုတ်တာ ခံခဲ့ရဖူးပါတယ်။)

နောက်တော့ ဘရိုင်ယန်အဒမ်စ်ရေးခဲ့တဲ့ It's only Love သီချင်းကိုပဲ တီနာတာနာ နှစ်သက်စွဲမက်စွာ (ဘရိုင်ယန်အဒမ်စ်နဲ့ စုံတွဲ) သီဆိုခဲ့ပါတော့တယ်။ ၁၉၈၅ ခုနှစ်လောက် ဖြစ်မှာပါ။

အမျိုးသမီး ရော့ခ်အဆိုတော် ဘွန်နီတိုင်လာရဲ့ နာမည်ကြီးသီချင်းတစ်ပုဒ် Strait From The Heart ကို ဘရိုင်ယန်အဒမ်စ်က ရေးပေးခဲ့တာပါ။ ဘွန်နီတိုင်လာရဲ့ It's a Heartache ဆိုတဲ့သီချင်းကို ကြားပြီးတဲ့နောက် ဘွန်နီတိုင်လာ သီဆိုပြီးတဲ့နောက် ၁၉၈၃ မှာ သူကိုယ်တိုင် သီဆိုခဲ့တယ်။ ( Cuts Like a Knife အယ်လ်ဘမ်)

• ဂျူး - နိုဝင်ဘာမိုး

Into The Fire ဟာ အာရုံဝင်စားမှုအပြည့်နဲ့ အလေးအနက် ရေးစပ်သီဆိုခဲ့တဲ့ အယ်လ်ဘမ်ဖြစ်တယ်။

သူနဲ့ Jim Vallance နှစ်ယောက်သား ဘာလင်ကို ခရီးဖြတ်သွားကြစဉ်မှာ ဘာလင်ဟာ အလယ်မှာ အုတ်တံတိုင်းကြီးနဲ့ ထောင်ကြီးတစ်ခုလို ဖြစ်နေတုန်းပေါ့။ ဒီအဖြစ်ဟာ သူတို့ရဲ့ဂီတကို အမှောင်ထုနဲ့ ဆက်နွယ်ပြီး ရေးစပ်သီဆိုဖို့ အာရုံဝင်စားချက်တစ်ခု ဖြစ်ခဲ့တယ်။

ဒီအယ်လ်ဘမ်ဟာ ငြိမ်းချမ်းရေးကို ရည်မှန်းတဲ့ စစ်ဆန့်ကျင်ရေးအထိမ်းအမှတ် ဖြစ်ခဲ့တယ်။ အဲဒီထဲက Only The Strong Survive ဆိုတဲ့ သီချင်းကို ကုန်ကျစရိတ်များများနဲ့ ခမ်းခမ်းနားနားရိုက်ကူးမယ့် Top Gun ရုပ်ရှင်အတွက် ရေးပေးခဲ့တာ ဖြစ်ပေမယ့် Top Gunဟာ စစ်အောင်နိုင်မှုကို ကိုယ်စားပြုတာလို့လည်း သိလိုက်ရော သီချင်းကို ပြန်တောင်းလိုက်တော့တယ်။ ဒီအယ်လ်ဘမ်ထဲက ဒဿနအတွေးတွေနဲ့ Top Gunနဲ့ နည်းနည်းလေးမှ ယှဉ်လို့မရပါဘူးလို့ သူပြောခဲ့တယ်။

Rememberance Day ကို သူတို့ရေးဖြစ်ဖို့ လှုံ့ဆော်ခဲ့တဲ့ အချက်ကတော့ Jim Vallance ရော Bryan Adams ရောနဲ့ မိသားစု(အဘိုး အဘေး) ထဲမှာ စစ်ပွဲကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရတဲ့ စစ်သားတွေ ပါနေတယ်။ အဲဒီမိသားစုဝင်တွေကို ဂုဏ်ပြုပြီး ဒီသီချင်းကို သူတို့ ရေးခဲ့တာပါတဲ့။

- ဂျူး - နိုဝင်ဘာမိုး



**THE GIFT**

Collin Raye & Susan Ashton

S ... Winter snow is falling down
Children laughing all around
Lights are turning on like a fairy tale come true.

Sitting by the fire we made
You're the answer when I prayed I would find someone
And baby I found you

And all I want is to hold you forever
All I need is you more everyday
You saved my heart from being broken apart
You gave your love away
And I'm thankful everyday
For the gift.

C ... Watching as you softly sleep
What I'd give if I could keep
Just this moment if only time stood still

But the colors fade away
And the years will make us gray
But baby in my eyes
you'll still be beautiful

- ဂျူး - နိုဝင်ဘာမိုး

And all I want is to hold you forever
All I need is you more everyday
You saved my heart from being broken apart

S ... You gave your love away
And I'm thankful everyday
For the gift.

C+S ... All I want is to hold you forever
All I need is you more everyday
You saved my heart from being broken apart

S ... You gave your love away
C ... I can't find the words to say
C+S ... that I'm thankful everyday
For the gift.

**လက်ဆောင်**
ကောလင်းရေး+ဆူဆန်အက်ရှ်တန်

ဆောင်းနှင်းပွင့်လေးတွေက ကြွေကြွေကျနေ
ကလေးတွေက ရယ်မောပြေးလွှား အနီးအပါးမှာ
မီးများလည်း ထွန်းညှိလိုက်ကြရော
နတ်သမီးပုံပြင်လေးတစ်ခု သက်ဝင်လှုပ်ရှားလာသလိုပါပဲလား။

ကျွန်မတို့ ပျိုးတဲ့မီးပုံဘေးမှာ ထိုင်နေရင်းပေါ့

- ဂျူး - နိုဝင်ဘာမိုး

ကျွန်မ ကြင်နာသူတစ်ယောက်နဲ့ တွေ့ပါရစေကြောင်း
ကျွန်မတောင်းခဲ့တဲ့ဆုအတွက် ရှင်ဟာဆုလာဘ်တစ်ခုပါ
အချစ်ရေ ... ကျွန်မ ရှင့်ကို တွေ့ခဲ့ပြီနော်။

ကျွန်မအလိုချင်ဆုံးကတော့ ရှင့်ကို တစ်သက်လုံး ထွေးပိုက်ထားဖို့ပါပဲ
ကျွန်မ လိုအပ်သမျှလည်း တစ်နေ့ထက်တစ်နေ့ ပိုလို့သာ ... ရှင်ပါပဲ
ကျွန်မနလုံးသား ကွဲကျေမယ့်အဖြစ်ကနေ ရှင်ကယ်ဆယ်ခဲ့တာ
ရှင့်အချစ်ကို ပေးအပ်ခဲ့တာ
ကျွန်မ နေ့တိုင်း ကျေးဇူးတင်လို့မဆုံးပါဘူး
လက်ဆောင်အတွက်ပေါ့ကွယ်။

မင်းကလေး ညင်သာဖွဖွ အိပ်မောကျနေတာကို စောင့်ကြည့်ရင်း
ဟောဒီ တစ်ခဏလေးကိုသာ ကိုယ်သိမ်းဆည်းထားနိုင်ခဲ့မယ်ဆိုရင်
ကိုယ် ဘာကိုပဲ ပေးရပေးရပါ
အချိန်တွေသာ ရပ်တန့်သွားမယ် ဆိုခဲ့ရင်ပေါ့
ဒါပေမဲ့ အရောင်တွေဟာ တဖြည်းဖြည်းမှိန်ဖျော့သွားတော့မယ်
နောက်ပြီး နှစ်ကာလတွေဟာ တို့နှစ်ယောက်ကို
မီးခိုးရောင် သန်းလာစေလိမ့်မယ်
ဒါပေမဲ့ ကလေးရယ်ကိုယ့်မျက်စိထဲမှာတော့လေ
မင်းဟာ လှပနေဦးမှာပါကွယ်။

ကိုယ်အလိုချင်ဆုံးက မင်းကို ထာဝရထွေးပိုက်ထားဖို့ပါပဲ
ကိုယ်လိုအပ်သမျှကလည်း တစ်နေ့ထက်တစ်နေ့ ပိုလို့သာ... မင်းလေးပါပဲ
ကိုယ့်နလုံးသား ကွဲကြေမယ့်အဖြစ်ကနေ မင်းကယ်ဆယ်ခဲ့တာ

S: ရှင့်အချစ်ကို ပေးအပ်ခဲ့တာ

C: မင်းကို ပြောဖို့စကားတွေတောင် ရှာလို့မတွေ့နိုင်တော့ပါဘူး
ကိုယ် နေ့တိုင်း ကျေးဇူးတင်လို့မဆုံးပါဘူး ဆိုတာကိုလေ
C+S: လက်ဆောင်တွေအတွက်ပေါ့ကွယ်။

***

'နှစ်ကာလတွေက တို့နှစ်ယောက်ကို မီးခိုးရောင်သန်း လာစေလိမ့်မယ်' ဆိုတဲ့ စကားဟာ အသက်ကြီးရင့်ပြီး ဆံပင်တွေဖြူလာတာကို ပြောချင်ပုံရတယ်နော်။

ဂျင်မ်ဘရစ်က်မင်း (Jim Brickman) နဲ့ တွမ်ဒေါက်ကလပ်စ် (Tom Douglas)ကို ရေးဖွဲ့သီကုံးခဲ့တာ ဖြစ်ပါတယ်။ ကောလင်းရေးနဲ့ ဆူဆန်အက်ရှ်တန်အပြင် တခြားအဆိုတော်အမျိုးသား အမျိုးသမီးတွေ သီဆိုတာလည်း ကြားဖူးပါတယ်။ သူတို့နှစ်ယောက်ကတော့ တွဲဖက်အညီဆုံးပေါ့။ အမေရိကန် နိုင်ငံမှာ တော်တော် ခေတ်စားခဲ့တဲ့ သီချင်းလို့ ပြောနိုင်ပါတယ်။ ရေဒီယိုလိုင်းပေါင်း များစွာကနေ မကြာခဏ ထုတ်လွှင့်ပေးခဲ့ရတဲ့ သီချင်းပေါ့။ သံစဉ်တေးသွားလေးကလည်း လှလွန်းလို့ တစ်ခါနားထောင်ရုံနဲ့ စွဲသွားစေပါတယ်။ နားထောင်သူရဲ့ ရင်ထဲကို ထိထိခိုက်ခိုက် ကြည်နူးလာအောင် စွမ်းဆောင်နိုင်တဲ့ သီချင်းလို့ ပြောရမှာပါပဲ။

မြန်မာပရိသတ် ကောင်းကောင်းကြားဖူးမယ့် သံစဉ်တေးသွားတစ်ခု ဖြစ်ပါလိမ့်မယ်။ (ဂရေဟမ်နဲ့ အမျိုးသမီးအဆိုတော်တစ်ယောက် ဒီသီချင်းကို ခံစားသီဆိုခဲ့ဖူးတယ် ထင်ပါတယ်) စာသားလေးကလည်း ကဗျာဆန်ဆန်လှပတာမို့ ဒီသီချင်း နားထောင်ပြီးတဲ့အခါ အဖိုးတန်လက်ဆောင်လေးတစ်ခု စိတ်ကူးနဲ့ရလိုက်သလို ခံစားမိသွားနိုင်ပါတယ်။

အလွန် ချစ်စရာကောင်းတဲ့ သီချင်းကလေးပါပဲ။

- ဂျူး - နိုဝင်ဘာမိုး



WAITING FOR TONIGHT

Jennifer Lopez

Like a Movie Sense
in the sweetest dreams
I have pictured us together
now to feel your lips
on my fingertips
I have to say is even better than I ever thought it could
possibly be
it's perfect, it's passion, it's setting me free
from all of my sadness
the tears that I've cried
I have spent all of my life

waiting for tonight
when you would be here in my arms
waiting for tonight, oh
I've dreamed of this love for so long
waiting for tonight

Tender words to say
Take my breath away
Love me now, leave me never
Found a sacred place
I want to stay in this forever

- ဂျူး - နိုဝင်ဘာမိုး

I think of the days when the sun used to set
On my empty heart, all alone in my bed
Tossing and turning
Emotions were strong
I knew I had to hold on

Waiting for tonight, oh
When you would be here in my arms
Waiting for tonight, oh
I've dreamed of this love for so long
Waiting for tonight

Gone are the days when the sun used to set
On my empty heart, all alone in my bed
Tossing and turning
Emotions were strong
I knew I had to hold on

***

**ဒီညကို စောင့်လိုက်ရတာ**
ဂျနီဖာလိုပက်ဇ်

ရုပ်ရှင်ပြကွက်လေးတစ်ခုလိုပဲ
အချိုဆုံး အိပ်မက်တွေထဲမှာ
ကိုယ့်တို့နှစ်ယောက်ကို အတူပုံဖော်ကြည့်ခဲ့ဖူးတာပေါ့။

- ဂျူး - နိုဝင်ဘာမိုး

ခုတော့ ကိုယ့်လက်ဖျားတွေနဲ့ မင်းနှုတ်ခမ်းကို ထိစမ်းခံစားကြည့်ရတာ
ပြောပါရစေတော့၊ ကိုယ်ထင်ထားတာထက်တောင် ပိုပြီးသာယာလှပါလား။
ပြီးပြည့်စုံလိုက်တာ၊ မိန်းမူးလိုက်ရတာ
ကိုယ့်ရဲ့ ဝမ်းနည်းမှုအားလုံးထဲကနေ ငိုကြွေးခဲ့ရတဲ့ မျက်ရည်တွေဆီကနေ
ကိုယ့်ကို လွတ်မြောက်စေခဲ့ပြီ။
ကိုယ့်ဘဝတစ်လျှောက်လုံး အချိန်တွေ ကုန်ဆုံးသွားစေခဲ့တာ
ဒီနေ့ညကို စောင့်မျှော်ရင်းပါပဲ။

ဟောဒီ ကိုယ့်ရင်ခွင်ဆီ မင်းရောက်လာမယ့်
ဒီညကို စောင့်ခဲ့လိုက်ရတာ။
ဒီအချစ်ကို ကိုယ်အိပ်မက် မက်ခဲ့ရတာ
ကြာပဲ ကြာလှပြီရော၊
ဒီညကို စောင့်မျှော်ခဲ့ရပါတယ်။

မင်းပြောတဲ့ ကြင်နာစကားလေးတွေက
ကိုယ့်ကို အသက်ရှူမှားစေပါရဲ့
အခု .. ကိုယ့်ကို ချစ်ပြီးတော့ ဘယ်တော့မှ ပစ်မသွားပါနဲ့နော်
မြတ်နိုးခိုလှုံရာ နေရာတစ်ခု တွေ့ရပေါ့
မင်းရဲ့ ဖက်ပွေ့မှုမှာ နစ်မျောလို့
ဟောဒီအတိုင်းသာ ထာဝရ နေနေလိုက်ချင်တော့တာပဲ။
နေကွယ်ဖူးတဲ့ ရက်တွေကို ကိုယ်ပြန်တွေးမိပါရဲ့
ဗလာနလုံးသားနဲ့၊ စက်ရာဆောင်မှာ တစ်ကိုယ်တည်း
ပစ်လှဲရင်း စောင်းလှည့်ရင်း
ပြင်းပြလိုက်တဲ့ ခံစားမှုတွေ။
ကိုယ် သိနေခဲ့တယ်လေ စွဲမြဲဆုပ်ကိုင်ထားဖို့တော့ လိုတယ် ... ဆိုတာ

- ဂျူး - နိုဝင်ဘာမိုး

ဒီနေ့ညကို စောင့်မျှော်ခဲ့ရ
ဟောဒီ ကိုယ့်ရင်ခွင်ကို မင်းရောက်လာမယ့်
ဒီညကို စောင့်ခဲ့လိုက်ရတာ
ဒီအချစ်ကို အိပ်မက်မက်ခဲ့ရတာ
ကြာပဲ ကြာလှပြီရော။
ဒီညကို စောင့်မျှော်ခဲ့ရပါတယ်။

နေကွယ်ဖူးတဲ့ ရက်တွေ ကုန်ဆုံးသွားခဲ့ပြီ။
ဗလာနလုံးသားနဲ့ပဲ စက်ရာဆောင်မှာ တစ်ကိုယ်တည်း
ပစ်လှဲရင်း စောင်းလှည့်ရင်း
ပြင်းပြလှတဲ့ ခံစားမှုတွေ
ကိုယ်သိနေခဲ့တယ်လေ စွဲမြဲဆုပ်ကိုင်ထားဖို့တော့ လိုတယ် ဆိုတာ။

***

ဂျနီဖာလိုပက်ဇ်ဟာ သီချင်းဆို ပိုင်နိုင်တဲ့ အမျိုးသမီးအဆိုတော်တစ်ဦးဖြစ်သလို နာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ယောက်လည်း ဖြစ်ပါတယ်။ လောလောလတ်လတ် သူရိုက်ခဲ့တဲ့ ဟောလီးဝုဒ်ရုပ်ရှင်က The Cell ဖြစ်ပါတယ်။ လျို့ဝှက်ဆန်းကြယ် သိပ္ပံပညာနဲ့ စိတ္တဇဝေဒနာ အကြောင်း ပေါင်းစပ်ထားတဲ့ ဇာတ်ကားပေါ့။ အဲဒီဇာတ်ကားမှာ ဂျနီဖာလိုပက်ဇ်ဟာ မင်းသား Vince Vaugm နဲ့ တွဲဖက် သရုပ်ဆောင်ခဲ့တယ်။

ဂျနီဖာလိုပက်ဇ်ဟာ သူ့သီချင်းထက် သူ့ဝတ်စုံနဲ့ သူ့ကိုယ်ခန္ဓာကြောင့် ပိုပြီး လူသိများခဲ့တယ်လို့ တစ်ချို့က ပြောကြတယ်။ တစ်ခါတုန်းက ညှော့ခံပွဲတစ်ခုကို ပါးလျပြီး ကိုယ်ခန္ဓာကို အပြည့်ဖုံးကွယ်နိုင်စွမ်းမရှိတဲ့ ဝတ်စုံလှလှတစ်ခုနဲ့ တက်ရောက်ခဲ့တာမို့ သတင်းထောက်တွေ တော်တော်အလုပ်ရှုပ်ကုန်ခဲ့ရသတဲ့။ ဂျနီဖာလိုပက်ဇ်ရဲ့ ဓာတ်ပုံကို မဂ္ဂဇင်းထဲမှာ 'The Least Dress' အနည်းဆုံးဝတ်စုံလို့ နာမည်တပ်ပြီး ဖော်ပြခဲ့ပါတယ်။

- ဂျူး - နိုဝင်ဘာမိုး

ချစ်သူဆီက ချစ်ခွင့်ကို ကာလကြာရှည်စွာ စောင့်မျှော်တမ်းတရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခံစားချက်ကို ဖွဲ့နွဲ့ထားတဲ့ သီချင်းပါ။ မျှော်လင့်ချက်လေးတွေ ပြည့်ဝသွားပြီမို့ ခပ်မြူးမြူး ခပ်သွက်သွက်လေး သီဆိုထားပါတယ်။

- ဂျူး - နီဝင်ဘာမိုး



I WANT TO KNOW WHAT LOVE IS

Tina Arena

Gotta take a little time
A little time to think things over
Better read between the lines
In case I need it when I'm older
Ooh... yeah...
This mountain I must climb
Is like the world upon my shoulders
Through the clouds I see love shine
It keeps me warm as life grows colder

In my life, there's been heartache and pain
I don't know if I can face it again
Can't stop now I've traveled so far
To change this lonely life

I wanna know what love is
I want you to show me
I wanna feel what love is
I know you can show me

I'm gonna take a little time

- ဂျူး - နိုဝင်ဘာမိုး

A little time to look around me
Got nowhere left to hide
Looks like love has finally found me

In my life, there's been heartache and pain
I don't know if I can face it again
Can't stop now I've travelled so far
To change this lonely life

I wanna know what love is
I want you to show me
I want to feel what love is
I know you can show me

Lord help me to be strong
On this road I travel on
When I'm lost and lonely find me
My journey's just begun
And I'm not the only one
'cause I wanna know, I wanna

## အချစ်ဆိုတာ ဘာလဲ သိချင်လိုက်တာ

တီနာ အရီနာ

အချိန်နည်းနည်းတော့ ယူဖို့လိုတယ်
အရာရာကို စဉ်းစားဆင်ခြင်ဖို့ အချိန်
မြူပ်ကွက်တွေရဲ့ အဓိပ္ပာယ်ကို ဖောက်ထုတ်နိုင်မှဖြစ်မယ်
အရွယ်ကြီးရင့်လာတဲ့အခါ အသုံးချဖို့ လိုအပ်လာခဲ့သော်...။
ငါ တက်ရမယ့် ပေဟာဒီတောင်တန်းဟာ
ငါ့ပခုံးပေါ်မှာ ကမ္ဘာကြီးတစ်ခု ထမ်းထားရသလိုပါ
တိမ်တွေကြားထဲက...အချစ်ရဲ့တောက်ပမှုကို ငါမြင်နေရ
ဘဝက ပိုမိုအေးစက်လာတဲ့အခါလည်း
သူကပဲ ငါ့ကို နွေးထွေးနေစေလိမ့်မယ်။

ငါ့ဘဝမှာ နလုံးသားဒဏ်ရာနဲ့ နာကျင်မှုတွေ ကြုံခဲ့ရပြီးပါပြီ၊
ဒါကို နောက်ထပ် ရင်ဆိုင်နိုင်ပါဦးမလား ... ငါမသိ
အခုမှတော့ တားဆီးလို့လည်း မရတော့
ဒီ... အထီးကျန်ဘဝကို ပြောင်းလဲပစ်ဖို့
ငါ... တော်တော်ကြီး ခရီးပေါက်ခဲ့ပြီမို့ပါ။

အချစ်ဟာ ဘာလဲလို့ ငါ သိချင်လှတယ်
မင်းပဲ ငါ့ကို ပြပေးစမ်းပါ
အချစ်ဟာ ဘာလဲလို့ ငါ ခံစားကြည့်ချင်လှတယ်
မင်း ငါ့ကို ပြပေးနိုင်မယ်ဆိုတာ ငါ သိပါတယ်။

- ဂျူး - နိုဝင်ဘာမိုး

ငါ အချိန်နည်းနည်းတော့ ယူဦးမှ
ဘေးပတ်ပတ်လည်ကို အကဲခတ်ဖို့ အချိန်
ပုန်းကွယ်စရာလည်း ဘယ်နေရာမှ မကျန်တော့ပါဘူးလေ
အချစ်ဟာ နောက်ဆုံးမှာတော့ ငါ့ကိုတွေ့သွားပြီနဲ့ တူပါရဲ့။

ငါ့ဘဝမှာ နလုံးသားဒဏ်ရာနဲ့ နာကျင်မှုတွေ ကြုံခဲ့ရပြီးပါပြီ
ဒါကို နောက်ထပ်ရင်ဆိုင်နိုင်ပါဦးမလား … ငါ မသိ၊
အခုမှတော့ တားဆီးလို့လည်း မရတော့
ဒီ အထီးကျန်ဘဝကို ပြောင်းလဲပစ်ဖို့
ငါ တော်တော်ကြီး ခရီးပေါက်ခဲ့ပြီမို့ပါ။

အချစ်ဟာ ဘာလဲလို့ ငါသိချင်လှတယ်
မင်းပဲ ငါ့ကို ပြပေးစမ်းပါ
အချစ်ဟာ ဘာလဲလို့ ငါ ခံစားကြည့်ချင်လှတယ်
မင်း ငါ့ကိုပြပေးနိုင်မယ်ဆိုတာ ငါသိပါတယ်။

'ဘုရားသခင်… ကျွန်မကို ကူညီပါ
ကျွန်မ လျှောက်နေတဲ့ခရီးမှာ ကြံ့ကြံ့ခံနိုင်ဖို့
တကယ်လို့ ကျွန်မအထီးကျန် … လမ်းပျောက်သွားခဲ့ရင်
ကျွန်မကို ရှာပေးပါ။'
အခုပဲ ငါ ခရီးစခဲ့ပြီ
နောက်ပြီး ငါတစ်ယောက်တည်း မဟုတ်ပါလား။
ငါ သိချင်လှတယ်။

အချစ်ဟာ ဘာလဲလို့ ငါသိချင်လှတယ်
မင်းပဲ ငါ့ကို ပြပေးစမ်းပါ

အချစ်ဟာ ဘာလဲလို့ ငါ ခံစားကြည့်ချင်လှတယ်
မင်း ငါ့ကိုပြပေးနိုင်မယ်ဆိုတာ ငါသိပါတယ်။

အချစ်အကြောင်း ဖွဲ့ဆိုတဲ့နေရာမှာ တော်တော်ပီပြင်တဲ့ သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။ ဒီသီချင်းကို ရေးစပ်သူက M.Jones လို့ သိရပါတယ်။

လူတစ်ယောက်ဟာ အချစ်ကို ရင်ဆိုင်ဖို့ အချိန်တွေ ယူရမယ်၊ ပြင်ဆင်ရမယ်၊ ဘာညာဆုံးဖြတ်ချက်တွေနဲ့ စဉ်းစားနေတုန်း တွေဝေနေတုန်းမှာပဲ အချစ်ဟာ သူ့ရင်ထဲကို ခိုင်ခိုင်မာမာ အမြစ်တွယ်ပြီးသား ဖြစ်သွားတတ်ပါတယ်။ အချစ်ဆိုတာ ရှာဖွေလို့ မရနိုင်ဘူး၊ အဲဒီလိုပဲ အချစ်ဟာ ကာကွယ်လို့လည်း မရပါဘူး၊ ဟန်ဆောင်လို့သာ ရချင်ရနိုင်ပါမယ်၊ မလျှောက်ရဲတဲ့ လမ်းတစ်ခုကို လျှောက်မိပြီးသား ဖြစ်နေတာ၊ အဲဒါ … အချစ်ပါပဲ။ ပြီးမှ ဘုရားသခင်ဆီမှာ ဆုတောင်းမိရင် ဆုတောင်းမိမယ်ပေါ့။

သီချင်းစာသားရဲ့ အဓိပ္ပာယ်လေးက လေးနက်စွာ လှပသလို သီချင်းသံစဉ် တေးသွားနဲ့ သီဆိုဟန်ကလည်း တော်တော်လှပပါတယ်။

ဒီသီချင်းကို အမျိုးသားအဆိုတော်တစ်ယောက် ဆိုခဲ့တာလည်း ကြားဖူးပါတယ်။ အမျိုးသား ဆိုတဲ့အခါလည်း ခံစားလို့ သိပ်ကောင်းတဲ့သီချင်းပါပဲ။ အဲဒီသီချင်းကိုပဲ တေးရေးဆရာ မင်းချစ်သူက 'တားဆီးမရနိုင်တာ အချစ်' လို့ ခေါင်းစဉ်ပေးပြီး သီချင်းတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ သီဆိုသူက ဇော်ဝင်းထွဋ်…။ ဇော်ဝင်းထွဋ် ဆိုတဲ့အခါမှာလည်း အလွန်ဆွဲဆောင်မှုရှိတဲ့ သီချင်းတစ်ပုဒ်ဖြစ်သွားခဲ့တာပဲ။

အခုဖော်ပြလိုက်တဲ့ သီချင်းက အမျိုးသမီးအဆိုတော် Tina Arena ရဲ့ မူ ဖြစ်ပါတယ်။

အချစ်ကို ရှောင်တိမ်းရင်း ပုန်းကွယ်ရင်းကနေ နောက်ဆုံးတော့ အချစ်က ကိုယ့်ကို တွေ့သွားမိသွားတဲ့အခါ ကူကယ်ရာမဲ့စွာ အချစ်ထဲမှာ နစ်ဝင်သွားတဲ့

- ဂျူး - နိုဝင်ဘာမိုး

မိန်းမတစ်ယောက်ရဲ့ စိတ်ခံစားမှုကို တီနာ အရီနာက အပီပြင်ဆုံး သရုပ်ဖော်ပြီး သီဆိုသွားခဲ့တာ ဖြစ်ပါတယ်။ ဂီတချစ်သူအားလုံး ခံစားကြရမယ့် သီချင်းတစ်ပုဒ်လို့ ဆိုနိုင်ပါတယ်။



- ဂျူး - နိုဝင်ဘာမိုး



**SEASON IN THE SON**

Westlife

Goodbye to you my trusted friend
We've known each other since we were nine or ten
Together we've climbed hills and trees
Learned of love and ABC,
Skinned our hearts and skinned our knees

Goodbye my friend it's hard to die
When all the birds are singing in the sky
Now that spring is in the air
Pretty girls are everywhere, Think of me and I'll be there

We had joy, we had fun, we had seasons in the sun
But the hills that we climbed were just seasons out of time.

Goodbye Papa please pray for me
I was the black sheep of the family
You tried to teach me right from wrong
Too much wine and too much song, wonder how I got along
Goodbye Papa it's hard to die
When all the birds are singing in the sky
Now that the spring is in the air
Little children everywhere

When you see them, I'll be there

We had joy, we had fun, we had seasons in the sun
But the wine and the song like the seasons have all gone

Goodbye Michelle my little one
You gave me love and helped me find the sun
And every time that I was down
You would always come around,
And get my feet back on the ground.
Goodbye Michelle it's hard to die
When all the birds are singing in the sky
Now that the spring is in the air
With the flowers everywhere,
I wish that we could both be there.

We had joy, we had fun, we had seasons in the sun
But the stars we could reach were just starfish on the beach.

***

**နေရောင်အောက် ရာသီများ**
Westlife

နှုတ်ဆက်လိုက်ပါတယ် ကိုယ့်အယုံကြည်ရဆုံး သူငယ်ချင်း
တို့ တစ်ယောက်နဲ့တစ်ယောက် နားလည်ရင်းနှီးခဲ့ကြတာ
ကိုးနှစ် ၁၀နှစ်သားအရွယ်ကတည်းကပါ
တို့အတူတူ တောင်ကုန်းတွေကို တက်ခဲ့ကြ၊ သစ်ပင်တွေကို တက်ခဲ့ကြ
ချစ်ခြင်းကို သင်ယူပြီးခဲ့ အေဘီစီကို သင်ယူပြီးခဲ့
ဒူးဆစ်က အရေပြားတွေ ပွန်းကွာခဲ့သလို
တို့နှလုံးသား အပေါ်ယံလွှာတွေကိုလည်း ခွာချခဲ့ကြတယ်။
နှုတ်ဆက်လိုက်ပါတယ် သူငယ်ချင်း
ကောင်းကင်ထဲမှာ ငှက်ကလေးတွေအားလုံး တေးဆိုနေကြတဲ့အခါမျိုးမှာ
ကိုယ်သေရမှာ ခက်လှပါရဲ့။
လေထုထဲမှာလည်း ငှက်ကလေးတွေအားလုံး တေးဆိုနေကြတဲ့အခါမျိုးမှာ
ကိုယ်သေရမှာ ခက်လှပါရဲ့။
လေထုထဲမှာလည်း စပရင်းရာသီ ရောက်လာနေပြီ။
နေရာတိုင်းမှာ မိန်းမလှလေးတွေ ... ကိုယ့်ကို သတိရလိုက်ပါ။
အဲဒီမှာ ကိုယ်ရှိနေပါလိမ့်မယ်။

ပျော်စရာတွေ တို့ကြုံခဲ့ကြပြီးပြီ၊ ရွှင်စရာတွေလည်း တို့ကြုံခဲ့ကြပြီးပြီ၊
နေရောင်အောက်က ရာသီတွေကိုလည်း တို့ရခဲ့ပြီးပါပြီ။
ဒါပေမဲ့ တို့တက်ခဲ့ကြတဲ့ တောင်ကုန်းတွေဟာ
တကယ်တော့ အချိန်ကာလထဲက ရာသီတွေမျှသာ ဖြစ်ခဲ့ပေါ့။

နှုတ်ဆက်လိုက်ပါတယ် ဖေဖေ၊

- ဂျူး - နိုဝင်ဘာမိုး

ကျွန်တော့်အတွက် တောင်းဆုသာ ပြုရစ်ပါတော့။
ကျွန်တော်ဟာ မိသားစုထဲမှာ သားဆိုးတစ်ယောက်ဖြစ်ခဲ့ပါတယ်။
ကျွန်တော့်အမှားတွေကို အမှန်ပြင်နိုင်အောင် သင်ပေးဖို့
ဖေဖေကတော့ ကြိုးစားခဲ့ပါရဲ့။
များလွန်းလှတဲ့ ဝိုင်အရက်တွေ၊ များလွန်းလှတဲ့ သီချင်းတွေထဲ၊
ကျွန်တော်ဘယ်လိုများ နစ်မျောခဲ့ပါလိမ့်။
နှုတ်ဆက်လိုက်ပါတယ် ဖေဖေ။
ကောင်းကင်ထဲမှာ ငှက်ကလေးတွေ အားလုံးတေးဆိုနေကြတဲ့အခါမျိုးမှာ
ကျွန်တော် သေရမှာ ခက်လှပါရဲ့။
လေထုထဲမှာလည်း စပရင်းရာသီ ရောက်လာနေပြီ။
နေရာတိုင်းမှာ ကလေးလေးတွေ...၊
သူတို့ကို ဖေဖေမြင်တဲ့အခါ ... အဲဒီမှာ ကျွန်တော်ရှိနေပါလိမ့်မယ်။

ပျော်စရာတွေလည်း ကျွန်တော်တို့ ကြုံခဲ့ပြီးပြီ၊
ရွှင်စရာတွေလည်း ကျွန်တော်တို့ ကြုံခဲ့ပြီးပြီ၊
နေရောင်အောက်က ရာသီတွေကိုလည်း ကျွန်တော်တို့ ရခဲ့ပြီးပါပြီ။
ဒါပေမဲ့ ဝိုင်အရက်တွေနဲ့ သီချင်းတွေကတော့
ရာသီတွေလိုပဲ ကုန်ဆုံးသွားခဲ့ပေါ့။

နှုတ်ဆက်လိုက်ပါတယ် မီရှဲလ် ကိုယ့်ကလေးရယ်၊
မင်းဟာ ကိုယ့်ကို အချစ်တွေပေးအပ်ခဲ့၊
နေကို တွေ့အောင်ရှာဖို့ ကူညီလမ်းပြခဲ့တယ်။
ကိုယ် လဲပြိုကျတဲ့အခါတိုင်းပဲ အနားကို မင်းရောက်လာမြဲ၊
မြေပြင်ပေါ်မှာ မတ်မတ်ပြန်ရပ်နိုင်အောင် မင်းကူညီခဲ့တယ်။
နှုတ်ဆက်လိုက်ပါတယ် မီရှဲလ်
ကောင်းကင်ထဲမှာ ငှက်ကလေးတွေ အားလုံး တေးဆိုနေကြတဲ့အခါမျိုးမှာ

- ဂျူး - နီဝင်ဘာမိုး

ကိုယ် သေရမှာ ခက်လှပါရဲ့၊
လေထုထဲမှာလည်း စပရင်းရာသီ ရောက်လာနေပြီ၊
နေရာတိုင်းမှာ ပန်းတွေနဲ့ ပန်းတွေသာ ...၊
အဲဒီမှာ ကိုယ်တို့နှစ်ယောက် ရှိနေချင်လှပါရဲ့။

ပျော်စရာတွေလည်း တို့ကြုံခဲ့ကြပြီးပြီ၊ ရွှင်စရာတွေလည်း တို့ကြုံခဲ့ကြပြီးပြီ၊
နေရောင်အောက်က ရာသီတွေကိုလည်း တို့ရခဲ့ကြပြီးပါပြီ။
ဒါပေမဲ့ တို့ရခဲ့တဲ့ ကြယ်တွေဆိုတာ...
ကမ်းခြေက ကြယ်ငါးတွေမျှသာ ဖြစ်ခဲ့ပေါ့။
***

ဘယ်တော့မှ ရိုးမသွားမယ့် သီချင်းဟောင်းလေးတစ်ပုဒ် ဖြစ်ပါတယ်။ အခုအခါ Westlife အဖွဲ့က ပြန်လည်သီဆိုထားတာပါ။ ဒီသီချင်းကို ရေးစပ်ခဲ့သူက မူရင်းအဆိုတော် Terry Jacks ပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် သုံးဆယ်လောက်က တယ်ရီဂျက်(ခ်) ကိုယ်တိုင် သီဆိုခဲ့တဲ့ ဒီသီချင်းကို မြန်မာပြည်က ဂီတချစ်သူ ပရိသတ်တိုင်း သိပြီးသား ဖြစ်ပါလိမ့်မယ်။

တယ်ရီဂျက်(ခ်) ဟာ ဒီသီချင်းကို သူအလွန်ချစ်တဲ့ သူငယ်ချင်း တစ်ယောက် အပေါ် သတိရလွမ်းဆွတ်စွာ ရေးဖွဲ့ခဲ့တာလို့ သိရပါတယ်။ သူငယ်ချင်းဟာ ငယ်ငယ်ရွယ်ရွယ် ဘဝရဲ့ အပျော်ရွှင်နိုင်ဆုံး ကာလမှာ သွေးကင်ဆာရောဂါနဲ့ သေဆုံးသွားခဲ့ရတယ်။ ကြည်နူးစရာ သူတို့ငယ်ဘဝလေးကို ပြန်တမ်းတရင်း ကြေကွဲစွာ သီဆိုခဲ့တဲ့ ဒီသီချင်းလေးဟာ နားထောင်သူရဲ့ ရင်ထဲကို ထိခိုက်စွာ ငြိတွယ်သွားစေပါတယ်။

- ဂျူး - နိုဝင်ဘာမိုး

ဒီသီချင်းကို မြန်မာပြည်သိန်းတန်က 'အမှောင်ကမ္ဘာထဲက မောင့်ဝိညာဉ်' ဆိုတဲ့နာမည်နဲ့ သီဆိုခဲ့ဖူးတယ်။

Nana Mouskuri ဆိုတဲ့ အမျိုးသမီးအဆိုတော်တစ်ယောက်လည်း စာသားတွေ တစ်လုံးမှ မပြင်ဘဲ မူရင်းအတိုင်း သီဆိုသွားခဲ့ဖူးပါတယ်။

ပျော်ရွှင်တတ်တဲ့ လူငယ်ကလေးတစ်ယောက်၊ ကြည်လင်တဲ့ အပြုံးလေးနဲ့ ဂီတကို ချစ်တဲ့ လူငယ်လေးတစ်ယောက် နေသာချိန်မှာ နေကွယ်ရတော့မယ့် အဖြစ်မျိုးနဲ့ သူ့နောက်ဆုံးနေ့တွေကို ရေတွက်နေရတဲ့ စိတ်ထိခိုက်စရာ မြင်ကွင်းလေးကို မြင်ယောင်လာစေတဲ့ သီချင်းလေးပါ။ သေခြင်းတရားကို ရင်ဆိုင်ရတာ ဘယ်လောက်များ နာကျင်ခက်ခဲလိုက်လေမလဲ။ အထူးသဖြင့် နုပျိုငယ်ရွယ်တုန်းအချိန် လောကကြီးတစ်ခုလုံး သာယာလှပနေတဲ့ အချိန်မျိုးမှာပေါ့။ အထူးသဖြင့် ကိုယ်ချစ်တဲ့သူတွေ၊ ကိုယ့်ကိုချစ်တဲ့သူတွေနဲ့ အပျော်ရွှင်ဆုံး နေရောင်အတောက်ပဆုံး ကာလမျိုးမှာပေါ့။

- ဂျူး - နိဝင်ဘာမိုး



- ဂျူး - နိုဝင်ဘာမိုး



## THE CLOCK TICKS ON

Blackmore’s Night

As the wind chimes play along the breeze singing songs to stir the soul,
Rainbow colours entwined in fairytales on the May-pole.
Sing the song of lands from
far away other times and another place.
The wind can carry us all the way
from here charmed in her embrace.

Leaves turn to red, the nights are getting colder
Seasons will change, the clock ticks on.
Leaves sill at trees as the days are getting warmer
Days turn to years, the clocks ticks on.

Cloak and dagger, no fear of freedom
When hearts beat in another time ever changing
the clock ticks on only in your mind.
The wind's started and the chimes are still again
The trees stand tall as they cover me in shade
In the mirror a maiden stares at me as the secret fades.

Leaves turn to red, the nights are getting colder

Seasons will change, the clock ticks on.
Leaves sill at trees as the days are getting warmer
Days turn to years, the clocks ticks on.

And though the clock ticks on to the future
It's in the past my heart will stay
In a time so far away from me
I'll return someday.

***

(Ritchie Blackmore) တစ်ယောက် ၁၆ ရာစုနဲ့ ၁၇ ရာစု (၁၅၀၀ ကနေ ၁၆၅၀ အတွင်း) က ဥရောပဂီတကို နှစ်သက်စွဲမက်စွာ ပြန်လည်ခံစား တီးခတ်ချင်နေခဲ့တာ ကြာပါပြီ။ သူကိုယ်တိုင်က Rock n' Roll ဂီတအဖွဲ့ထဲမှာ စွဲမြဲစွာ လှုပ်ရှားနေတဲ့သူမို့ သူ့ဆန္ဒတွေကို အကောင်အထည်ဖော်ဖို့ အချိန်သီးသန့် မရခဲ့ဘူး။ သူ့အဆိုအရတော့ အဲဒီ ၁၅၀၀ နှစ်ပိုင်းလောက်က ဂီတ အချို့ဟာ အခုခေတ် ရော့ခ်ဂီတနဲ့ တောင်တော်ဆင်တူပါတယ်တဲ့။

၁၉၈၉ ခုနှစ်မှာတော့ သူ အနှစ်နှစ်ဆယ်လောက် ဆန္ဒထက်သန်ခဲ့တဲ့ ၁၅၀၀ ခုနှစ် ဂီတကို သူ့ဂစ်တာနဲ့ ပြန်လည်ခံစားဖွဲ့ဆိုနိုင်ဖို့ လမ်းစရခဲ့ပြီပေါ့။

အဲဒီနှစ်မှာပဲ သူ့ရင်ထဲက ဂီတကို အသံနဲ့ဘာသာပြန်ထုတ်လွှင့်ပေးမယ့် ကြားခံနလုံးသားပိုင်ရှင်တစ်ဦးကို သူတွေ့ခဲ့ရတယ်။ အဲဒီမိန်းကလေးကတော့ Candice Night ပါပဲ။

- ဂျူး - နိုဝင်ဘာမိုး

Candice Night ဟာ အဲဒီတုန်းက Long Island က ရေဒီယိုအသံလွှင့်ဌာနမှာ အလုပ်လုပ်နေတဲ့ ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ပေါ့။ Deep Purple တီးဝိုင်းကို Gun N' Roses, Aerosmith စတဲ့ တီးဝိုင်းတွေနဲ့အတူ စင်တင်ပွဲတစ်ခု ကြည့်ခဲ့ပေမယ့် Deep Purple အဖွဲ့ကို ရူးသွပ်တဲ့ အမာခံပရိသတ် တစ်ယောက်တော့ မဟုတ်ဘူး။

ကင်းဒစ်စ်ဟာ ရစ်ချီရဲ့ ရင်ထဲက ထုတ်ချင်တဲ့ ဖန်တီးမှုတွေကို သဘောပေါက် လွယ်ခဲ့တယ်။ ရစ်ချီရဲ့ ဂီတကို ခံစားပြီး အသံနဲ့ မျှဝေနိုင်ခဲ့တယ်။ သူတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားပြီးတဲ့နောက် ကင်းဒစ်စ်ဟာ ရစ်ချီရဲ့အရောင်တင်ပေးမှုကြောင့် ထူးခြားပြောင်မြောက်တဲ့ အဆိုတော်တစ်ယောက် ဘဝကို ရောက်လာခဲ့တော့တယ်။

ရစ်ချီဟာ ၁၆ ရာစုဂီတကို အခြေခံတဲ့ သူ့ဂီတကို ဂျစ်ပစီဟန်နဲ့ ပြေပြေပြစ်ပြစ် ပေါင်းစပ်ပြီး ငြိမ့်ငြိမ့်အေးအေးနဲ့ မြိုင်ဆိုင်တဲ့ ဂီတသစ်တစ်ခု ဖန်တီးနိုင်ခဲ့ပြီလို့ ပြောနိုင်ပါတယ်။

သူ့ဂီတသစ်ကို မသိရသေးခင်မှာတော့ သူ့လုပ်ရပ်ဟာ ၂၀ရာစု ဟဲဗီးရော့ခ်ကနေ ၁၆ ရာစုဆီကို ပြန်သွားတဲ့ ခပ်ကြောင်ကြောင် ခေတ်နောက်ပြန်ဆွဲသမားလို့ ထင်စရာပဲပေါ့။

တကယ်လည်း သူချိုးကွေ့လိုက်တဲ့ လမ်းချိုး Turning Point ဟာ ဘေးကကြည့် ရသူအဖို့ မယုံကြည်နိုင်စရာ စွန့်စားခန်းပါပဲ။ လူပြိန်းစကားနဲ့ ပြောရရင် 'ထူးဆန်းလှတယ်' လို့ ဆိုရမယ်။

သူ ရခဲ့လိုက်တဲ့ ဂီတစွမ်းအားတစ်ခုကို ပရိသတ်ကို မျှဝေပေးဖို့ စေတနာအပြည့်နဲ့ သူ လုံ့လစိုက်ဖန်တီးခဲ့တာပါ။

- ဂျူး - နိုဝင်ဘာမိုး

The Clock Ticks On သီချင်း ပါဝင်တဲ့ Shadow of the Moon အယ်လ်ဘမ်ကို နားထောင်ကြည့်ရင် ရစ်ချီဘာကို ရသွားခဲ့သလဲဆိုတာ ကိုယ်တိုင် နားလည်ခံစားလာနိုင်ပါလိမ့်မယ်။

***

- ဂျူး - နိုဝင်ဘာမိုး



- ဂျူး - နိုဝင်ဘာမိုး